ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

# ဗုဒ္ဓဘာသာတရားတော်

(အထက်တန်းအဆင့်)

# အနှစ်ချုပ်


သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ-၂၅၄၀ ကောဇာ-၁၃၅၈ ခရစ်-၁၉၉၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

# ဗုဒ္ဓဘာသာတရားတော်

(အထက်တန်းအဆင့်)

# အနှစ်ချုပ်


သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

[illegible]-၂၅၄၀ ကောဇာ-၁၃၅၈ ခရစ်- ၁၉၉[illegible]

# ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့်
# အနှစ်ချုပ်

ပထမအကြိမ်ပုံနှိပ်ခြင်း   ၁၉၉၇–ခုနှစ် အုပ်ရေ ၁၀၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်–၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။

၂၄၃၀၆

# ဗုဒ္ဓဘာသာတရားတော်

(အထက်တန်းအဆင့်)

# အနှစ်ချုပ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ရာခိုင်နှုန်းကိုးဆယ်မျှသော နိုင်ငံသူ နိုင်ငံသားတို့သည် မိဘဘိုးဘွားအစဉ်အဆက်မှစ၍ ဗုဒ္ဓဘာသာကို ယုံကြည်မြတ်နိုးစွာကိုးကွယ်ဆည်းကပ်လာခဲ့ကြသူများဖြစ်၏၊ ဗုဒ္ဓဘာသာသည် လူတိုင်း လူတိုင်းအား ကိုယ်ကျင့်တရား စောင့်ထိန်းပြီး မိမိ၏ကြီးပွားချမ်းသာရေးကို မိမိ၏ ကံ ဉာဏ် ဝီရိယဖြင့် ဖန်တီး ဖော်ဆောင်ရန်လည်းကောင်း၊ သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာ ကရုဏာနှင့် ကိုယ်ချင်းစာတရား ထားရှိပြီး မိမိပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကိုလည်း တတ်စွမ်းသမျှ ဆောင်ရွက်ကြရန်လည်းကောင်း လမ်းညွှန်ပေးသော ဘာသာတရားဖြစ်၏၊ နိုင်ငံတစ်နိုင်ငံ၌ ပြည်သူပြည်သား အများစုဝို့က ဗုဒ္ဓဘာသာ၏ လမ်းညွှန်

ချက်နှင့်အညီ လိုက်နာနေထိုင်ကြမည်ဆိုလျှင် ထိုနိုင်ငံသည် အေးချမ်းသာယာ၍ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံဖြစ်လာမည်မှာ သေချာလှပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အား အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သည် အထက်ပါအချက်ကို ကောင်းစွာ သဘောသက်ဝင်မိသည် ဖြစ်၍ တောင်တန်းနှင့်နယ်စပ်ဒေသများမှစ၍ နိုင်ငံတော် တစ်ဝန်းလုံး၌ ဗုဒ္ဓဘာသာတရားတော်များ ပြန့်ပွားရေးကို အထူးအားပေးလျက်ရှိပေသည်၊ နိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနကလည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် လူငယ် လူလတ် လူကြီးများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်မည့် ဗုဒ္ဓဘာသာတရားတော် စာအုပ်များကို အဆင့်သုံးဆင့်ခွဲကာ ရေးသားပြုစု၍ ထုတ်ဝေ ဖြန့်ချိခဲ့လေသည်။

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များ ရေးသားပြုစု၍ သာသနာရေးဝန်ကြီးဌာနက ထုတ်ဝေဖြန့်ချိပေးခဲ့သော ဗုဒ္ဓဘာသာတရားတော် စာအုပ်များမှာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားပြီး အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေခဲ့

ပါသည်။ သို့ရာတွင် ဤသို့ စာအုပ်များ ဖြန့်ချိပေးရုံမျှဖြင့် ကျေနပ်မနေဘဲ ထိုစာအုပ်များကို အခြေခံသော သင်တန်းများ ဖွင့်လှစ်ပေးရန်လည်း လိုအပ်ကြောင်း နိုင်ငံတော် အကြီးအကဲက ထပ်မံလမ်းညွှန်ခဲ့ ပြန်ပါသည်။

သို့ဖြစ်သည်နှင့်အညီ ၁၉၉၆–ခုနှစ်၊ နွေရာသီတွင် ပြည်နယ်နှင့် တိုင်း(၁၄)ခုတို့၌ ဗုဒ္ဓဘာသာတရားတော် (အခြေခံ အဆင့်) သင်တန်းများ ကျယ်ပြန့်စွာ ဖွင့်လှစ်ခဲ့ရာ ကျောင်းသူ ကျောင်းသား အများစုနှင့် အရပ်သူ အရပ်သားများ အပါအဝင် သင်တန်းသား(၁၅)သိန်းမျှ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ထိုသင်တန်းများ ဖြစ်မြောက်ရေးကို သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်နယ် တိုင်းအသီးသီးမှ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဆင့်ဆင့်တို့က ပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက တာဝန်ယူ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာတရားတော်သင်တန်းများ ဖွင့်လှစ်ရာတွင် သင်တန်းဆရာများ၏ အခန်းကဏ္ဍမှာလည်း လွန်စွာအရေးကြီးပါသည်။ လွန်ခဲ့သည့်နှစ်က တစ်နိုင်ငံလုံးတွင် သင်တန်းဌာနပေါင်းများစွာ ဖွင့်လှစ်ခဲ့ရာ သင်တန်း ဆရာများ မြောက်မြားစွာ လိုအပ်ခဲ့ပါသည်။ ထိုလိုအပ်သော သင်တန်းဆရာများ လုံလောက်စွာ ရရှိနိုင်စေ ရန်အတွက် သာသနာရေးဝန်ကြီးဌာန၌ ရှေးဦးစွာ နည်းပြ သင်တန်း

တစ်ခု ဖွင့်လှစ်ပေးပြီး ထိုနည်းပြသင်တန်း ဆင်းများကို ပြည်နယ်၊ တိုင်းအသီးအသီးသို့ စေလွှတ်၍ ဆင့်ပွားနည်းပြ သင်တန်းများ ဖွင့်လှစ်စေခဲ့ရပါသည်၊ ပြည်နယ် နှင့်တိုင်း အသီးအသီးရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ တို့က ဆင့်ပွါးနည်းပြသင်တန်းများသို့ တက်ရောက်ပြီး အခြေခံသင်တန်းများကို တာဝန်ယူ၍ သင်ကြားပို့ချ ပေးခဲ့ကြပါသည်။

ဤသို့အားဖြင့် ၁၉၉၆–ခုနှစ် နွေရာသီတွင် ဗုဒ္ဓဘာသာ တရားတော် (အခြေခံအဆင့်) သင်တန်းများကို တစ်နိုင်ငံလုံး၌ ကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ယခု ၁၉၉၇–ခုနှစ် နွေရာသီတွင်မူ ဗုဒ္ဓဘာသာတရားတော် (အထက်တန်း အဆင့်) သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ် ဆောင်ရွက်ခဲ့ကြပါသည်။ ဗုဒ္ဓဘာသာတရားတော် (အထက် တန်းအဆင့်) တွင် သင်ကြားရမည့်အကြောင်းအရာများမှာ အခြေခံအဆင့်တွင် သင်ကြားခဲ့ရသည့် အကြောင်းအရာများ ထက် ပို၍ကျယ်ပြန့် နက်နဲခက်ခဲ လာပါသည်၊ ယခုနှစ် သင်တန်းများ ဖွင့်လှစ်ရန်အတွက်လည်း ယမန်နှစ် ကနည်းတူ သာသနာရေးဝန်ကြီးဌာန၌ ဗုဒ္ဓဘာသာတရားတော်များ စာအုပ်တို့ကို ရေးသားပြုစုခဲ့ကြသည့် အကြံပေးပုဂ္ဂိုလ်များ ကိုယ်တိုင် ကြီးကြပ်သင်ကြားသော နည်းပြသင်တန်းကို ရှေးဦးစွာ ဖွင့်လှစ်ခဲ့ပါသည်။ ထိုနည်းပြ သင်တန်းဆင်းပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်က သင်တန်းအဆင့်ဆင့်တွင် သင်တန်း ဆရာများနှင့်

သင်တန်း သားများ လွယ်ကူစွာ ကိုင်ဆောင်နိုင်ကြစေရန် အတွက် **သင်တန်းလက်စွဲ စာအုပ်တစ်အုပ်** ရေးသားပြုစုပေးရန် လိုအပ်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များသည် အထက်ပါ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ မှတ်ချက်နှင့်အညီ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) စာအုပ်ပါ အခန်း(၁၁)ခန်းတို့မှ အရေးကြီးသော အကြောင်းအရာများကို လိုရင်းထုတ်နုတ် အနှစ်ချုပ်၍ ရေးသားပြုစုခဲ့ကြပါသည်၊ ဤဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) အနှစ်ချုပ် **သင်တန်းလက်စွဲစာအုပ်** သည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) သင်တန်းများသို့ တက်ရောက်ကြမည့် သင်တန်းသူ သင်တန်းသားများနှင့်တကွ သင်တန်းဆရာများ အတွက်ပါ ကြီးမားသော အထောက်အကူ ဖြစ်ပေလိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးအားဖြင့် သင်တန်းသူ သင်တန်းသားများသည် ဤစာအုပ်ငယ်ကို လက်စွဲပြုလျက် သင်တန်း၌ ဆရာ၏ ရှင်းလင်း ဟောပြောချက်များကိုလည်း ဂရုတစိုက် နာယူမှတ်သားခြင်းဖြင့် သင်ခန်းစာပါ ဗုဒ္ဓဘာသာတရားတော်များကို ကောင်းစွာနားလည် သဘောပေါက် လာကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အကြံပေးပုဂ္ဂိုလ်များ**

သာသနာရေးဝန်ကြီးဌာန

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း (၁)


၁။ ပါဠိပါဠ်ဆင့် ရေးနည်း ဖတ်နည်း ၁


## အခန်း (၂)


၂။ ဘုရားဖြစ်ရန် ကျင့်စဉ်များ

- ပါရမီ ၁၀–ပါး၊ ၅
- ပါရမီ အပြား (၃၀) ၆
- ဘုရားလောင်း ၃–မျိုး ၆
- ကမ္ဘာ ၅–မျိုး ၇
- ဘုရားလောင်းဖြစ်ရန် အင်္ဂါ (၈)ပါး ၈
- စွန့်ခြင်းကြီးငါးပါး ၉
- စရိယာ (၃)ပါး ၁၁
- မြတ်စွာဘုရား၏ ဉာဏ်တော်များ ၁၃
- ၃၂–ပါးသော လက္ခဏာတော်ကြီးများ ၁၈
- အောင်ခြင်း ရှစ်ပါး ၂၅

[ ၈ ]          အထက်တန်းအဆင့် အနှစ်ချုပ်

စဉ်          အကြောင်းအရာ

## အခန်း (၃)

### ၃။ ဂုဏ်တော်အဖွင့်များများ

- ဘုရားဂုဏ်တော် (၉)ပါး
- တရားဂုဏ်တော် (၆)ပါး
- သံဃာ့ဂုဏ်တော် (၉)ပါး
- အလှူရှင်အတွက် အရေးကြီးသော
  အင်္ဂါ သုံးရပ်
- ဂုဏ်တော်ပွားနည်း လမ်းညွှန်
- ဂုဏ်တော်ပွားရကျိုးများ
- သရဏဂုံအကြောင်း
- သရဏဂုံအဓိပ္ပါယ်
- ဗုဒ္ဓဘာသာအဖြစ်ခံယူခြင်း
- ဗုဒ္ဓလက်ထက်က သရဏဂုံ
  ဆောက်တည်ပုံ ၄–မျိုး
- သရဏဂုံတည် မတည်၊ ပျက်, မပျက်
- သရဏဂုံညစ်နွမ်းခြင်း
- သရဏဂုံဆောက်တည်ရကျိုးများ
- ဥပါသကာ ဥပါသိကာအကြောင်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဥပါသကာ ဥပါသိကာတို့၏ ကိုယ်ကျင့်သီလ | ၆၅ |
| – | အသက်မွေးဝမ်းကျောင်း(၅)မျိုး | ၆၆ |
| – | ဥပါသကာယုတ်၊ ဥပါသကာမြတ် အင်္ဂါ(၅)ပါး | ၆၆ |
| – | ဥပါသကာဆုတ်ယုတ်ကြောင်း (၇)မျိုး | ၆၇ |
| – | ဥပါသကာဂုဏ်ရည် (၁၀)မျိုး | ၆၈ |

## အခန်း (၄)

### ၄။ ကံနှင့်ကံ၏အကျိုး

| | | |
|---|---|---|
| – | ကံ၏အဓိပ္ပါယ် | ၇၁ |
| – | ကံနှင့်စေတနာ | ၇၁ |
| – | အတိတ်ပစ္စုပ္ပန်ကံနှစ်တန် | ၇၂ |
| – | ကုသိုလ်ကံနှင့် အကုသိုလ်ကံ | ၇၃ |
| – | လုပ်ဆောင်မှုကိစ္စအရ ကံ(၄)မျိုး | ၇၄ |
| – | အကျိုးပေးစဉ် ပါကဒါနအရ ကံ(၄)မျိုး | ၇၆ |
| – | ကံလေးမျိုးတို့အကျိုးပေးပုံ | ၇၉ |
| – | အကျိုးပေးချိန် ပါကကာလအရ ကံ(၄)မျိုး | ၇၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | အကျိုးပေးရာဘုံဘဝ ပါကဋ္ဌာနအရ ကံ(၄)မျိုး | ၇၂ |
| | အပါယ် (၄)ဘုံ | ၇၃ |
| – | ကာမသုဂတိ (၇)ဘုံ | ၇၄ |
| | ပထမဈာန် (၃)ဘုံ | ၇၄ |
| | ဒုတိယဈာန (၃)ဘုံ | ၇၄ |
| | တတိယဈာန် (၃)ဘုံ | ၇၅ |
| | စတုတ္ထဈာန် (၃)ဘုံ | ၇၅ |
| | သုဒ္ဓါဝါသ (၅)ဘုံ | ၇၅ |
| – | ရူပါစရဗြဟ္မာ (၄)ဘုံ | ၇၅ |
| – | သေခြင်း (၄)မျိုး | ၇၆ |
| – | သေခါနီးအခါ အာရုံနိမိတ်ထင်ပုံ | ၇၆ |
| – | ပဋိသန္ဓေ | ၇၇ |
| – | ဘဝကူးပြောင်းပုံ | ၇၈ |

## အခန်း (၅)

| | | |
|---|---|---|
| ၅။ | ပုညကြိယာဝတ္ထု (၁၀)ပါး | |
| – | သုတ္တန်, ဝိနည်း, အဘိဓမ္မာဒါနများ | ၉၅ |
| – | ပုဂ္ဂလိကဒါန (၁၄)မျိုး (အလှူခံ တစ်ကိုယ်လေး) | ၉၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – သံဃိကဒါန (၇)မျိုး | ၁၀၁ |
| | – ကာလဒါန (၅)ပါး | ၁၀၂ |
| | – မဟာဒါန (၅)ပါး | ၁၀၃ |
| | – ထာဝရဒါန (၆)မျိုး | ၁၀၃ |
| | – အဓမ္မိကဒါန (၉)မျိုး | ၁၀၄ |
| | – မလှူကောင်းသော အလှူ (၁၀)မျိုး | ၁၀၅ |
| | – ဒါန၏အကျိုးကျေးဇူးများ | ၁၀၆ |
| | – ဒါနပြုသူ သောတာပန်နှင့်တူ သာသနာပဒါနနှင့် သာသနာတွင်းဒါန | ၁၀၈ |
| | – မြို့စားပါယာသိနှင့် ဥတ္တရလုလင် | ၁၁၀ |
| | – ဆေးလှူဒါန်းသူ ရှင်ဗာကုလ | ၁၁၁ |
| | – ဆွမ်းပန်းရေချမ်း ဆီမီးကပ်လှူပုံနှင့် ဆုတောင်းများ | ၁၁၂ |

## အခန်း (၆)

### ၆။ သီလအကြောင်း

| | | |
|---|---|---|
| – | သီလ ၂–မျိုး | ၁၁၈ |
| – | သီလညစ်ညူးခြင်း | ၁၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


– ကျိုး, ပေါက်, ပြောက်, ကျား ၁၁၉

– မေထုန်ငယ် (၇)ပါး ၁၂၀

– ယုတ်ညံ့သော တရားများ ၁၂၀

– သီလစင်ကြယ်ခြင် ၁၂၁

– ပါဏာတိပါတသိက္ခာပုဒ် အဓိပ္ပါယ် ၁၂၁

– အဒိန္နာဒါန သိက္ခာပုဒ် အဓိပ္ပါယ် ၁၂၅

– ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် အဓိပ္ပါယ် ၁၂၅

– မုသာဝါဒ သိက္ခာပုဒ် အဓိပ္ပါယ် ၁၂၈

– သုရာမေရယ သိက္ခာပုဒ် အဓိပ္ပါယ် ၁၂၉

– ကောမာရဗြဟ္မစရိယ သီလငါးပါး ၁၃၁

– အဗြဟ္မစရိယ သိက္ခာပုဒ် သိမှတ်ဖွယ် ၁၃၃

– ဝိကာလဘောဇနေ သိက္ခာပုဒ် သိမှတ်ဖွယ် ၁၃၄

– နစ္စ ဂီတ ဝါဒိတ သိက္ခာပုဒ် သိမှတ်ဖွယ် ၁၃၅

– မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ် သိမှတ်ဖွယ် ၁၃၇

– ဥစ္စာသယန မဟာသယန သိက္ခာပုဒ် သိမှတ်ဖွယ် ၁၃၈

– အာဇီဝဋ္ဌမကသီလ ၁၃၉

– ပိသုကာဝါစာ ကုန်းတိုက်ခြင်း အင်္ဂါ (၅)ပါး ၁၄၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – ပိသုကာဝါစာ၏အပြစ် ဆိုးကျိုးများ | ၁၄၂ |
| | – ဖရုသဝါစာ အပြစ်များ | ၁၄၃ |
| | – ဖရုသဝါစာ ရှောင်ကြဉ်ရကျိုး | ၁၄၃ |
| | – သမ္ဖပ္ပလာပ၏ ဆိုးကျိုးများ | ၁၄၄ |
| | – ဥပုသ်စောင့်နည်း (၃)မျိုး | ၁၄၅ |
| | – နွားကျောင်းသားဥပုသ် | ၁၄၅ |
| | – တက္ကတွန်းဥပုသ် | ၁၄၅ |
| | – အရိယာဥပုသ် | ၁၄၅ |


## အခန်း (၇)


| | | |
|---|---|---|
| ၇။ | **ဘာဝနာပွားများနည်း** | |
| | – ဘာဝနာအဓိပ္ပါယ် | ၁၄၇ |
| | – သမထအဓိပ္ပါယ် | ၁၄၇ |
| | – ဝိပဿနာအဓိပ္ပါယ် | ၁၄၈ |
| | – သမထကမ္မဋ္ဌာန်း (၄၀)သရုပ်နှင့် အဓိပ္ပါယ် | ၁၄၉ |
| | – ကသိုဏ်း(၁၀)ပါး | ၁၄၉ |
| | – အသုဘ (၁၀)ပါး | ၁၅၁ |
| | – အနုဿတိ (၁၀)ပါး | ၁၅၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဗြဟ္မဝိဟာရ (၄)ပါး | ၁၅၄ |
| – | အာရုပ္ပ (၄)ပါး | ၁၅၅ |
| – | သညာ (၁)ပါး | ၁၅၅ |
| – | ဝဝတ္ထာန (၁)ပါး | ၁၅၅ |
| – | စတုရာရက္ခကမ္မဋ္ဌာန်း | ၁၅၆ |
| – | ဗုဒ္ဓါနုဿတိပွားများနည်း | ၁၅၆ |
| – | မေတ္တာဘာဝနာပွားများနည်း | ၁၅၇ |
| – | မေတ္တာပွားပို့သည့် အစီအစဉ် | ၁၅၉ |
| – | ရန်သူအပေါ်မေတ္တာပွားနည်း | ၁၆၀ |
| – | မေတ္တာစျာန်ဖြစ်ပုံ | ၁၆၂ |
| – | အနောဓိသဖရဏ ကန့်သတ်မဲ့ မေတ္တာပွားနည်း | ၁၆၃ |
| – | ဩဓိသဖရဏ အကန့်အသတ်ရှိ မေတ္တာပွားနည်း | ၁၆၄ |
| – | ဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပွားနည်း | ၁၆၅ |
| – | ၅၂၈ သွယ် မေတ္တာဖြစ်ပုံ | ၁၆၆ |
| – | မေတ္တာပွားခြင်း၏အကျိုး (၁၁)ပါး | ၁၆၇ |
| – | အသုဘကမ္မဋ္ဌာန်းပွားများနည်း | ၁၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – အသက်ရှင်ဆဲ ခန္ဓာကိုယ်၌ အသုဘရှုပွားပုံ | ၁၇၀ |
| | – အရိုးစုကမ္မဋ္ဌာန်းရှုနည်း | ၁၇၁ |
| | – မရဏာဿတိ ဆင်ခြင်နည်း | ၁၇၃ |
| | – မရဏာဿတိ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၏ အကျိုးများ | ၁၇၆ |

# အခန်း (၈)

## ၈။ အဘိဓမ္မာတရားတော်

| | |
|---|---|
| – ပရမတ္ထတရား (၄)ပါး | ၁၇၉ |
| – မရှိပညတ် ရှိပရမတ် | ၁၈၂ |
| – ခန္ဓာ, အာယတန, ဓာတ်သစ္စာ | ၁၈၂ |
| – ခန္ဓာငါးပါး | ၁၈၂ |
| – ဥပါဒါနက္ခန္ဓာငါးပါး | ၁၈၃ |
| – အာယတန (၁၂)ပါး | ၁၈၅ |
| – အဇ္ဈတ္တိက အတွင်းအာယတန ၆–ပါး ဒွါရ ၆–ပါး | ၁၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဗာဟိရ အပြင်အာယတန ၆–ပါး | |
| | အာရုံ ၆–ပါး | ၁၈၅ |
| – | ဓာတ် ၁၈–ပါး | ၁၈၇ |
| – | သစ္စာ ၄–ပါး | ၁၈၇ |
| – | မဂ္ဂင် (၈)ပါး မဂ္ဂသစ္စာ | ၁၈၉ |
| – | အာသဝ (၄)ပါး | ၁၈၉ |
| – | ဩဃ (၄)ပါး | ၁၈၉ |
| – | ယောဂ (၄)ပါး | ၁၉၀ |
| – | ဂန္ထ (၄)ပါး | ၁၉၁ |
| – | ဥပါဒါန် (၄)ပါး | ၁၉၁ |
| – | နီဝရဏ (၆)ပါး | ၁၉၂ |
| – | အနုသယ (၇)ပါး | ၁၉၃ |
| – | သံယောဇဉ် (၁၀)ပါး | ၁၉၄ |
| – | ကိလေသာ (၁၀)ပါး | ၁၉၆ |
| – | တစ်ထောင်ငါးရာ ကိလေသာ | ၁၉၇ |
| – | ဟိတ် (၆)ပါး | ၁၉၇ |
| – | ဈာနင် (၇)ပါး | ၁၉၈ |
| – | မဂ္ဂင် (၁၂)ပါး | ၁၉၉ |
| – | ဣန္ဒြေ (၂၂)ပါး | ၂၀၀ |
| – | ဗိုလ် (၉)ပါး | ၂၀၃ |
| – | အဓိပတိ (၄)ပါး | ၂၀၅ |

စဉ် အကြောင်းအရာ စာမျက်နှာ

– ရုပ်အမျိုးအစားများ ၂၀၇
– ရုပ်ကိုဖြစ်စေတတ်သော
အကြောင်းတရား (၄)ပါး ၂၀၉

ဗောဓိပက္ခိယ၌ ပါဝင်သော ကုသိုလ်စေတသိတ်များ

– သတိပဋ္ဌာန် (၄)ပါး ၂၁၀
– သမ္မပ္ပဓာန် (၄)ပါး ၂၁၁
– ဣဒ္ဓိပါဒ် (၄)ပါး ၂၁၂
– ဣန္ဒြေ (၅)ပါး ၂၁၃
– ဗိုလ် (၅)ပါး ၂၁၃
– ဗောဇ္ဈင် (၇)ပါး ၂၁၃
– မဂ္ဂင် (၈)ပါး ၂၁၄

## အခန်း (၉)

၉။ တန်ခိုးထက်မြက်သည့် နတ်ငုံဆောင် ဂါထာတော်များ

– ဂါထာနှင့်မန္တန် ၂၁၇
– ရွတ်ဆိုပုံနှင့် အကျိုးအာနိသင် ၂၁၈

| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| – ဓမ္မစက်နှင့် အဏာစက် | ၂၁၉ |
| – အနေကဇာတိသံသာရံဂါထာ | ၂၂၀ |
| – ပဋိစ္စသမုပ္ပါဒ် အနုလုံ | ၂၂၄ |
| – ဥဒါန်းဂါထာ | ၂၂၅ |
| – ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိ | ၂၂၆ |
| – နာညတြ ဂါထာ | ၂၂၇ |
| – ဘဝေဝါဟံ ဘယံ ဒိသွာ ဂါထာ | ၂၂၈ |
| – အဋ္ဌာနမေတံပါဠိ | ၂၂၉ |
| – ဒိဝါတပတိ ဂါထာ | ၂၂၉ |
| – ဇယန္တော ဗောဓိယာ မူလေ ဂါထာ | ၂၃၀ |
| – နမော တေ ဂါထာ | ၂၃၁ |
| – အနန္တရာယိက လေးပါးပါဠိ | ၂၃၂ |
| – အာဝေဏိက ဂုဏ်တော် | ၂၃၃ |

## အခန်း (၁၀)

**မြတ်ဗုဒ္ဓသာသနာတော် ပြန့်ပွားဆင်းသက်လာပုံ**

| | |
|---|---|
| – ပိဋကတ်နိကာယ်သိမှတ်ဖွယ် | ၂၃၅ |
| – မြန်မာနိုင်ငံသို့ထေရဝါဒဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကား ပြန့်ပွားလာပုံ | ၂၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ဘုရားမပွင့်မီကာလ မြန်မာပြည် အခြေအနေ | ၂၃၇ |
| - | သုဝဏ္ဏဘူမိနိုင်ငံ | ၂၃၈ |
| - | ဝေသာလီနိုင်ငံ | ၂၃၈ |
| - | ဘုရားပွင့်တော်မူစအချိန်က ဗုဒ္ဓသာသနာ | ၂၃၈ |
| | မြန်မာနိုင်ငံသို့ ရောက်လာပုံ | ၂၃၈ |
| - | ဦးငါးဦး | ၂၃၉ |
| - | ပထမသင်္ဂါယနာခေတ် | ၂၄၀ |
| - | ဒုတိယသင်္ဂါယနာခေတ် | ၂၄၀ |
| - | ဗိဿနိုးနှင့် ဗုဒ္ဓသာသနာတော် | ၂၄၁ |
| - | သရေခေတ္တရာပြည်နှင့်ဗုဒ္ဓသာသနာတော် | ၂၄၁ |
| - | ဟံလင်းပြည်နှင့် ဗုဒ္ဓသာသနာတော် | ၂၄၂ |
| - | တတိယသင်္ဂါယနာခေတ် | ၂၄၂ |
| - | ကမ္ဘာအရပ်ရပ်သို့ သာသနာတော်ပြန့်ပွားခြင်း | ၂၄၄ |
| - | မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ သာသနာတော်ရောက်ခြင်း | ၂၄၄ |
| - | စတုတ္ထသင်္ဂါယနာ | ၂၄၄ |
| - | ပုဂံခေတ်သာသနာ | ၂၄၅ |
| - | ပဉ္စမသင်္ဂါယနာ | ၂၄၆ |
| - | ဆဋ္ဌသင်္ဂါယနာ | ၂၄၇ |
| - | မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော် | ၂၄၇ |

# အခန်း (၁၁)

## ၁၁။ ဗုဒ္ဓယဉ်ကျေးမှုများ


- အနန္တငါးပါးကျေးဇူး ၂၅၁
- ရတနာသုံးပါး ၂၅၁
- ကျေးဇူးကြီးလှ မိနှင့် ဖ ၂၅၂
- ဆရာသမားများ ၂၅၃


## ဆုံးမစာ ကောက်နုတ်ချက်များ


- ရှင်မဟာရဋ္ဌသာရ ဆုံးမစာများ ၂၅၄
- ရှင်မဟာသီလဝံသ ဆုံးမစာများ ၂၅၆
- ညောင်ပင်သာ ဦးပုည ဆုံးမစာများ ၂၅၇
- ဖိုးသူတော် ဦးနုစကားပုံ ဆုံးမစာများ ၂၅၇
- မြန်မာ့ရေးအစဉ်လာဆုံးမစာ ၂၅၈
- ဆားတုံဆရာတော်၏ပုတ္တောဝါဒဆုံးမစာ ၂၅၈
- အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာ ၂၅၉
- စာတော်ပြင်ဆရာကြီး ဦးပညာ၏ သားရွှေဥဆုံးမစာ ၂၆၀
- ကန်တော်မင်ကျောင်းဆရာတော်၏ ဆုံးမစာများ ၂၆၁

– မဟာစည်ဆရာတော် ဆုံးမစာ ၂၆၂
– တောင်ဖီလာဆရာတော် ဆုံးမစာ ၂၆၂
– မဃဒေဝလင်္ကာဆုံးမစာ ၂၆၃
– ဒီဃာဝုဆုံးမစာ ၂၆၄
– ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏
ဆုံးမစာ ၂၆၄
– လုံးထော်ဆရာတော်ဘုရားကြီး၏
ဆုံးမစာ ၂၆၇
– ကျည်းကန်ရှင်ကြီး၏ ဆုံးမစာ ၂၆၇
– ပေါက္ကံမောင်ချို စကားပုံ ဆုံးမစာ ၂၆၈

# အခန်း(၁)

## ပါဠိ ပါဠိဆင့် ရေးနည်း ဖတ်နည်း
## (ပုံစံများကို ဆရာကချပေး၍ တပည့်များကို လိုက်ဆိုခိုင်းပါ)

၁။ "ရ"အက္ခရာကို လျှာလိပ်သံဖြင့် ဖတ်ရသည်။

(ပုံစံများ)

အရဟတော၊ သရဏံ၊ အရဟံ၊ ဖရသဝါစာ၊ ဝေရမဏီ သိက္ခာပဒံ၊ အပရာပရိယဝေဒနီယကံ၊ ရတ္တိမာ၊ အပရာဇိတ၊ အာဟာရ၊

၂။ ပါဠိဆင့်ဖတ်ရာ၌ ဝဲဘက်ဘေးရှိ အက္ခရာကို ပါဠိဆင့် အပေါ် အက္ခရာနှင့် အသတ်သတ်၍ ဖတ်ရသည်၊ သွေထိုး၊ ရေးချ၊ သေးသေးတင်၊ ချောင်းငင် တို့ကို အောက်အက္ခရာနှင့် တွဲဖတ်ရသည်။

(ပုံစံများ)

| | | |
|---|---|---|
| သမ္ဗုဒ္ဓေါ | = | သမ်ဗုဒ်ဓေါ၊ |
| သမ္ပန္နော | = | သမ်ပန်နော၊ |
| အနုတ္တရော | = | အနုတ်တရော၊ |
| သင်္ခါရ | = | သင်ခါရ၊ |
| သင်္ကပ္ပ | = | သင်ကပ်ပ။ |

၃။ "ဿ"သည် သ နှစ်လုံးကို ပေါင်းစပ်ထားသည် (သ+သ)ဖြစ်၍ "သ" တစ်လုံးကို အသတ်ပြုပြီး ဖတ်ရသည်။ ယင်းကို သကြီးဟု ခေါ်သည်။

(ပုံစံများ)

| | | |
|---|---|---|
| ဟေဝိပဿိကော | = | ဟေဝိပသ်သိကော၊ |
| မနဿာနံ | = | မနသ်သာနံ၊ |
| လောကဿ | = | လောကသ်သ၊ |
| မရဏဿတိ | = | မရဏသ်သတိ၊ |
| နိဿယ | = | နိသ်သယ၊ |
| အနဿတိ | = | အနသ်သတိ၊ |
| ဒဿနာ | = | ဒသ်သနာ |

၄။ "ည"သည် "ဉ"လေးနှစ်လုံးပေါင်း(ဉ)ဖြစ်၍ "ဉ" တစ်လုံးကို အသတ်ပြု၍ ဖတ်ရသည်။ ယင်းကို ဉကြီးဟု ခေါ်သည်။

(ပုံစံများ)

| | | | |
|---|---|---|---|
| သညာ | = | သင်ဉာ | (ဉ်=င်)၊ |
| ပညာ | = | ပင်ဉာ | ( ။ )၊ |
| အညမည | = | အင်ဉမင်ဉ | ( ။ )၊ |
| ကတညုတ | = | ကတင်ဉုတ | ( ။ )၊ |
| ဝိညာဏ | = | ဝိဉ်ဉာဏ | ( ။ )၊ |

၅။ ကျစသော ယပင့်ပါသောပုဒ်များ၌ ယက ပင့်ထားသော အပေါ်အက္ခရာကို အသတ်ပြု၍ ဖတ်ရသကဲ့သို့ ရ–ရစ်ပါသော ပုဒ်များ၌ ရ ရစ်ထားသော အက္ခရာကို အသတ်ပြု၍ ဖတ်ရသည်။

**(ယပင့်ပုံစံများ)**

| | | |
|---|---|---|
| သကျမုနိ | = | သက်ကျမုနိ၊ |
| အာရောဂျ | = | အာရောဂ်ဂျ၊ |
| နိသျ | = | နိသ်သျ၊ |

**(ရရစ်ပုံစံများ)**

| | | |
|---|---|---|
| တတြ | = | တတ်တရ |
| စကြ | = | စက်ကြ |

၆။ ဥ၊ ဏ၊ န၊ မ၊ ယ၊ ဠ ပါဌ်ဆင့်များ၌ ဟ(ထိုး)နှင့်တွဲနေသော အက္ခရာများကို အသတ်ပြု၍ ဖတ်ရသည်။

**(ပုံစံများ)**

| | | |
|---|---|---|
| ပဥှ | = | ပင်ဥှ (ဥ်=င်) |
| ပုဗ္ဗဏှ | = | ပုဗ်ဗဏ်ဏှ |
| သာယနှ | = | သာယန်နှ၊ |

အမှ = အမ်မှ၊
တုယှံ = တုယ်ယှံ၊
ရှိန္ဓိ = ရှိင်နှိ
ဒိန္ဓိ = ဒိင်နှိ။

၇။ "ဋ္ဌ"သည် ဋ နှင့် ဌ နှစ်ခုပေါင်း(ဋ+ဌ) ဖြစ်၍ "ဋ"ကို အသတ်ပြု၍ ဖတ်ရသည်၊ လည်ရစ်ပါသော ဋ္ဌ နှင့် မပါသော ဌ တို့ မတူ ကွဲပြားခြားနားကြသည်။

## (ပုံစံများ)

| | | |
|---|---|---|
| အဋ္ဌပုရိသပုဂ္ဂလာ | = | အဋ်ဌပုရိသပုဂ်ဂလာ |
| သေဋ္ဌ | = | သေဋ်ဌ (သစ်ဌ) |
| ဇေဋ္ဌ | = | ဇေဋ် (ဇစ်ဌ) |

၈။ "တ္တာ" နှင့် တွဲလာသော ပုဒ်တို့၌ "တ"အက္ခရာကို အသတ်ပြု၍ ဖတ်ရသည်။

## (ပုံစံများ)

ကတ္တာ = ကတ်တ္တာ။
ဒတ္တာ = ဒတ်တ္တာ။
ဉတ္တာ = ဉတ်တ္တာ။

# အခန်း (၂)

## ဘုရားဖြစ်ရန် ကျင့်စဉ်များ

### ပါရမီ (၁၀)ပါး

ဘုရားဖြစ်ရန် ကျင့်စဉ်များမှာ ပါရမီ (၁၀)ပါးတို့ဖြစ်သည်။

၁။ ဒါနပါရမီ
၂။ သီလပါရမီ
၃။ နေက္ခမ္မပါရမီ
၄။ ပညာပါရမီ
၅။ ဝီရိယပါရမီ
၆။ ခန္တီပါရမီ
၇။ သစ္စာပါရမီ
၈။ အဓိဋ္ဌာန်ပါရမီ
၉။ မေတ္တာပါရမီ
၁၀။ ဥပေက္ခာပါရမီ –

တို့ဖြစ်သည်။

**ဆောင်** – ဒါန, သီလ၊ နေက္ခမ္မ၊ ပညာ, ဝီရိယာ။
ခန္တီ, သစ္စ၊ ဒိဋ္ဌာန၊ မေတ္တာ, ဥပေက္ခာ။

ထိုကျင့်စဉ်(၁၀)ပါးကို ဘုရား အစရှိသော အရိယာသူတော်ကောင်းတို့ အမြဲမပြတ် ကျင့်သုံးအပ်သောကြောင့် ပါဠိဘာသာဖြင့် ပါရမီဟု ခေါ်ရသည်။ မြန်မာတို့ကလည်း ပါရမီဟုပင် ခေါ်သည်။ သူမြတ်ကျင့်စဉ်(၁၀)ပါးဟု မြန်မာမှုပြုနိုင်သည်။

## ပါရမီ အပြား(၃၀)

(က) မိမိခန္ဓာကိုယ်မှအပဖြစ်သော ပစ္စည်းဥစ္စာတို့ကို စွန့်၍ ဖြည့်ကျင့်လျှင် ပါရမီ (၁၀)ပါး ဖြစ်သည်။
(ခ) မိမိကိုယ်ခန္ဓာအစိတ်အပိုင်းကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ဥပပါရမီ (၁၀)ပါး ဖြစ်သည်။
(ဂ) အသက်ကို စွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီ ဖြစ်သည်၊ ဤသို့အားဖြင့် ပါရမီ(၁၀)ပါး အပြား (၃၀)ဖြစ်လေသည်။

## ဘုရားလောင်း ၃–မျိုး

ဘုရားဆုကို ပန်ပြီးနောက် ပါရမီ(၁၀)ပါး အပြား (၃၀)တို့ကို ဖြည့်ကျင့်နေသူကို ဗောဓိသတ္တ ဘုရားလောင်းဟု ခေါ်သည်။ ဓာတ်ခံလွန်ကဲမှုကို အကြောင်းပြု၍ ပါရမီ

ဖြည့်ရာကာလ ကွဲပြားမှုအရ ဘုရားလောင်းများကို သုံးမျိုး ခွဲခြားနိုင်သည်။

(၁) ပညာဓိက ဘုရားလောင်း၊
(၂) သဒ္ဓါဓိက ဘုရားလောင်း၊
(၃) ဝီရိယာဓိက ဘုရားလောင်း တို့ဖြစ်သည်။

ပညာဓိက ဘုရားလောင်းများသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်တော်မူသည်၊ သဒ္ဓါဓိက ဘုရားလောင်းများသည် (၈)သင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်ကြသည်၊ ဝီရိယာဓိက ဘုရားလောင်း များသည် (၁၆)သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်ကြသည်။ ဘုရားဖြစ်ခြင်းဟူသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ ကိုးကွယ်နေသော ဂေါတမ ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ပညာဓိက ဘုရားလောင်းဖြစ်၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြစ်ခဲ့ရသည်။

## ကမ္ဘာ(၅)မျိုး

ဘုရားရှင်တို့ ပွင့်ထွန်းမှုအပေါ် မူတည်၍ အောက်ပါ အတိုင်း ကပ်ကမ္ဘာများကို သတ်မှတ်ခေါ်ဝေါ်ကြသည် –

(က) ဘုရားတစ်ဆူသာပွင့်လျှင် သာရကမ္ဘာမည်၏။
(ခ) ဘုရားနှစ်ဆူပွင့်လျှင် မဏ္ဍကမ္ဘာမည်၏။
(ဂ) ဘုရားသုံးဆူပွင့်လျှင် ဝရကမ္ဘာမည်၏။
(ဃ) ဘုရားလေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာမည်၏။
(င) ဘုရားငါးဆူပွင့်လျှင် ဘဒ္ဒကမ္ဘာမည်၏။
(စ) ဘုရားတစ်ဆူမျှ မပွင့်လျှင် သုညကမ္ဘာမည်၏။

**ဆောင်** – တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရ သုံးဆူသာ။
သာရ မဏ္ဍ၊ လေးဆူပြ၊ ပဉ္စ ဘဒ္ဒကာ။
တစ်ဆူသော်မှ၊ မပွင့်က၊ သုည ကပ်ကမ္ဘာ။

**ဘုရားလောင်းဖြစ်ရန် အင်္ဂါ (၈)ပါး**

ဘုရားတစ်ဆူထံမှ နိယတဗျာဒိတ်ရ ဘုရားလောင်းဖြစ်ရန် အောက်ပါအင်္ဂါ (၈)ပါးနှင့် ပြည့်စုံရသည် –

၁။ လူဇာတ်ဖြစ်ခြင်း၊
၂။ ယောကျ်ားဖြစ်ခြင်း၊
၃။ တိဟိတ် ပဋိသန္ဓေနေခဲ့သူ ဖြစ်ခြင်း၊
၄။ သက်တော်ထင်ရှား ဘုရားတစ်ဆူကို ဖူးတွေ့ရခြင်း၊
၅။ ကမ္မဝါဒီရသေ့၊ သို့မဟုတ် ရဟန်းဖြစ်ခြင်း၊
၆။ ဈာန်သမာပတ် တန်ခိုးရှင်ဖြစ်ခြင်း၊
၇။ သက်တော်ထင်ရှား ဘုရားထံ၌ အဓိကာရ ကုသိုလ်ထူး ပြုလုပ်သူ ဖြစ်ခြင်း၊
၈။ ဘုရားဖြစ်လိုသော ဆန္ဒအားကြီးသူ ဖြစ်ခြင်း၊

## စွန့်ခြင်းကြီးငါးပါး

ပါရမီ(၁၀)ပါးတွင် ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ သာမန် လူသားတို့၏ အလှူဒါနနှင့်မတူ၊ သဗ္ဗညုတ ဉာဏ်တော်မြတ်ကြီးကို ရရန်ဟူသော မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် မြင့်မြတ်သော ဘုရားလောင်းတို့သာ ပြုလုပ်နိုင်သော ခက်ခက်ခဲခဲ စွန့်စွန့်စားစား ပြုလုပ်ခဲ့သည့် စွန့်လှူမှု (၅)မျိုးကို စွန့်ခြင်းကြီး ငါးပါးဟု ခေါ်သည်။

ထိုစွန့်ခြင်းကြီး (၅)မျိုးတို့မှာ -

(၁) ဓနပရိစ္စာဂ - ရွှေငွေဘဏ္ဍာ ရတနာပစ္စည်းများနှင့် တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ်ကို စွန့်လှူခြင်း၊

(၂) ပုတ္တပရိစ္စာဂ - သားသမီးရတနာတို့ကို စွန့်လှူ၍ ပါရမီဖြည့်ခြင်း၊

(၃) ဘရိယပရိစ္စာဂ- ဇနီးမယားကို စွန့်လှူ၍ ပါရမီဖြည့်ခြင်း၊

(၄) အင်္ဂပရိစ္စာဂ - မျက်စိ နား နှာ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို စွန့်လှူ၍ ပါရမီဖြည့်ခြင်း၊

(၅) ဇီဝိတပရိစ္စာဂ- အသက်ကိုစွန့်လှူ၍ ပါရမီဖြည့်ခြင်းတို့ဖြစ်၏။

## ခနပရိက္ခာရ

မဟာသီလဝမင်းကြီးဘဝတွင် မိမိနိုင်ငံကိုလိုချင်သော ကောသလမင်းကြီးအား အသာတကြည်ပေးလှူ၍ ပါရမီဖြည့်ခဲ့သည်။

## ပုတ္တပရိက္ခာရ

ဝေဿန္တရာမင်းကြီးဘဝတွင် သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို အလှူခံလာသူ ဇူဇကာပုဏ္ဏားအား ပေးလှူခဲ့သည်။

## ဘရိယပရိက္ခာရ

ဝေဿန္တရာမင်းကြီးသည် မဒ္ဒီမိဖုရားကို ပုဏ္ဏားအိုယောင် ဆောင်လာသူ သိကြားမင်းအား တွန့်တိုဆုတ်နစ်မှုမရှိ လှူဒါန်း ပါရမီဖြည့်ခဲ့သည်။

## အင်္ဂပရိက္ခာရ

အလောင်းတော် သိဝိမင်းဘဝတွင် မျက်စိနှစ်ကွင်းကို ထုတ်၍ လှူဒါန်းခဲ့သည်။ အလောင်းတော်မျောက်မင်းဘဝတွင် မိမိခါးတွင် နွယ်ကြိုးချည်၍ မျောက်အပေါင်းတို့ကို ခန္ဓာကိုယ်ပေါ်မှ ဖြတ်လျှောက်စေကာ ကိုယ်ခန္ဓာကို စွန့်လွှတ်၍ ပါရမီဖြည့်တော်မူခဲ့သည်။

**ဓိဝိတပရိစ္စာဂ**

သသပဏ္ဍိတ ယုန်ပညာရှိဘဝတွင် မိမိအသားကို အလှူခံလာသော ပုဏ္ဏားအို (သိကြားမင်း) အား မီးပုံထဲ ခုန်ဆင်းကာ အသက်ကို ပေးစွန့်လှူဒါန်းခဲ့သည်။ နိဂြောဓ သမင်ဘဝတွင် သားသည်အမေ သမင်မအတွက် မိမိ အသက်ကို စွန့်၍ လှူဒါန်းခဲ့သည်။

## စရိယာ (၃)ပါး

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ကျင့်စဉ်ကြီးသုံးချက်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သည်။ စရိယာသုံးပါး ကျင့်စဉ်ကြီးများမှာ–

(၁) လောကတ္ထစရိယာ = တစ်လောကလုံး ကောင်းစားချမ်းသာရေးအတွက် ကျင့်စဉ်၊
(၂) ဉာတတ္ထစရိယာ = မိမိနိုင်ငံနှင့်လူမျိုး ကောင်းစားချမ်းသာရေးအတွက် ကျင့်စဉ်၊
(၃) ဗုဒ္ဓတ္ထစရိယာ = သဗ္ဗညုဘုရားဖြစ်ရေး အတွက် ကျင့်စဉ်တို့ဖြစ်သည်။

**လောကတ္ထစရိယာ**

အင်္ဂတိမင်းကြီးနှင့် တိုင်းသူပြည်သားတို့သည် မိစ္ဆာအယူရှိသူ ဗြာဟ္မဏတို့အား ကိုးကွယ်၍ ဒုစရိုက်မှုတို့ကို ကျူးလွန်နေကြသည်။ သမီးတော် ရုစာမင်းသမီး၏

အဓိဋ္ဌာန်ပြု ပင့်ဆောင်မှုကြောင့် ဘုရားအလောင်း နာရဒ ရသေ့ ကောင်းကင်ခရီးမှ ကြွလာ တန်ခိုးပြ၍ တရား ဟောတော်မူမှ အင်္ဂတိမင်းကြီးနှင့် တစ်တိုင်းပြည်လုံး ငါးပါးသီလ မြဲကုန်ကြသည်။

## ဥတတ္တစရိယာ

ပုရောဟိတ်ပုဏ္ဏားတစ်ဦးသည် ဘုရင့်နန်းတော်သို့ ညီလာခံ ဝင်လာစဉ် ကျီးတစ်ကောင်က မစင်စွန့်ချခဲ့သဖြင့် ကျီးတို့ကို ရွံ့မုန်းနေသည်၊ ဘုရင့်ဆင်များ၏ မီးလောင် ဒဏ်ရာအနာကို ကျီးကန်းအဆီဖြင့် သုတ်လိမ်းမှ ပျောက်မည် ဟု ဘုရင်အား သံတော်ဦးတင်ခဲ့သည်။ ဘုရင်လည်း ကျီးတို့ကို သတ်စေကာ အဆီထုတ်ခိုင်းခဲ့သည်။

ဘုရားလောင်း ကျီးမင်းသည် မိမိ၏အသက်ကိုစွန့်ကာ ဘုရင်မင်းမြတ်ထံသို့ဝင်၍ ကျီးကန်းတို့မှာ ထိတ်ထိတ် လန့်လန့် နေထိုင်စားသောက်ရသဖြင့် ကျီးတို့၌ အဆီလုံးဝ မရှိကြောင်း တင်ပြလျှောက်ထားမှ ကျီးကန်းလောက မျိုးပြုတ်ရေး ဆောင်ရွက်ချက် ရပ်ဆိုင်းခဲ့သည်။

ရောဟိနီမြစ်ကို ခွဲဝေသုံးစွဲမှုနှင့် ပတ်သက်၍ သာကီဝင် မင်းမျိုး ဆွေတော်မျိုးတော်တို့ စစ်တိုက်မည်ပြုစဉ် ဘုရားရှင် ကောင်းကင်ခရီးဖြင့်ကြွကာ ငြိမ်းချမ်းရေးတရား ဟောတော် မူမှ ဆွေတော်မျိုးတော်အားလုံး အသက်ဘေးမှ ချမ်းသာခဲ့ကြ သည်။

**ဗုဒ္ဓတ္တစရိယာ**

သုမေဓာရသေ့ဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သည်မှာ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရား ဖြစ်တော်မူရေးအတွက်ပင် ဖြစ်ပေသည်။

## မြတ်စွာဘုရား၏ ဉာဏ်တော်များ

**ဝိဇ္ဇာသုံးပါး**

(၁) **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်** – ရှေးရှေးသော ဘဝ များစွာတို့၌ ဖြစ်ခဲ့နေခဲ့ဖူးသည်တို့ကို အောက်မေ့ ဆင်ခြင် သိမြင်နိုင်သော ဉာဏ်တော်။

(၂) **ဒိဗ္ဗစက္ခုဉာဏ်တော်** – နတ်တို့၏မျက်စိကဲ့သို့ ဝေးသောအရပ်၌ တည်ရှိသော ကြီးမား သေးငယ်သော အရာဝတ္ထုအားလုံးကို သိမြင်နိုင်သော ဉာဏ်တော်။

(၃) **အာသဝက္ခယဉာဏ်တော်** – အာသဝေါတရားတို့ အကြွင်းမဲ့ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ် ဉာဏ်တော်။

**ဝိဇ္ဇာရှစ်ပါး**

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်၊

၂။ ဒိဗ္ဗစက္ခုဉာဏ်တော်၊

၃။ အာသဝက္ခယဉာဏ်တော်၊

(၄) **ဝိပဿနာဉာဏ်တော်** – ရုပ်နာမ်သဘော တရားတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကို ကွဲကွဲပြားပြား ရှုမြင်တတ်သော ဉာဏ်တော်။

(၅) **မနောမယိဒ္ဓိဉာဏ်တော်** – မိမိနှင့်ပုံစံတူ ကိုယ်ပွားတစ်ခုကို စိတ်ဖြင့်ဖန်ဆင်းနိုင်သော ဉာဏ်တော်။

(၆) **ဣဒ္ဓိဝိဓဉာဏ်တော်** – မြေလျှိုး မိုးပျံခြင်းစသော တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်တော်။

(၇) **ဒိဗ္ဗသောတဉာဏ်တော်** – နတ်တို့၏နားကဲ့သို့ ဝေးသော အရပ်၌ ပြောဆိုသည့် တိုးတိုးကျယ်ကျယ် ပြောဆိုကြသည့် အသံများကိုကြားနိုင်သော ဉာဏ်တော်။

(၈) **စေတောပရိယဉာဏ်တော်** – သူတစ်ပါးတို့၏စိတ်အကြံကိုသိနိုင်သော ဉာဏ်တော်။

**ဆောင်ပုဒ်**။ ပု–ဒိ–အာ–ဝိ၊ စေ–မ–ဒိ၊ ဣဒ္ဓိဝိဓာ ရှစ်။

## ဉာဏ်တော် (၁၀)ပါး

၁။ **ဌာနာဌာနကောသလ္လဉာဏ်**– သတ္တဝါတစ်ဦး ရဟန္တာဖြစ်နိုင် မဖြစ်နိုင်ကိုသိသော ဉာဏ်။

၂။ **ကမ္မဝိပါကဉာဏ်** – အဟိတ်–ဒွိဟိတ် ပဋိသန္ဓေတည်ခဲ့သူ ဟုတ်မဟုတ်သိသော ဉာဏ်။

၃။ **သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်** - ထိုထိုဘုံဘဝနှင့် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ပဋိပဒါကိုသိသော ဉာဏ်။

၄။ **အနေကဓာတုနာနာဓာတုဉာဏ်** - သတ္တဝါတို့၏ အကျင့် စရိုက် မာတ်ခံအမျိုးမျိုးကိုသိသော ဉာဏ်။

၅။ **နာနာဓိမုတ္တိကတဉာဏ်** - သတ္တဝါတို့၏ စိတ်နှလုံး သဘောထား အလိုဆန္ဒအမျိုးမျိုး ရှိနေမှုကို သိမြင်သော ဉာဏ်။

၆။ **ဣန္ဒြိယပရောပရိယတ္တဉာဏ်** -သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကိုသိသော ဉာဏ်။

၇။ **ဈာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ်**-ဈာန်တရား၊ ဝိမောက္ခတရား၊ သမာဓိတရား၊ သမာပတ်တရားတို့၏ ညစ်ညူးဖြူစင် တိုးတက်ဆုတ်ယုတ်ကြောင်းကို သိသော ဉာဏ်။

၈။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**- ရှေးဘဝများစွာ၌ဖြစ်ခဲ့ နေခဲ့ဖူးသည်ကို အောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်။

၉။ **စုတူပပါတဉာဏ်** - သေခါနီးသတ္တဝါ၊ ပဋိသန္ဓေ တည်နေပြီးစ သတ္တဝါတို့ကိုသိသော ဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်ပင်ဖြစ်သည်)

၁၀။ **အာသဝက္ခယဉာဏ်** - အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်။

## စတုဝေသာရဇ္ဇဉာဏ်

အောက်ပါအကြောင်းအရာ (၄)ခုနှင့် စပ်၍ ပရိသတ် အလယ်၌ရဲဝံ့စွာ ကြုံးဝါးတော်မူရသော ဉာဏ်တော်ဖြစ်သည်။

(၁) ငါသည် တရားအားလုံးကိုသိသူ ဖြစ်သည်။

(၂) ငါ့အား အာသဝေါတရား (၄)ပါးကုန်ပြီ။

(၃) ဤတရားတို့သည် ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားတို့ဖြစ်သည်။

(၄) ဤတရားတို့သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားတို့ဖြစ်သည်။

## အသာဓာရဏ ဉာဏ်တော် (၆)ပါး

ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့နှင့်မဆိုင်၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့နှင့်သာဆိုင်သော ဉာဏ်တော် (၆)ပါးကို အသာဓာရဏဉာဏ်တော်ဟုခေါ်သည်။ ၎င်းတို့မှာ -

၁။ **ဣန္ဒြိယပရောပရိယတ္တဉာဏ်** – သတ္တဝါတို့၏ဣန္ဒြေ အနုအရင့်ကိုသိသောဉာဏ် (ရှေ့ဉာဏ် ၁၀–ပါးတွင်ပါပြီး)

၂။ **အာသယာနုသယဉာဏ်** – သတ္တဝါတို့၏ အမြင် (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိအမြင်) အနုသယကိလေသာ ဓာတ်ခံတို့ကို သိသောဉာဏ် (နာနာဓိမုတ္တိကတဉာဏ်နှင့် တူ)၊

၃။ **ယမကပါဋိဟာရိယဉာဏ်** – ရေမီး အစုံ အစုံ တန်ခိုးပြာဋိဟာတို့ကို ပြနိုင်သောဉာဏ်၊

၄။ **မဟာကရုဏာသမာပတ္တိဉာဏ်** – နေ့စဉ်အကြိမ်ပေါင်း ကုဋေနှစ်သန်း လေးသိန်း ဝင်စားတော်မူသောအခါ၌ ဖြစ်ပေါ်တော်မူသော ဉာဏ်၊

၅။ **သဗ္ဗညုတဉာဏ်** – (ရှေ့၌ဖော်ပြပြီး)

၆။ **အနာဝရဏဉာဏ်** – သဗ္ဗညုတဉာဏ်ကိုပင် အပိတ်အပင် အဆီးအတားမရှိ သိမြင်နိုင်သောကြောင့် အနာဝရဏဉာဏ်ဟု ခေါ်သည်။

## ပဋိသမ္ဘိဒါဉာဏ် (၄)ပါး

ပါဠိ၊ အနက်၊ ဘာသာစကားတို့၌ ခွဲခြမ်း စိတ်ဖြာ၍ သိတတ်သော ဉာဏ်တော်ဖြစ်သည်။ ထိုဉာဏ်သည် (၄)မျိုး ရှိ၏။

(၁) **အတ္ထပဋိသမ္ဘိဒါဉာဏ်** –အနက်အဓိပ္ပါယ် သို့မဟုတ် အကျိုးတရားကို ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၂) **ဓမ္မပဋိသမ္ဘိဒါဉာဏ်** – ပါဠိ သို့မဟုတ်အကြောင်း တရားကို ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) **နိရုတ္တိပဋိသမ္ဘိဒါဉာဏ်** –ဝေါဟာရဘာသာစကား သဒ္ဒါနည်းများကို ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) **ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**–ပြဆိုပြီး ပဋိသမ္ဘိဒါ(၃)မျိုး ကို ခွဲခြမ်းစိတ်ဖြာ၍ အကျယ်သိသော ဉာဏ်။

## ဗုဒ္ဓဉာဏ်တော် (၁၄)ပါး

ဖော်ပြခဲ့ပြီးသော ဉာဏ်တော်(၁၀)ပါးနှင့် ပဋိသမ္ဘိဒါဉာဏ် (၄)ပါး ပေါင်း (၁၄)ပါးကို ဗုဒ္ဓဉာဏ်တော် (၁၄)ပါးဟု ခေါ်သည်။

## ၃၂–ပါးသော လက္ခဏာတော်ကြီးများ

ဘုရားရှင်သည် ကောသလတိုင်း ဣစ္ဆာနင်္ဂလပုဏ္ဏား ရွာအနီး တောအုပ်တစ်ခု၌ သီတင်းသုံးနေသည်။ ထိုသတင်းကို ပေါက္ခရသာတိပုဏ္ဏားကြီး ကြားသဖြင့် သူ၏တပည့် အမ္ဗဋ္ဌလုလင်အား ဂေါတမမြတ်စွာဘုရားမှာ (၃၂)ပါးသော လက္ခာဏာတော်များ ရှိ မရှိစုံစမ်းစေသည်။ ၃၂–ပါးသော လက္ခဏာတော်ကြီးများဖြင့် တင့်တယ် သပ္ပာယ်ဖူးမြော်ဖွယ် ရှိကြောင်း အမ္ဗဋ္ဌကအစီရင်ခံသဖြင့် ပေါက္ခရသာတိပုဏ္ဏားကြီး ဘုရားရှင်အား သွားရောက် ဖူးမြော်၏။

လက္ခဏာတော်ကြီး (၃၀)ကို အလွယ်တကူ ဖူးမြော် သိရှိနိုင်သော်လည်း ပေါက္ခရသာတိသည် လျှာတော်နှင့် ပုရိသနိမိတ် လက္ခဏာတော်ကို စူးစမ်းလိုစိတ်ဖြစ်နေ၏။ ထိုပုဏ္ဏား၏ စိတ်အကြံကို ဘုရားရှင်သိတော်မူ၍ လျှာတော်

၏ ရှည်လျှားသော လက္ခဏာကို နားရွက်နှစ်ဖက်ကို ထိပြခြင်းဖြင့် လည်းကောင်း၊ နူးညံ့သော လက္ခဏာကို နှာခေါင်းနှစ်ပေါက်ထဲသို့ သွင်းပြခြင်းဖြင့် လည်းကောင်း၊ လျှာတော်၏ကျယ်ပြန့်သောလက္ခဏာကို နဖူးပြင်ကိုအုပ်ပြခြင်းဖြင့် ပြတော်မူခဲ့သည်။

အအိမ်ဖြင့်ဖုံးအုပ်လျက်ရှိသော ပုရိသနိမိတ်ကိုကား တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ပြတော်မူခဲ့သည်။ ပေါက္ခရသာတိ ပုဏ္ဏားနှင့် သာဝတ္ထိမြို့သားတို့သည် ဘုရားရှင်၌ (၃၂)ပါးသော မဟာပုရိသ လက္ခဏာတော်များ အဘယ့်ကြောင့် ပြည့်စုံသည်ကို မသိကြသဖြင့် အချင်းချင်းမေးမြန်းစုံစမ်းနေကြသည်၊ ထိုသတင်းကို ညီတော် အာနန္ဒာလျှောက်ကြားသဖြင့် "မည်သည့်ကောင်းမှု မည်သည့် စိတ်ထားကြောင့် မည်သို့သော ယောကျ်ားမြတ်လက္ခဏာတော်များ ဖြစ်ပေါ်ရရှိကြောင်း လက္ခဏာသုတ္တန်ကို ဟောတော်မူသည်။

၁။ ခြေဖဝါးလက္ခဏာတော် - ရွှေခြေနင်းပမာ ညီညာစွာ ထိသော ဖဝါးအပြင်ရှိသည်။ ဘဝများစွာတို့၌ ပါရမီကောင်းမှုမှန်သမျှ မတွန့်မဆုတ် မြဲမြံစွာ အားထုတ်ခဲ့သောကြောင့် ဤလက္ခဏာကို ရသည်။

၂။ စက်ဝန်းလက္ခဏာတော် - ခြေဖဝါးတော်၌ တရာ့ရှစ်ကွက် စက်လက္ခဏာတော်များပေါ်နေသည်။ ဒါနပြုလုပ်သော အခါတိုင်း အခြံအရံ လူဖွယ်ပစ္စည်းများကိုပါ

ပြည့်စုံစွာ လှူဒါန်းခဲ့သောကြောင့် ဤလက္ခဏာကို ရသည်။

၃။ ဖနှောင့်တော်ရှည်ခြင်း၊

၄။ လက်ချောင်းခြေချောင်းတော် ရှည်သွယ်ခြင်း၊

၁၅။ ကိုယ်ခန္ဓာတော် ဖြောင့်မတ်ခြင်း –
လက္ခဏာတို့ကိုဘဝများစွာ၌ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ခဲ့သောကြောင့်ရသည်။

၅။ လက်ဖဝါးခြေဖဝါးတော် နူးညံ့ခြင်း၊

၆။ လက်ချောင်းခြေချောင်းတော် ညီညာခြင်း –
လက္ခဏာကိုလူအများတို့အား သင်္ဂဟတရား (၄)ပါးဖြင့် ချီးမြှင့်မြှောက်စားခဲ့သောကြောင့် ရရှိတော်မူသည်။

၇။ ခြေဖမျက်တော် မြင့်မောက်ခြင်း၊

၁၄။ အထက်သို့သာ အဖျားကော့သော မွေးညင်းတော် လက္ခဏာတို့မှာ ဘဝများစွာတို့၌ သတ္တဝါတို့အား ကြီးပွား မြင့်မောက် အထက်တန်းရောက်အောင် ကူညီခဲ့သောကြောင့် ဖြစ်သည်။

၈။ သလုံးမြင်းခေါင်းတော်လက္ခဏာ – လုံးဝန်းပြေပြစ်သည်မှာ တပည့်တို့အား ပညာကိုဆရာစားမချန် အပြည့်အစုံ သင်ပေးသောကြောင့်ဖြစ်သည်။

၉။ အရပ်တော်နှင့်အချိုးကျသွယ်လျသောလက်တော်– ကိုယ်တော်ကိုမကိုင်းညွတ်ဘဲ ဒူးနှစ်ဖက်ကို လက်ဝါးပြင်တို့ဖြင့် သုံးသပ်ဆုတ်နယ်နိုင်၏၊ မိမိ၏အခြွေအရံများကို အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားသောကြောင့်ရသည်။

၁၀။ယောကျ်ားနိမိတ်လက္ခဏာပေါ် –အအိမ်ဖြင့်ဖုံးသော ယောကျ်ားနိမိတ်ရှိသည်၊ အချင်းချင်း၏အပြစ်ကိုဖုံးအုပ်လျက် ကွဲပြားနေသူတို့ကို ညီညွတ်အောင်၊ ညီညွတ်နေသူတို့ကို စည်းလုံး ညီညွတ်မှုတည်မြဲအောင် ပြုလုပ်ခဲ့သောကြောင့် ဤလက္ခဏာတော်ကိုရသည်။

၁၁။အသားတော်လက္ခဏာ – ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအသားအရည်ရှိ၏။ အမျက်ဒေါသအထွက်နည်းခြင်း၊ စိတ်ပူပန်မှုနည်းခြင်းနှင့် ချောမွတ်သောအထည်တို့ကို လှူခဲ့သောကြောင့် ဤလက္ခဏာကိုရ၏။

၁၂။အရေတော်လက္ခဏာ – မြူအညစ်အကြေး မတင်နိုင်လောက်အောင်ပင် ချောမွေ့နူးညံ့သော အရေတော်ရှိ၏၊ ပညာရှိတို့ထံကပ်၍ အကုသိုလ်အညစ်အကြေးမတင်နိုင်လောက်အောင် မေးမြန်း စုံစမ်းလေ့ ရှိသောကြောင့် ဤလက္ခဏာကိုရ၏။

၁၃။မွေးညင်းတော်လက္ခဏာ –မွေးညင်းတွင်း တစ်တွင်းတစ်တွင်းတွင် မွေးညင်းတစ်ပင်တစ်ပင်စီသာပေါက်၏၊ မုသားမပြော အမှန်ကိုသာပြောသောကြောင့် ဤလက္ခဏာကိုရ၏။

၁၆။ပြည့်ဖြိုးသော အသားတော်လက္ခဏာ–ခြေဖမိုး လက်ဖမိုး ပခုံးတော်နှစ်ဘက်စီနှင့် လည်ကုတ်တော်ဟူသော ခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားတော်ရှိ၏။ ကောင်းမွန်မြိန့်မြတ်သော ဘောဇဉ်အရသာတို့ကို အပြည့်အစုံ လှူခဲ့ဖူးသောကြောင့်ဖြစ်၏။

၁၇။ရှေ့ပိုင်းကိုယ်တော် – ခြင်္သေ့မင်း၏ အရှေ့ပိုင်း ကိုယ်ကဲ့သို့ပြည့်ဖြိုးသော ကိုယ်တော်ရှိ၏။

၁၈။ကျောက်ကုန်းတော် –ပြည့်ဖြိုးညီညာသော ကျောပြင် ရှိ၏။

၂၀။ လည်တိုင်တော်လက္ခဏာ– လုံးဝန်းသောလည်တိုင်တော်ရှိ၏။ လူအများ၏အကျိုးစီးပွားကိုသာ ဆောင်ရွက်တော်မူခဲ့သောကြောင့်ဖြစ်၏။

၁၉။လုံးဝန်းသော ကိုယ်တော်လက္ခဏာ– အရပ်တော်နှင့် လက်အလံတော်အချိုးကျညီမျှ၍ လုံးဝန်းသော ကိုယ်တော်ရှိ၏။ တပည့်များအား အရည်အချင်းနှင့် ကိုက်ညီအောင် ချီးမြှင့်မြှောက်စားခဲ့သောကြောင့်ဖြစ်၏။

၂၁။ရသာဆောင်ကြော လက္ခဏာတော်–နှမ်းစေ့ခန့်မျှအရသာကို တစ်ကိုယ်လုံးပျံ့နှံ့သွားအောင် စွမ်းဆောင်နိုင်ကြသော အကြောပေါင်း ၇၀၀၀–ရှိ၏။

၂၂။ မေးတော်လက္ခဏာ - ခြင်္သေ့မင်း၏ မေးကဲ့သို့ ပြည့်ဖြိုး၍ လဆန်း၁၂-ရက်နေ့၌ ထွက်ပေါ်လာသော လနှင့် သဏ္ဍာန်တူ၏။ အနှစ်မရှိပြိန်ဖျင်းသေးနုပ်သော သမ္ဖပ္ပလာပ စကားပြောခြင်းမှ ရှောင်ခဲ့သောကြောင့်ရ၏။

၂၃။ သွားတော်လေးဆယ်လက္ခဏာ-သွားတော်လေးဆယ် အစေ့အငရှိခြင်း၊

၂၅။ သွားမကျဲခြင်းလက္ခဏာ -မကျဲမကွာ သွားတော် စေ့စပ်ခြင်းလက္ခဏာ၊ ကွဲပြားနေသူတို့ကို ညီညွတ်အောင် စေစပ်ပေးခဲ့သောကြောင့် ဤလက္ခဏာနှစ်ခုကိုရလေ၏။

၂၄။ ညီညာသောသွားတော်လက္ခဏာ-ဘဝများစွာ၌ စင်ကြယ်စွာအသက်မွေးခဲ့သောကြောင့် ဤလက္ခဏာကို ရ၏။

၂၆။ စွယ်တော်လေးဆူလက္ခဏာတော်-သန့်ရှင်းဖြူစင်စွာ အသက်မွေးခဲ့သောကြောင့် ဤလက္ခဏာကိုရ၏။

၂၇။ လျှာတော်လက္ခဏာ - နားကိုထိ၍ရအောင် ရှည်၏၊ နှာခေါင်းထဲသို့လိပ်၍ သွင်းလို့ရအောင် နူးညံ့၏၊ နဖူးပြင်တစ်ခုလုံးကို အုပ်လို့ရအောင် ကျယ်ပြန့်၏။

၂၈။ အသံတော်လက္ခဏာ - ဗြဟ္မာမင်း အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ရုံ့ရင်းသောစကားမပြော၊ ချစ်ခင်ဖွယ်ရာ ချိုသာ ယဉ်ကျေးသော စကားကို ပြောခဲ့သောကြောင့် ဤလက္ခဏာ နှစ်ပါးကိုရခြင်း ဖြစ်၏။

၂၉။မျက်လုံးတော်လက္ခဏာ – ညိုသောမျက်လုံးရှိ၏။
၃၀။မျက်တောင်မွေးတော်လက္ခဏာ–အလွန်နူးညံ့သော မျက်တောင်မွေးတော်ရှိ၏။ ရိုးဖြောင့်တည်ငြိမ် ချစ်ကြည်သော မျက်လုံးဖြင့် ကြည့်ခဲ့သောကြောင့် ဤလက္ခဏာ(၂)ပါးကို ရ၏။
၃၁။ ဥဏ္ဏာလုံးမွေးရှင်တော်လက္ခဏာ– မျက်ခုန်းတော်နှစ်ဘက် အလယ်၌ ဖြူစင်ဝင်းလက်သော ဥဏ္ဏာလုံမွေးရှင်တော် ရှိ၏၊ မုသားမပြော သစ္စာစကားကိုသာ ပြောခဲ့သော ကြောင့် ဤလက္ခဏာကိုရ၏။
၃၂။ သင်းကျစ်တော်လက္ခဏာ–နဖူးတော်တွင် သင်းကျစ် ရွှေပြား ကပ်စီထားသကဲ့သို့ သင်းကျစ်တော် အသားလွှာ ပါရှိ၏။ ကုသိုလ်ကောင်းမှုပြု၍ အများ၏ ဦးစီးရှေ့ ဆောင် ပြုခဲ့သောကြောင့်ဤလက္ခဏာကိုရရှိ၏။

ပေါက္ခရသာတိပုဏ္ဏားသည် (၃၂)ပါးသော လက္ခဏာ တော်ကို ကြည့်၍ ဘုရားရှင်အား ဆည်းကပ်ရာမှ သောတာပန် တည်ကာ မိဖုရားနှင့် အခြွေအရံတို့လည်း သရဏဂုံတည်ကြ သကဲ့သို့ မြတ်စွာဘုရား၏ ကြည်ညိုဖွယ် လက္ခဏာများကို ကြည်ညိုကာ ကုသိုလ်ရယူသင့်ကြပေသည်။

# အောင်ခြင်းရှစ်ပါး

## ၁။ မာရ်နတ်သားကိုအောင်ခြင်း

ဘုရားအလောင်းတော်သည် "ဘုရား မဖြစ်သမျှ ဤပလ္လင်မှ ငါမထ"ဟု အခိုင်အမာဆုံးဖြတ်၍ အပရာဇိတပလ္လင်ထက်၌ ထိုင်နေတော်မူ၏။ ဝသဝတ္တီနတ်ဘုံမှ မာရ်နတ်သည် စကြဝဠာတံတိုင်းထိ များပြားသော မာရ်စစ်သည်တို့နှင့်တကွ ဂီရိမေခလာဆင်ကို စီးကာ လက်ရုံးတစ်ထောင်မှ လက်နက်မျိုးစုံ ကိုင်ဆောင်ထား၏။

မာရ်နတ်သည် ဘုရားရှင်အား လေကြီး မိုးကြီးတိုက်ခတ်ရွာသွန်း၏၊ ကျောက်တုံးမိုး၊ ဓါးလက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွံ့ညွန်မိုးကြီးတို့ တစ်ခုပြီးတစ်ခု ဆက်တိုက်ရွာသွန်း၏၊ ဘုရားအလောင်းအားမှောင်ထုကြီးဖြင့် ဖုံးအုပ်ရန် ဖန်ဆင်း၏၊ အလောင်းတော်သည် ပါရမီ(၁၀)ပါးတို့ကို ဆင်ခြင်ကာ ပါရမီတပ်မဟာ(၁၀)ခုဖြင့် ခုခံကာကွယ်ထားသဖြင့် မာရ်နတ်၏ လက်နက်တို့သည် အလောင်းတော်ထံ မရောက်ချေ။

မာရ်နတ်က ဗောဓိပင်နှင့် ရွှေပလ္လင်သည် သူ့ပလ္လင်သာဖြစ်သည်ဟု ဆို၏၊ သူ၏ နောက်လိုက်စစ်သည်များကို သက်သေထူ၏၊ အလောင်းတော်က "ငါသည် ပါရမီ(၁၀)ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ခဲ့၏၊ စွန့်ခြင်းကြီးငါးပါး၊

စရိယာသုံးပါးတို့ကို ဖြည့်ကျင့်ခဲ့သောကြောင့် ပေါ်ပေါက်လာသော ပလ္လင်ဖြစ်၍ ဤပလ္လင်ကို ငါသာပိုင်သည်ဟု ပြန်ပြော၏။

မာရ်နတ်နှင့် စစ်သည်တို့သည် ဒေါသထွက်ကာ ဘုရားလောင်းအား စက်လက်နက်တို့ဖြင့် ပစ်ခတ် တိုက်ခိုက်ကြ၏၊ ဘုရားအလောင်းတော်က ပါရမီတော်တို့ကို ဆင်ခြင်နေသဖြင့် ပါရမီတို့၏စွမ်းရည် တန်ခိုးကြောင့် မာရ်စစ်သည်တို့ ပစ်ခတ်သမျှ လက်နက်တို့သည် အချည်းနှီးဖြစ်ကုန်၏၊ မာရ်နတ်က ပလ္လင်တော်ကို သူသာပိုင်ကြောင်း သူ၏ စစ်သည်တို့ကို သက်သေထူ၏။

အလောင်းတော်သည် မဟာပထဝီ မြေကြီးကို လက်ယာလက်တော်ဖြင့် ထောက်ညွှန်ကာ ဤ မဟာပထဝီမြေကြီးသည် ဤပလ္လင်ကို ငါပိုင်ကြောင်း သက်သေတည်းဟု ညွှန်းတော်မူလျှင် အလောင်းတော်၏ ပါရမီစွမ်းအားကို သက်သေခံသောအားဖြင့် ပြင်းထန်စွာ လှုပ်ခါမြည်ဟီးလေ၏၊ မာရ်နတ်နှင့် စစ်သည်တို့ ခြေဦးတည့်ရာ ပြေးကြကုန်၏။

နဂါး, ဂဠုန်, နတ်, ဗြဟ္မာ ပရိသတ်တို့က မာရ်နတ်စစ်ရှုံးပြီ၊ ဘုရားလောင်းသိဒ္ဓတ္ထ အောင်ခြင်းကြီး အောင်လေပြီဟု ကြွေးကြော်ကာ ပူဇော်ကြကုန်၏။

## ၂။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း

သစ္စကပရိဗိုဇ်သည် နိဂဏ္ဌတက္ကတွန်း ဖြစ်ပြီး အမိဘက်မှ ဝါဒ(၅၀၀)၊ အဖဘက်မှ ဝါဒ(၅၀၀) သင်ယူတတ်မြောက်သူ ဖြစ်၏၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ ဆရာဖြစ်၏၊ ပညာရှိကြီးဟု ကြွေးကြော်၍ ဝါဒရေးရာ စကားစစ်ထိုးလေ့ရှိ၏၊ သစ္စကသည် လိစ္ဆဝီပရိသတ်ကိုခေါ်ကာ ဘုရားရှင်ရှိရာ မဟာဝုန်တောအတွင်း ကူဋာဂါရ(ပြာသာဒ်ကျောင်း)သို့ သွား၍ ဝါဒပြိုင်၏။

သစ္စက – အရှင်ဂေါတမ တပည့်တို့အား အဘယ်သို့ ဟောပြောလေ့ရှိသနည်း။

ဘုရားရှင် – တပည့်တို့အား ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့သည် အမြဲမရှိ အစိုးမရ အနတ္တသာဟု ပြော၏။

သစ္စက – အရှင်ဂေါတမ ကောင်းမှု မကောင်းမှု မှန်သမျှ ရုပ်ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တည်းဟူသော အတ္တဥ္စသာတည်မှီ၍ ဖြစ်ပွားရသည်၊ ရုပ်ဝေဒနာ စသည်တို့သည် မည်သည့်အခါမျှ မပျက်စီးသော အမာခံအတ္တ ဖြစ်သည်ဟု ပြော၏။

ဘုရားရှင် – သစ္စက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကို အတ္တဟု သင်ဆိုသလော။

သစ္စက – မှန်ပါသည် အတ္တဟု ဆိုပါသည်။

ဘုရားရှင် – သစ္စက သင်၏ရုပ်ကို သင်အစိုးရသည်၊ ပိုင်သည်၊ အတ္တဖြစ်သည်ဟု သင်ယူဆလျှင် သင့်ရုပ်ကို ဤသို့ဤသို့ဖြစ်စေ ဤသို့ ဤသို့ မဖြစ်စေနှင့် သင်အာဏာ ထားနိုင်သလော။

သစ္စက – အရှင်ဂေါတမ ကျွန်ုပ်ရုပ်ကို ဤသို့ ဖြစ်စေ၊ ဤသို့ မဖြစ်စေနှင့် အာဏာမထားနိုင်ပါ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ သည်လည်း အစိုးမရသော အနတ္တတရားတို့သာ ဖြစ်ပါသည်။

ဤသို့လျှင် ဘုရားရှင်သည် အတ္တဝါဒီသစ္စက တက္ကတွန်းကို အောင်နိုင်တော်မူလေသည်။

## ၃။ စိဉ္စမာဏဝိကာကို အောင်တော်မူခြင်း

စိဉ္စမာဏဝိကာသည် သာဝတ္ထိမြို့သူ ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်၏၊ တိတ္ထိတို့၏ တပည့်မဖြစ်၏၊ တိတ္ထိတို့သည် ဘုရားရှင် မကောင်းသတင်းထွက်ရန် စိဉ္စမာဏဝိကာကို အသုံးချ၏။

ညချမ်းအချိန် လူအများတရားနာပြီး ဇေတဝန်ကျောင်းတော်မှ ပြန်ကြသောအခါ စိဉ္စမာဏဝိကာသည် ပန်းနံ့သာတို့ကို ကိုင်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ သွားလေဟန်ပြပြီး တိတ္ထိကျောင်းတစ်ကျောင်းတွင် ညအိပ်၏၊

နံနက်စောစော သာဝတ္ထိပြည်သူပြည်သားတို့ ဘုရားရှင်ထံသို့သွားကြသောအခါ စိဉ္စမာဏဝိကာက ဇေတဝန်ကျောင်းတော်၌ ညအိပ်ပြီး ပြန်လာလေဟန် နံနက်စောစော မြို့သို့ပြန်လာ၏။

တစ်လခန့်ကြာသောအခါ ဇေတဝန်ကျောင်းတော်မှာ ရဟန်း ဂေါတမနှင့် အတူအိပ်ပြီး ပြန်လာသည်ဟု ပြော၏၊ သုံးလေးလခန့်ကြာသောအခါ ရဟန်းဂေါတမနှင့် ပေါင်းသင်း၍ ကိုယ်ဝန်ရနေပြီဟု ကြေညာ၏၊ ၉-လခန့် ကြာသောအခါ ကိုယ်ဝန်အရင့်အမာ အတုပြုလုပ်၍ ဘုရားရှင် တရားဟောနေရာသို့ သွားကာ ဘုရားရှင်နှင့်ရသော ကိုယ်ဝန်ဟု စွပ်စွဲ၏။

ဘုရားရှင်က ဟယ်-စိဉ္စမာဏဝိကာ သင့်စကား မှန် မမှန် သင်နှင့်ငါသာ အသိဆုံးဖြစ်သည်ဟု မိန့်ကြား၏၊ မှန်ပါသည်ရဟန်းကြီး သင်နှင့်ငါသာ သိကြ၍ပင် ယခုလို ကိုယ်ဝန်အရင့်အမာ ဖြစ်လာရသည်ဟု မတ်တတ်ရပ်လျက်ပင် တုံ့ပြန်ပြောဆို၏။

ဘုရားရှင်၏ ပါရမီတော်တန်ခိုးကြောင့် ရုတ်တရက် တိုက်ခတ်လိုက်သော လေအဟုန်ဖြင့် စိဉ္စမာဏဝိကာ၏ အပေါ်ရုံတဘက်မှာ အထက်သို့ လွင့်တက်သွားကာ ဝမ်းဗိုက်၌ ဖွဲ့ချည်ထားသော ကိုယ်ဝန်တု သစ်သားကြီးသည်လည်း စိဉ္စမာဏဝိကာ၏ ခြေဖမိုးနှစ်ဘက်ပေါ်သို့ ပြုတ်ကျကာ ခြေဖျားများ ပြတ်ကြေကုန်၏။

တရားနာ ပရိသတ်တို့ အမှန်ကို သိရှိကာ စိဋ္ဌမာဏဝိကာအား ရိုက်ပုတ်၍ ကျောင်းတော်မှ နှင်ထုတ် လိုက်လေသည်။

## ၄။ အာဠဝကဘီလူးကို အောင်တော်မူခြင်း

အာဠာဝကဘီလူးသည် အာဠဝီပြည်အနီး ညောင်ပင်ကြီးရှိ ဗိမာန်၌ နေ၏၊ ဒေါသ မာနကြီး၍ ရက်စက်ကြမ်းကြုတ်၏၊ ဝဿဝဏ်နတ်မင်းထံမှ ညောင်ပင်အောက်ဝင်သူကို စားခွင့် ရထား၏၊ အာဠဝီမင်းကြီး သမင်လိုက်ရာမှ အပြန် ထိုညောင်ပင်ရိပ်တွင် ဝင်နားမိသဖြင့် စားမည်ပြုရာ မင်းကြီးက သူ့ကိုလွှတ်ပေးပါက လူတစ်ယောက်နှင့် ထမင်းတစ်အိုး နေ့စဉ်ပို့ပေးပါမည်ဟု ပြော၏၊ ပြောသည့် အတိုင်းလည်း အကျဉ်းသား ရာဇဝတ်သားတို့ ပို့ပေး၏၊ ပို့ပေးရန်အကျဉ်းသား မရှိသောအခါ ကလေးငယ်များကို ပို့ပေး၏။ နောက်ဆုံးတွင် မင်းကြီးသည် အာဠာဝကမင်းသားကိုပို့ပေး၏

ထိုနေ့ညနေချမ်းတွင် ဘုရားရှင်သည် ဘီလူးကြီးအား ကယ်ချွတ်ရန် ဘီလူးကြီးဗိမာန်၌ နေ၏၊ ထိုအချိန်တွင် ဘီလူးကြီး ဟိမဝန္တာနတ်ဘီလူးများ အစည်းအဝေးသို့ သွားနေခိုက် ဖြစ်၏၊ တံခါးစောင့် ဂဒြဘဘီလူး သတင်းပို့ချက်အရ ဘုရားရှင် သူ၏နန်းတော်၌ ရောက်နေကြောင်း

အာဠဝက သိ၏၊ ဟေမဝတနှင့် သာတာဂီရိတို့က ဘီလူးကြီး၏ ဗိမာန်၌ အခြွေအရံ ဘီလူးမများ ဘုရားရှင်ထံမှ တရားနာနေသည်ကို တွေ့ခဲ့ရကြောင်း သတင်းပြောကြား၏။

အာဠဝကဘီလူးသည် အလွန်အမျက် ဒေါသထွက်၍ ဗိမာန်သို့ပြန်လာကာ ဘုရားရှင်အား သေစေရန် လေမုန်တိုင်းကြီး တိုက်၏၊ မိုးကြီးရွာစေ၏၊ ဓားလှံ လက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွံ့ညွှန်မိုးတို့ရွာစေ၏၊ အမှောင်ထုကြီး ဖန်ဆင်း၏၊ နောက်ဆုံး ဘွဲ့ဖြူပုဆိုးလက်နက်ဖြင့် ပစ်၏၊ ဘုရားရှင်အား တစ်စုံတစ်ရာ ထိခိုက်မှုမရှိချေ။

အာဠဝကဘီလူးက ဘုရားရှင်အား သူ၏ဗိမာန်မှ ထွက်ရန်ပြော၏၊ ဘုရားရှင်က ထွက်၏၊ ပြန်ဝင်ရန်ပြော၏၊ ဘုရားရှင်က ပြန်ဝင်၏၊ ထွက်ချီ ဝင်ချီမောမှ ခြေနှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ပစ်ရန် စိတ်ကူး၍ “ရဟန်းဂေါတမ ထွက်ခဲ့ဦးလော့”ဟု ဆို၏၊ ဘုရားရှင်က မထွက်တော့ချေ။

ဘီလူးက ဘုရားရှင်အား အမေးပုစ္ဆာကို မေးခွင့်တောင်း၏၊ ခွင့်ပြုသဖြင့် “လောက၌ မြတ်သော·ဥစ္စာကား အဘယ်နည်း၊ ချမ်းသာစေသော အကျင့်ကား အဘယ်နည်း၊ အကောင်းဆုံး အရသာကား အဘယ်နည်း မည်သည့် အသက်မွေးမှုသည် အကောင်းဆုံးနည်းဟု မေး၏။

ဘုရားရှင်က ရတနာ (၃)ပါး ကံ, ကံ၏အကျိုး၌ ယုံကြည်မှု သဒ္ဓါတရားသည် မြတ်သော ဥစ္စာဖြစ်၏၊ ကုသိုလ် ကမ္မပထတရားသည် ချမ်းသာစေသောအကျင့် ဖြစ်၏၊ မှန်သောစကားကို ပြောခြင်းသစ္စာ အကောင်းဆုံး အရသာဖြစ်၏။ ပညာဖြင့် အသက်မွေးခြင်းသည် မြတ်၏ဟု ဖြေ၏၊ ဘီလူးကြီး တရားနာအပြီးတွင် သောတာပန် ဖြစ်သွား၏၊ ထိုအခိုက် အာဠဝီမင်းကြီး သားကို ဘီလူးစာ ကျွေးရန်ပို့လာ၏၊ မင်းသားလေးကို ဘုရားရှင်အား လှူလိုက် ၏၊ ထိုသူငယ်သည် နောင်အခါ ဟတ္ထာဠဝက သူကြွယ်ဖြစ် လာ၏၊ အာဠဝီပြည်သား ၈၄၀၀၀–တို့ပါ ကျွတ်တမ်းဝင်သွား ၏။

## ၅။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

အင်္ဂုလိမာလသည် သာဝတ္ထိပြည် ကောသလ မင်းကြီး၏ ပုရောဟိတ်ဘဂ္ဂဝနှင့် မန္တာနီပုဏ္ဏေးမ တို့၏သား ဖြစ်၏၊ ၎င်းအားမွေးသောညတွင် တိုင်းပြည်ရှိ လက်နက်များ အလင်းရောင်တောက်၏၊ မင်းကြီး၏ ညောင်စောင်းရှိ လက်နက်လည်း အရောင်တောက်သဖြင့် မင်းကြီး အိပ်စက် မရရှိ၏။

ပုရောဟိတ်ကြီးက နက္ခတ်တာရာတို့ကို ကြည့်ရာ သူ၏သားငယ်သည် ကြီးပြင်းလာသောအခါ လူဆိုးကြီး ဖြစ်မည်ဟု သိ၏၊ မင်းကြီးက လက်နက်များ အရောင်

တောက်၍ အိပ်မရကြောင်း ပြောသောအခါ သူ၏သား မွေးဖွား၍ နောက်အခါ လူဆိုးဖြစ်မည့်အကြောင်း တင်လျှောက်၏၊ သားတော်ကို သတ်ရန် တင်လျှောက်၏၊ မင်းကြီးက တစ်ယောက်တည်းဆိုးမည်လော၊ အသင်းအဖွဲ့နှင့် ဆိုးမည်လောဟု မေးရာ တစ်ယောက်တည်း ဆိုးမည်ဆို၍ မသတ်ရန် မွေးမြူစောင့်ရှောက်ရန် မိန့်၏၊ အဟိံသကဟု နာမည်ပေးထား၏။

အဟိံသကက အရွယ်ရောက်၍ တက္ကသိုလ်ပညာသင် သွားရာ ဆရာကြီး ဆရာမကြီးတို့နှင့် ရင်းနှီးရာမှ ဆရာကြီး၏ ဇနီးနှင့် မှားယွင်းဟန် ကုန်းတိုက်ကြသဖြင့် ဆရာကြီးက သူ့အား ပညာအဆုံးသတ်ရန် လက်ညှိုးတစ် ထောင်ဖြတ်၍ ဆက်သရမည်ဟု ပြော၏။ အင်္ဂုလိမာလ လက်ညှိုးများဖြတ်ခဲ့ ရာ နောက်ဆုံးတစ်ချောင်းသာလိုတော့၏။ မိခင်ပုဏ္ဏေးမကြီး က သားကိုတွေ့ရန် တောထဲသို့ လိုက်လာ၏။

ဘုရားရှင်သည် အင်္ဂုလိမာလက မိခင်ကိုသတ်၍ လက်ညှိုးဖြတ်တော့မည်ကိုသိသဖြင့် တောအုပ်သို့ကြွခဲ့၏၊ မိခင်အား လိုက်နေသော အင်္ဂုလိမာလ၏ ရှေ့မှ ကာဆီးကာ တန်ခိုးတော်ဖြင့် ရပ်၏။ ရဟန်းကြီး ရပ်လော့ဟုဆိုရာ ဘုရားရှင်က ငါကား ရပ်နေ၏ သင်သာလျှင် သံသရာခရီး၌ ပြေးနေသူ ဖြစ်၏ဟု တရားဟော၏။ အင်္ဂုလိမာလသည် ဘုရားရှင်သည် ငါ့အား ချီးမြှောက်ရန် တောအုပ်သို့

ကြွလာသည်ဟု ဝမ်းသာ၍ တပည့်တော်အား ရဟန်းပြုပေးပါရန် တောင်းပန်၏၊ ဟောဘိက္ခု ဖြစ်ပြီး မကြာမီ ရဟန္တာဖြစ်၏။

## ၆။ နာဠာဂိရိဆင်ကို အောင်ခြင်း

နာဠာဂိရိဆင်ကား ခက်ထန်ကြမ်းတမ်း၏။ တနေ့သေရည် ရှစ်အိုးသောက်၏။ လူများကို နှင်းသတ်တတ်၏။ ဒေဝဒတ်သည် လက်ဝဲရံ လက်ယာရံ ရာထူးမရ၍ ဘုရားရှင်အား ရန်ညိုးဖွဲ့၏။ ဂိဇ္ဈကုဋ်တောင်မှ ကျောက်တုံး လှိမ့်ချ၍ ဘုရားရှင်ခြေမတွင် သွေးစိမ်းတည်ခဲ့၏။ ယခုလည်း ဘုရားရှင် ဆွမ်းခံအကြွ နာဠာဂိရိဆင်အား အရက်(၁၆) အိုး တိုက်၍ ဘုရားရှင်အား နှင်းသတ်စေရန် စီစဉ်၏။

နာဠာဂိရိဆင်ကြီးသည် ဘုရားရှင်ထံသို့ အရှိန်ဖြင့် တိုးဝင်လာ၏။ သာရိပုတ္တရာနှင့် သာဝကရှစ်ကျိပ်တို့က နာဠာဂိရိဆင်အား ဆုံးမလိုသော်လည်း ဘုရားရှင်ကခွင့်မပေး၊ သားသည် မိခင် တစ်ဦးက သားငယ်ကိုပစ်ကာ ထွက်ပြေးရာ ဆင်ကြီးသည် ကလေးဘက်သို့လိုက်၏။

ဘုရားရှင်သည် တလောကလုံးသို့ လွှမ်းခြုံပို့သနိုင်သည့် မေတ္တာစွမ်းအားကို နာဠဂိရိဆင်ကြီးပေါ်သို့သာ ပို့လွှတ်ထား၏။ နာဠာဂိရိ–သင့်အား သေရည်(၁၆)လုံး တိုက်ထားသည်မှာ ငါဘုရားကို နှင်းသတ်ရန်သာ ဖြစ်သည်၊ ငါဘုရားထံသို့ လာလော့ဟု ခေါ်လိုက်၏ နာဠာဂိရိဆင်သည်

ဘုရား၏ အသံကြား၍ မော့ကြည့်ကာ ကြည်ညိုဖွယ် အဆင်းကို မြင်၍ သတိသံဝေဂရပြီး ယဉ်ကျေးသိမ်မွေ့ကာ ဘုရားရှင်ရှေ့၌ ဒူးတုပ်နေလေ၏။

## ၇။ နန္ဒောပနန္ဒနဂါးကို အောင်ခြင်း

နန္ဒောပနန္ဒသည် နတ်နဂါးဖြစ်၏၊ ကြီးကျယ်သော ကိုယ်ခန္ဓာကို ဖန်ဆင်းနိုင်၏၊ သူသည် ထီးဖြူအောက်၌ နတ်နဂါးမတို့နှင့် ပျော်ပွဲစားနေစဉ် ဘုရားရှင်သည် နန္ဒောပနန္ဒအား ကယ်ချွတ်ရန် ရဟန်း ၅၀၀ နှင့်အတူ နဂါးမင်း၏ သေသောက်ပွဲ အထက်မှ ဖြတ်ကျော်၍ တာဝတိံသာသို့ သွား၏၊ နဂါးမင်း စိတ်ဆိုး၍ မြင်းမိုရ်တောင် ရင်းသို့ သွားကာ ကြီးမားသော ကိုယ်ကို ဖန်ဆင်းလျက် မြင်းမိုရ်တောင်ကို ခုနှစ်ပတ်ပတ်ပြီး တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းဖြင့်အုပ်ကာ အမှောင်ထုကို ဖန်ဆင်း၏။

ရှင်ရဋ္ဌပါလ–ရှင်ဘဒ္ဒိယ–ရှင်ရာဟုလာတို့က နဂါးမင်း အား ဆုံးမခွင့် တောင်းသော်လည်း ဘုရားရှင်က ခွင့်မပြု အရှင်မောဂ္ဂလာန်ကိုသာ ဆုံးမစေ၏၊ ရှင်မောဂ္ဂလာန်က နဂါးမင်းထက် နှစ်ဆကြီးသော နဂါးကြီးကို ဖန်ဆင်းကာ နန္ဒောပနန္ဒပေါ်မှ (၁၄) ပတ် ပတ်၍ နဂါးမင်း၏ အပေါ်မှ ပါးပျဉ်းဖြင့် ထပ်အုပ်ထား၏။ နဂါးမင်းနှင့် ရှင်မောဂ္ဂလာန်တို့ အပြန်အလှန် အခိုးအလျှံများ မီးလျှံများ လွှတ်၏။

နဂါးမင်းက သင်ဘယ်သူနည်းမေးရာ ရှင်မောဂ္ဂလာန် ဖြစ်ကြောင်းသိ၍ ပကတိရုပ်အသွင် ပြခိုင်း၏၊ ရှင်မောဂ္ဂလာန်က ပကတိရုပ်အသွင်ဖြင့် နဂါးမင်း၏ လက်ဝဲ၊ လက်ယာ နား နှာခေါင်းတို့မှ ဝင်ထွက်ပြ၏၊ ခံတွင်းမှ ဝင်၍ ဝမ်းတွင်း၌ စင်္ကြံ လျှောက်ပြ၏။

ရှင်မောဂ္ဂလာန်က ဂဠုန်မင်းအသွင် ဖန်ဆင်းကာ လေအဟုန်တိုက်ခတ်စေ၏၊ နဂါးမင်းကြောက်၍ပြေးလျှင် နောက်မှ လိုက်၏။ နဂါးမင်းသည် လွတ်အောင်မပြေးနိုင်၍ လုလင်အသွင် ဖန်ဆင်းကာ ရှင်မောဂ္ဂလာန်အား ရှိခိုး၏၊ ဘုရားရှင်ထံ ခေါ်သွားရာ နဂါး သရဏဂုံ ဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူ၏။

## ၈။ ဗကဗြဟ္မာကို အောင်တော်မူခြင်း

ဗကဗြဟ္မာကြီးသည် ပထမဈာန်ဘုံသား ဖြစ်၏။ ဗြဟ္မာဘုံ၌ အနေကြာလာသဖြင့် အတိတ်ကို မေ့ကာ ဗြဟ္မာလောကသည် မပျိုမကွဲ မြဲ၏။ ထာဝရတည်တံ့၏ဟု သဿတဒိဋ္ဌိအယူ ဖြစ်နေ၏၊ မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ အကြံကိုသိ၍ ဆုံးမကယ်ချွတ်ရန် ဗြဟ္မာ့ပြည်သို့ ကြွလေ၏။

ဘုရားရှင်သည် ဗြဟ္မာဘုံသည် ထာဝရတည်မြဲသော ဘုံမဟုတ်ကြောင်း ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်

ဗြဟ္မာ့ဘုံလောကများ မဂ် ဖိုလ်နှင့် နိဗ္ဗာန်ဟူသော သာလွန်မြင့်မြတ်သော ထွက်မြောက်ရာများ ရှိကြောင်း၊ ဗကဗြဟ္မာကြီး၏ မိစ္ဆာအယူမှားကို သုံးသပ်ပြ၏၊ ဗကဗြဟ္မာကြီး၏ ရှေးရှေးသော ဘဝများက ဘုံအမျိုးမျိုး၌ ဖြစ်ခဲ့ပုံများ ရှေးလူ့ဘဝတွင် ဗကဗြဟ္မာလောင်း ရသေ့ကြီးဘဝ ကုသိုလ်ကောင်းမှု ပြုခဲ့ပုံများကို ဟောပြရာ ဗကဗြဟ္မာကြီးသည် သူ၏ အတိတ်ဘဝဖြစ်စဉ်များကို ပြန်လည် သတိရလာ၏။

ဗကဗြဟ္မာသည် မိမိ၏ အရှုံးကို ဖုံးကွယ်လို၍ ဘန်ခိုးချင်းပြိုင်ရန် ပြော၏၊ သင့်ရှေ့မှောက်၌ ကျွန်ုပ်ပုန်းကွယ်မည် တွေ့အောင်ရှာလော့ဟု ဆို၏၊ ဘုရားရှင်က ဗကဗြဟ္မာ ပုန်းကွယ်၍ မရအောင် တန်ခိုးဖြင့် တားတော်မူ၏၊ ဗကဗြဟ္မာက အမှောင်ထုကို ဖန်ဆင်း၏၊ ဘုရားရှင်က တန်ခိုးဖြင့် တား၏။

ဘုရားရှင်က ဗြဟ္မာ သင်မပုန်းနိုင်လျှင် ငါပုန်းမည် ရှာလော့ဟုဆိုကာ တန်ခိုးတော်ဖြင့် ပုန်း၏၊ ပုန်းကွယ်လျက်ကပင် ဗြဟ္မာအပေါင်းအား တရားဟောတော်မူ၏၊ ရုပ်တော်မမြင်ရဘဲ သာယာသောအသံဖြင့် တရားဟောသည်ကိုသာ ကြားရသဖြင့် ဗြဟ္မာများ တရားသိမြင် ကျွတ်တမ်းဝင်ကြကုန်၏။

## အောင်ခြင်းရှစ်ဖြာ သင်ခန်းစာ

ဘုရားရှင်သည် အောင်ခြင်းရှစ်ပါးတို့ကို ဘဝများစွာ၌ ဖြည့်ဆည်းပူးခဲ့သော ပါရမီတို့ဖြင့် အောင်တော်မူ၏။ ဗုဒ္ဓဘာသာ သူတော်စင်တို့သည်လည်း အခက်အခဲနှင့် ရင်ဆိုင်ရသောအခါ အသုံးပြုနိုင်ရန် ပါရမီတရား ကုသိုလ်များ ပြုထား၍ ထိုကုသိုလ်တို့ကို ဆင်ခြင်အောက်မေ့လျက် အောင်မြင်မှုကို ရယူသင့်ကြပေသည်။

# အခန်း(၃)

## ဂုဏ်တော်အဖွင့်များ

### ဘုရားဂုဏ်တော် ကိုးပါး

ရှေးအခါက မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်ကြံသူတို့ကို "သမ္မာဒိဋ္ဌိ အယူရှိသူများ" ဟု ခေါ်တွင်ခဲ့ကြသည်၊ ယခုအခါ "ဗုဒ္ဓဘာသာဝင်များ"ဟု ခေါ်ဆိုနေကြသည်။ ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါးဂုဏ်တော်အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာသိထားမှ ဗုဒ္ဓဘာသာပီသ၍ အဖိုးတန်သောဘဝကို ရကျိုးနပ်ကြပေမည်။

ကျန်စစ်မင်းကြီး ပြည်ရွှေဆံတော်ဘုရား ကျောက်စာ၌ "ဤဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်း ကောင်း သတ္တဝါအပေါင်းတို့အား သုခစစ်၊ သုခမှန်ကို ပေးလျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတပါး အခြားမရှိ"ဟု ကျမ်းဂန်နှင့်အညီ ရေးထိုးထားခဲ့သည်။

မြတ်စွာဘုရားသည် ပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည်မှာ ဂဏန်းချ၍ ရေတွက်မရလောက်အောင် များပြားလှပေသည်၊ သိသာရုံမျှဖော်ပြရလျှင် ကမ္ဘာလောကရှိ သတ္တဝါအပေါင်း၏ ကောင်းမှုပါရမီများကို စုပေါင်း၍ အဆတစ်ရာဖြင့်မြှောက်လျှင် ရရှိလာသော အဖြေအရေတွက်သည်ပင်တစ်ဆူတစ်ဆူသော ဘုရားရှင်၏ ပါရမီကုသိုလ်စုကို မမီနိုင်သေးကြောင်းကို ပြဆိုထားသည်၊ ဘုရားရှင်၏ ပါရမီတော်ဂုဏ်များကား ဤမျှလောက်ကြီးမားလှသည်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ကျင့်တော်မူခဲ့သော ပါရမီကုသိုလ်တော်များသည် ဘုရားဖြစ်ရာ နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝ၌နောက်ထပ်အကျိုးပေးစရာဘဝ မရှိတော့သဖြင့် အဆုံးစွန်အကျိုးပေးရမည့်အချိန်ဖြစ်၍၊ ပါရမီကုသိုလ်ကံများ သူ့ထက်ငါ စုပြုံအကျိုးပေးလေတော့ရာ ဘာမျှလိုလေသေးမရှိ၊ ရုပ်လက္ခဏာတော်မှစ၍ ကောင်း ခြင်းဂုဏ်မှန်သမျှ အကြွင်းမဲ့ပြည့်စုံတော်မူ၏၊ ဂုဏ်တော် အနန္တ ပိုင်ရှင် ဖြစ်တော်မူသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးသား၌၊ အမြဲတစေ သိုမှီးသိမ်းဆည်းထားရမည့် ဂုဏ်တော်များကား သိုဂုဏ်တော်အနန္တ ထဲမှ ပို၍ ပဓာနကျသော အောက်ပါပင်မ ဂုဏ်တော်ကိုးပါးပင်တည်း။

## ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ၊
ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊
ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဣတိပိ သော ဘဂဝါ သုဂတော၊
ဣတိပိ သော ဘဂဝါ လောကဝိဒူ၊
ဣတိပိ သော ဘဂဝါ အနုတ္တရောပုရိသ ဒမ္မသာရထိ၊
ဣတိပိ သော ဘဂဝါ သတ္ထာဒေဝမနုဿာနံ၊
ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ၊
ဣတိပိ သော ဘဂဝါ ဘဂဝါ။

### ၁။ အရဟံ ဂုဏ်တော်

အရဟံ = လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

### အရဟံဂုဏ်တော်၏ အနက်အဓိပ္ပာယ် အပြည့်အစုံ

(က)အရဟံ = ကိလေသာတို့မှ ဝေးကွာတော်မူပြီးသော မြတ်စွာဘုရား။

(ခ)အရ-ဟံ = ကိလေသာရန်တို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

(ဂ) အရ-ဟံ = သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရား။

(ဃ) အရဟံ = ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

(င) အ-ရဟံ = မကောင်းမှုကို ဆိတ်ကွယ်ရာ၌ ပြုတော်မမူသော မြတ်စွာဘုရား။

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

သမ္မာသမ္ဗုဒ္ဓေါ = သစ္စာလေးပါး မြတ်တရားကို ဆရာမလို အလိုလို ကိုယ်တော်တိုင်သိတော်မူသော မြတ်စွာဘုရား။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**ဝိဇ္ဇာသုံးပါး (ဝိဇ္ဇာ=အသိပညာ)**

(၁) **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** = ရှေးရှေးဘဝသံသရာ၌ နေထိုင်တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့နိုင် သိမြင်နိုင်သော ဉာဏ်၊

(၂) **ဒိဗ္ဗစက္ခုဉာဏ်** = နတ်မျက်စိကဲ့သို့ ဝေးကွာသောအရာ၊ သေးငယ်သောအရာများကို မြင်နိုင် ကြည့်နိုင်သော ဉာဏ်၊

(၃) **အာသဝက္ခယဉာဏ်** = ကိလေသာ အာသဝေါ တို့ကို ကုန်စင်စေနိုင်သော အရဟတ္တမဂ် ဉာဏ်၊

ဤဝိဇ္ဇာဉာဏ်သုံးပါးသည် ဘုရားရှင်များအတွက် လွန်စွာအရေးပါလှသော ဉာဏ်တော်များ ဖြစ်သည်၊ ဘုရားရှင်၏ ဤဉာဏ်တော်သုံးပါးကို **ပု–ဒိ–အာ** ဟု အတိုကောက် ပြောဆိုသုံးစွဲလေ့ရှိကြသည်၊ ဤဉာဏ်တော်သုံးပါးတို့နှင့် ပြည့်စုံပါမှ ဘုရားစစ်ဘုရားမှန် ဖြစ်သည်၊ ဘုရားစစ် ဘုရားမှန်ဖြစ်ကြောင်းကို ဝန်ခံကြောင်းဖြစ်သော ဂုဏ်တော်ကြီး ဖြစ်သည်။

**စရဏ တစ်ဆယ့်ငါးပါး (စရဏ=အကျင့်)**

(၁) သီလ = ကိုယ်ကျင့်သီလလုံခြုံမှု၊

(၂) ဣန္ဒြိယသံဝရ = အာရုံမှန်သမျှ၌ လောဘ–ဒေါသ–မောဟ မဖြစ်စေဘဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊

ကိုယ်၊ စိတ်–ဣန္ဒြေများကို ငြိမ်သက်အောင် စောင့်ထိန်းမှု၊
(၃) **ဘောဇနေမတ္တညုတာ**= စားသောက်ရာ၌ အတိုင်းအတာ ပမာဏကိုသိမှု၊
(၄) **ဇာဂရိယာနုယောဂ** = နိုးနိုးကြားကြား တရားဘာဝနာကို အားထုတ်ကြိုးစားမှု၊
(၅) **သဒ္ဓါ** ကုသိုလ် အကုသိုလ်ကံ၊ ထိုကံတို့၏ ကောင်းကျိုး ဆိုးကျိုး၊ ရတနာသုံးပါး၊ နောက်ဘဝ သံသရာများ ရှိသည်ဟု ယုံကြည်မှု၊
(၆) **ဟိရီ** = မကောင်းမှု ဒုစရိုက်လုပ်ငန်းများပြုလုပ်ရန် ရှက်မှု၊
(၇) **ဩတ္တပ္ပ** = မကောင်းမှု ဒုစရိုက်လုပ်ငန်းများ ပြုလုပ်ရန် ကြောက်လန့်မှု၊
(၈) **သုတ** = ဗုဒ္ဓတရားတော်၌ အကြားအမြင် ဗဟုသုတများပြားမှု၊
(၉) **ဝီရိယ** = ကုသိုလ်ကောင်းမှု အလုပ်များ၌ ကြိုးစားအားထုတ်မှု၊
(၁၀) **သတိ** = ကုသိုလ် ကောင်းမှုများကို ထပ်ခါထပ်ခါ အမှတ်ရနေမှု၊

(၁၁) ပညာ = ရုပ်နာမ် အဖြစ်အပျက်ကို သိနိုင်သည့် ပညာနှင့်ပြည့်စုံမှု၊

(၁၂) ပထမဈာန်ရမှု၊

(၁၃) ဒုတိယဈာန်ရမှု၊

(၁၄) တတိယဈာန်ရမှု၊

(၁၅) စတုတ္ထဈာန်ရမှု။

ဤတရား ၁၅–ပါးသည် ဝိဇ္ဇာဉာဏ်သုံးပါးကို ရနိုင်ရန် ကျင့်ဆောင်ရမည့် ကျင့်စဉ်တရားများဖြစ်၍ စရဏဟုခေါ်ဆိုရသော အကျင့်တရားများဖြစ်သည်၊ ဝိဇ္ဇာရကြောင်း ဝိဇ္ဇာဖြစ်ကြောင်း အကျင့်ကောင်းများ ဖြစ်သည်ဟုဆိုရသည်။

## ၄။ သုဂတ ဂုဏ်တော်

သုဂတော–(၁) ကောင်းစွာကြွလာတော်မူသော မြတ်စွာဘုရား၊

(၂) နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား၊

(၃) ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရား။

## လောကရှိလူများ ပြောနေကြသော စကားခြောက်မျိုး

၁။ မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးမနှစ်သက်သောစကား၊

၂။ မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးမနှစ်သက်သောစကား၊

၃။ မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးမနှစ်သက်သောစကား
၄။ မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်သောစကား၊
၅။ မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်သောစကား၊
၆။ မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးလည်းနှစ်သက်သော စကား။

ထိုစကားခြောက်မျိုးတွင် အမှတ် (၃)နှင့် (၆)စကားတို့သည် စကားကောင်းများဖြစ်ကြသည်၊ ဤအဓိပ္ပာယ်များကို ရည်ညွှန်း၍- **စကားခြောက်ခွန်း၊ လူ့ဒွတ်ခွန်း၊ လေးခွန်းကိုယ်ယ်၊ နှစ်ခွန်းတယ်**ဟု ရှေးဆရာတို့ဆိုခဲ့ကြသည်။

ဘုရားရှင်သည် အမှတ် (၆) စကားမျိုးကို အများဆုံး ပြောဆို ဟောကြားတော်မူသည်၊ အမှတ်(၃) စကားမျိုးကိုမူ အချိန်အခါအရ ပြောဆိုသင့်မှ ပြောဆိုတော်မူခဲ့သည်။

## ၅။ လောကဝိဒူ ဂုဏ်တော်

**လောကဝိဒူ** = လောကသုံးပါးကို သိတော်မူသော ဘုရား။

**လောကသုံးပါး**

လောကသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟု သုံးပါးရှိသည်။

အသက်ရှိသော သတ္တဝါအပေါင်းသည် သတ္တလောကမည်၏၊ သတ္တဝါများ၏ တည်နေရာ ဘုံဌာနသည် ဩကာသလောကမည်၏၊ ရုပ်တရား နာမ်တရားအပေါင်းသည် သင်္ခါရလောကမည်၏။

## ၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်

အနုတ္တရောပုရိသ ဒမ္မသာရထိ=လွန်စွာရိုင်းပြ၊ခက်ထန်လှသဖြင့်၊ ဆုံးမထိုက်သောသတ္တဝါတို့ကို လိမ္မာယဉ်ကျေးအောင် အတူမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

## ၇။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်

**သတ္ထာဒေဝမနုဿာနံ** = လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ရှေ့ဆောင်လမ်းပြသူ၊ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

## ၈။ ဗုဒ္ဓဂုဏ်တော်

**ဗုဒ္ဓေါ** = သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး၍ သတ္တဝါတို့ကိုလည်း သိမြင်အောင် ဟောပြတော်မူသော မြတ်စွာဘုရား။

## သစ္စာလေးပါး အမှန်တရား

၁။ **ဒုက္ခသစ္စာ** = ဆင်းရဲခြင်း အမှန်တရား၊

ရုပ်တရားနှင့် စိတ် စေတသိက်ခေါ် နာမ်တရားများ ပေါင်းစပ်နေသည်ကို ကိုယ်ခန္ဓာဟုခေါ်သည်၊ ဤကိုယ်ခန္ဓာ ရှိနေသမျှ ကိုယ်ခန္ဓာနှင့် ဆက်စပ်နေသော ဆင်းရဲဒုက္ခမျိုးစုံကို တွေ့ကြုံရပေမည်၊ ထို့ကြောင့် ဆင်းရဲဒုက္ခမျိုးစုံ၏ စုဝေးတည်နေရာဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ ဖြစ်၏။

၂။ **သမုဒယသစ္စာ** = ဒုက္ခဖြစ်ကြောင်း အမှန်တရား၊

ဒုက္ခဖြစ်လာကြောင်းကိုရှာလျှင် တဏှာလောဘကို တွေ့ရသည်၊ ယင်းတဏှာလောဘသည် သမုဒယသစ္စာ မည်၏၊ နှစ်သက်ခုံမင် လိုချင်တောင့်တမှု မှန်သမျှသည် ဒုက္ခဖြစ်လာခြင်း အကြောင်းရင်းဖြစ်သည်၊ လူနတ်ပြဟ္မာ ဖြစ်ချင်ကြ၍ ဖြစ်ရအောင် ကြိုးစားကြသည်၊ လိုချင်တောင့်တမှု တဏှာလောဘကား ပြည့်ဝပြီ အားရပြီဟူ၍မရှိ၊ အမြဲ လို၍သာနေ၏။ ရေငတ်သဖြင့် ဆားငံရေကို သောက်ပါလျှင် သောက်လေသောက်လေ ရေငတ်မပြေသကဲ့သို့ ရလေလိုလေ ဖြစ်လာ၏၊ ရလျှင်လည်းဒုက္ခ၊ မရပြန်လျှင်လည်း ဒုက္ခ၊ တဏှာလောဘ မကင်းပြတ်သမျှ ဒုက္ခမျိုးစုံမှ လွတ်နိုင်ရန် လမ်းစမရှိ၊ ထို့ကြောင့်ဒုက္ခဖြစ်လာကြောင်း တဏှာလောဘ သည် သမုဒယသစ္စာဖြစ်၏။

## ၃။ နိရောဓသစ္စာ ဒုက္ခနှင့် တဏှာတို့၏ ချုပ်ငြိမ်းခြင်း အမှန်တရား။

ဒုက္ခနှင့် တဏှာတို့၏ ချုပ်ငြိမ်းခြင်း သဘောတရားကား–နိဗ္ဗာန်တည်း၊ ယင်းနိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၏၊ နိဗ္ဗာန်တရားသဘောသည် အရိယာပုဂ္ဂိုလ်တို့သာ တကယ်ဒိဋ္ဌ သိအပ်သော တရားသဘောဖြစ်၍ လွန်စွာလေးနက်လှသည်၊ ၃၁–ဘုံရှိ မည်သည့်ဘဝ၊ မည်သည့်ခန္ဓာမျိုးမှ အို–နာ–သေမှုတို့မှ လွတ်ရိုးမရှိ၊ တည်မြဲမှု၊ ချမ်းသာမှု၊ ကိုယ့်သဘောကျ ဖြစ်ရမှုလည်း မရှိ၊ ဆင်းရဲအတိသာဖြစ်သည်၊ ဆင်းရဲဒုက္ခရှိလျှင် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းသည့်သဘောတရားကား ဧကန် အမှန်ရှိရမည်၊ ဤတရားကိုဘဝမှ လွတ်မြောက်လိုသူတို့ ရှာဖွေနေကြပေသည်၊ ရှိလို့ရှာဖွေနေကြခြင်း ဖြစ်သည်၊ ယင်းနိဗ္ဗာန်ကို ဘုရားရှင်တို့သာ သိမြင်တော်မူကြပေသည်၊ ဟောပြတော်မူကြသည်။

**မဂ္ဂသစ္စာ** = နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်၊

ဒုက္ခနှင့် တဏှာ သမုဒယတို့ ငြိမ်းခြင်းခေါ် နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းဖြောင့်လမ်းမှန်ကား မဂ္ဂင်ရှစ်ပါးအကျင့်တရားတို့သာ ဖြစ်သည်၊ ယင်းမဂ္ဂင်ရှစ်ပါးအကျင့်တရားများသည် မဂ္ဂသစ္စာ ဖြစ်၏။

**မဂ္ဂင် ၈–ပါး**

(၁)သမ္မာဒိဋ္ဌိ–မှန်ကန်စွာ သိသောအသိပညာ၊

(၂)သမ္မာသင်္ကပ္ပ–မှန်ကန်သော အကြံအစည်၊

(၃)သမ္မာဝါစာ–မှန်ကန်သော အပြစ်ကင်းသော အပြော၊

(၄)သမ္မာကမ္မန္တ–မှန်ကန်သော အပြစ်ကင်းသော အလုပ်၊

(၅)သမ္မာအာဇီဝ–မှန်ကန်သော အပြစ်ကင်းသော အသက်မွေးဝမ်းကြောင်း လုပ်ငန်း၊

(၆)သမ္မာဝါယာမ–မှန်ကန်သော အားထုတ်မှု (သမ္မပ္ပဓာန်လေးပါး)၊

(၇)သမ္မာသတိ–မှန်ကန်သော သတိရနေမှု (သတိပဋ္ဌာန်လေးပါး)၊

(၈)သမ္မာသမာဓိ–မှန်ကန်သော တည်ကြည်မှု၊ စိတ်ငြိမ်သက်မှု။

ဤမဂ္ဂင်ကျင့်စဉ်တရား ၈–ပါးကို ဒုက္ခငြိမ်းလိုသူတိုင်းပွားများအောင် လေးကျင့်အားထုတ်ရန်လည်း မြတ်စွာဘုရားဟောကြားတော်မူ၏၊ ဤမဂ္ဂင်တရား ၈–ပါးသည် နိဗ္ဗာန်ရဖို့တစ်ခုတည်းသော သေချာဆုံးဖြစ်သော လမ်းမတော်ကြီးဖြစ်သည်၊ ဤမှတပါး တခြားလမ်းခွဲမရှိ၊ ကိုယ်တိုင်ကျင့်ရမည့်ကျင့်စဉ်သာ ဖြစ်သည်၊ တန်ခိုးရှင် တစ်ဦးဦးထံ ဆုတောင်းဝတ်ပြုခြင်းစသည်ဖြင့် ဒုက္ခမငြိမ်းနိုင်ကြောင်း ထင်ရှားနေပေသည်၊ ဤ ၈–ပါးကိုပင် မဇ္ဈိမပဋိပဒါဟု ခေါ်ဆိုသည်။

ဤသစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူပြီး၍ သူများအားလည်း မိမိကဲ့သို့ သိအောင်ဟောပြတော်မူတတ်သဖြင့် မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပေသည်။

## ၉။ ဘဂဝါ ဂုဏ်တော်

ဘဂဝါ = ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊

– မြတ်စွာဘုရားသည် မိမိ၏ ကိုယ်နှင့်စိတ်တော်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရတော်မူခြင်း၊ မဂ်, ဖိုလ်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားများကို ရရှိတော်မူခြင်း၊ လောကခတ်တိုက် တစ်သောင်း၌ ပဲ့တင်ထပ်မျှ ဂုဏ်သတင်းကျော်စောတော်မူခြင်း၊ ကိုယ်ကာယအလှမည်သူမျှပြိုင်လို့မရအောင် တင့်တယ် သပ္ပာယ်တော်မူခြင်း၊ အလိုတော် ရှိသမျှ တောင့်တတိုင်းသာ မဆိုင်းမတွ ပြည့်ဝတော်မူခြင်း၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အားလုံးအတွက် ကောင်းကျိုး ထွက်အောင် မနေမနား ကြိုးစားအားထုတ်တော်မူခြင်း၊ ဤသို့အားဖြင့် ဘုန်းတော် အနန္တ ကံတော်အနန္တ၊ ဉာဏ်တော်

အနန္တ၊ တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသဖြင့် ဘဂဝါ–ဟူသော ဂုဏ်တော်အထူးကို ရရှိတော်မူသည်။

-----

## တရားဂုဏ်တော် ၆–ပါး

### တရားဂုဏ်တော် ၆–ပါး ပါဠိ

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဧဟိ ပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### ၁။ သွာက္ခာတ ဂုဏ်တော်

ဘဂဝတာ–ရွှေဘုန်းတော်သခင် ဘုရားရှင်သည်၊ သွာက္ခာတော၊ ကြားရရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် ဖြောင့်တန်း

သင့်လျော် ကောင်းစွာဟောကြားတော်မူအပ်သော၊ ဓမ္မော-တရားတော်ဖြစ်ပါပေ၏။

## သွာက္ခါတဂုဏ်နှင့် ပြည့်စုံပုံ

(၁)အကြောင်းအရာ အတ္ထုပ္ပတ် ဖြစ်ရပ်များ တိကျမှန်ကန်ခြင်း၊

(၂)စကားဝါကျတိုင်းမှာ အသုံးအနှုန်း ကျစ်လျစ်၍ လေးနက်မှန်ကန်သော တရားသား အဆီအနှစ်များ ချည်းသာ ဖြစ်ခြင်း၊

(၃)အလိုအပိုမရှိ ကွက်တိကျ ပြည့်စုံခြင်း၊ ပညာရှင်မှန်သမျှ ငြင်းဆန်တော်လှန်လို့ မရနိုင်အောင် မှန်ကန်ခြင်း၊

(၄)တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲမပါ ခြောက်၍ မြှောက်၍ မဟော သဘောတရား ရည်ရွယ်ချက် စင်ကြယ်မွန်မြတ်ခြင်း၊

ဤသို့စသည့် ဂုဏ်တို့နှင့် ပြည့်စုံသဖြင့် သွာက္ခာတတရားတော် ဖြစ်သည်။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိကော= သူများပြောမဟုတ်၊ မုချကိုယ်တိုင် ဉာဏ်ဖြင့် သိနိုင်မြင်နိုင်သော တရားတော် ဖြစ်သည်။

## ၃။ အကာလိက ဂုဏ်တော်

အကာလိကော= အခါမလင့် ချိန်မဖင့်ဘဲ ကျင့်လျှင် ကျင့်ခြင်း ခုလက်ငင်းပင် ချက်ချင်း အကျိုးပေးသော တရားတော် ဖြစ်သည်။

## ၄။ ဧဟိ ပဿိက ဂုဏ်တော်

ဧဟိပဿိကော= လာခဲ့စမ်းပါ၊ ရှုစမ်းပါဟု သေချာပြထိုက် ဖိတ်ခေါ်ထိုက်သော တရားတော် ဖြစ်သည်။

## ၅။ ဩပနေယျိက ဂုဏ်တော်

ဩပနေယျိကော=သန္တိသုခ ငြိမ်းချမ်းလှ၍ မရမနေ ရရှိလေအောင် ကျင့်ဆောင်ထားထိုက်သော တရားတော် ဖြစ်သည်။

## ၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

ဝိညူဟိ= လေးပါးသစ္စာ မှန်စွာမြင်သိ အရိယာ ပညာရှိတို့သည်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော– ကိုယ်စီကိုယ်င တွေ့ရှိခံစားလို့ရသော တရားတော်မြတ် ဖြစ်ပါပေ၏။

## သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိ

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊

၅။ အာဟုနေယျော၊

၆။ ပါဟုနေယျော၊

၇။ ဒက္ခိဏေယျော၊

၈။ အဉ္ဇလိကရဏီယော၊

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

### ၁။ သုပ္ပဋိပန္န ဂုဏ်တော်

ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ် တပည့်သံဃာတော်သည်၊ သုပ္ပဋိပန္နော-အကျင့်မှန်ကို နာခံလိုက်နာ ကောင်းစွာကျင့်သော သံဃာတော် ဖြစ်ပါပေ၏။

### ၂။ ဥဇုပ္ပဋိပန္န ဂုဏ်တော်

ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ် တပည့်သံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော-ရိုးသား

ဖြောင့်မတ်၊ အကျင့်မြတ်ကို ဖြောင့်မှန်စွာ ကျင့်သော သံဃာတော် ဖြစ်ပါပေ၏။

## ၃။ ဉာယပ္ပဋိပန္န ဂုဏ်တော်

ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ် တပည့်သံဃာတော်သည်၊ ဉာယပ္ပဋိပန္နော-နိဗ္ဗာန်ရရန် စိတ်ရည်သန်၍ ကျင့်ကြံအားထုတ်တော်မူသော သံဃာတော် ဖြစ်ပါပေ၏။

## ၄။ သာမိစိပ္ပဋိပန္န ဂုဏ်တော်

ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ် တပည့်သံဃာတော်သည်၊ သာမိစိပ္ပဋိပန္နော-ရိုသေ ထိုက်သည့် ဂုဏ်နှင့်ကိုက်အောင် ထိုက်တန်လျော်စွာ ကျင့်တော်မူတတ်သော သံဃာတော် ဖြစ်ပါပေ၏။

## ၅။ အာဟုနေယျ ဂုဏ်တော်

[ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ-အစုံအားဖြင့် လေးစုံ၊ အဋ္ဌပုရိသပုဂ္ဂလာ- အသီးသီး တစ်ဦးစီအားဖြင့် ရှစ်ပါး]

ဧသ ဘဂဝတော သာဝကသံဃော- မြတ်ဘုရား၏ အရိယာခေါ်ဤတပည့်သံဃာတော်သည်၊ အာဟုနေယျော- ပင်ပန်းကြီးစွာ ဝေးကွာရာမှ ယူဆောင်လာကြသော လှူဖွယ် များကို ခံယူတော်မူထိုက်သော သံဃာတော် ဖြစ်ပါပေ၏။

## ၆။ ပါဟုနေယျ ဂုဏ်တော်

သေ ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ်တွင် ဤတပည့်သံဃာတော်သည်၊ ပါဟုနေယျော-ဧည့်ဝတ်ပြုရန် အထူးစီမံထားအပ်သော ပစ္စည်းမျိုးကို ခံယူတော်မူထိုက်သော သံဃာတော် ဖြစ်ပါပေ၏။

## ၇။ ဒက္ခိဏေယျ ဂုဏ်တော်

သေ ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ် ဤတပည့်သံဃာတော်သည်၊ ဒက္ခိဏေယျော-နောက်ဘဝကျိုး ရည်မျှော်ကိုး၍ ပေးလှူအပ် မြတ်ဒါနကို ခံယူတော်မူထိုက်သော သံဃာတော် ဖြစ်ပါပေ၏။

## ၈။ အဉ္ဇလိကရဏီယ ဂုဏ်တော်

သေ ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာခေါ်တွင်တပည့်သံဃာတော်သည်၊ အဉ္ဇလိကရဏီယော-လက်အုပ်မိုး၍ ရှိခိုးဦးချထိုက်သော သံဃာတော် ဖြစ်ပါပေ၏။

## ၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်

သေ ဘဂဝတော သာဝကသံဃော-မြတ်ဘုရား၏ အရိယာ ခေါ်တွင်ဤတပည့်သံဃာတော်သည်၊ လောကဿ-

ကုသိုလ်လိုလား သတ္တဝါများ၏၊ အနုတ္တရံ-အတူမရှိ ထိပ်ခေါင်ထိသော၊ ပုညခေတ္တံ-ကောင်းကျိုးထွေထွေ ဖြစ်ထွန်းစေသဖြင့် ကုသိုလ်ပြုရာ လယ်မြေကောင်းကြီး ဖြစ်ပါပေ၏။

## အလှူရှင်အတွက် အရေးကြီးသော အင်္ဂါသုံးရပ်

(၁) အလှူရှင်၏ စေတနာသုံးတန်နှင့် ပြည့်စုံမှု၊

(၂) တရားနှင့်အညီ ရှာဖွေထားသော လှူဖွယ်ပစ္စည်းများ ဖြစ်မှု၊

(၃) အလှူခံပုဂ္ဂိုလ်၏ အကျင့်သီလ ပြည့်စုံမှု –

ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံသော အလှူသည် အလှူရှင် မျှော်မှန်းထားအပ်သော ကောင်းကျိုးတို့ကို အပြည့်အစုံ ရစေနိုင်လေသည်။

## ဂုဏ်တော်ပွားနည်း လမ်းညွှန်

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို မပြတ်ရွတ်ဖတ်နေခြင်း၊ အာရုံပြုနေခြင်း၊ အောက်မေ့နေခြင်း၊ နှလုံးသွင်းနေခြင်းသည် ဂုဏ်တော်ပွားနေခြင်း ဖြစ်သည်။ ဂုဏ်တော်ကို သတိရနေသော စိတ်တွေ တိုးပွားအောင် ပြုလုပ်နေခြင်းပင်တည်း။

ဂုဏ်တော်ပွားလိုသူသည် မပွားမီ ရှေးဦးစွာ ဂုဏ်တော်တစ်ပါးပါး၏ ပါဠိ-အနက်ကို နှုတ်တက်အောင် အရကျက်၍

ကျေညက်အောင် လေ့ကျင့်ရမည်၊ ဆိုထားချက် အနက် အဓိပ္ပါယ်ကို သိနားလည်ထားရမည်၊ ထိုနောက်

(၁) တိတ်ဆိတ်သော နေရာဒေသ၊ ကာလကို ရွေးချယ်ပါ။

(၂) သီလဆောက်တည်၍ လုံခြုံအောင် ထိန်းသိမ်းပါ။

(၃) အရှင်မြတ်ဘုရား တပည့်တော်၏ ကိုယ်ခန္ဓာကို အရှင်မြတ် ဘုရားအား အပ်နှံလှူဒါန်းပါ၏ဟုဆို၍ မိမိကိုယ်ခန္ဓာကို ဘုရားရှင်အား လှူဒါန်းပူဇော်ပါ။

(၄) တရားထိုင်သည့် ပုံစံအတိုင်း ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထိုင်ပါ။

(၅) ပွားမည့်ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို ထိထိမိမိ စိတ်အာရုံတွင် ထင်ပေါ်လာအောင် စိတ်ဖြင့်ဆင်ခြင် ပွါးများပါ၊ ဂုဏ်တော်ထဲ၌ စိတ်စိုက်နေအောင် အာရုံယူ နေထိုင်ပြီး ထပ်တလဲလဲ နှလုံးသွင်းပါ။

## ဂုဏ်တော်ပွားရကျိုးများ

(၁) ဂုဏ်တော်ပွားလို့ ရရှိလာသော ပီတိအားသည် စကြဝဠာတေး၏ မင်းစည်းစိမ်နှင့် မလဲနိုင်အောင် နှစ်သက်မှုစွမ်းအား ကြီးမားလှ၏။

(၂) ဂုဏ်တော်ပွားသူ၏ လိုရာဆန္ဒ တောင်းတသမျှ ပြည့်ဝစေနိုင်သည်။

(၃) စိတ်ရွှင်လန်းခြင်း၊ စာကျက်လို့ရလွယ်ခြင်း၊ မှတ်ဉာဏ် ကောင်းခြင်း၊ သတိ–ပညာ–သဒ္ဓါတရား များကို တိုးပွားစေနိုင်၏။

(၄) ကိလေသာတရားများ နည်းပါး၍ ဂုဏ်တော်များ အမြဲကိန်းဝပ်နေသဖြင့် စေတီသဖွယ် ကိုးကွယ်ထိုက် ပူဇော်ခံထိုက်ပေသည်။

(၅) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် အတူတကွ နေရသကဲ့သို့ ဖြစ်လာ၍ မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်ပြောဆိုရန် မဆိုထားဘိ၊ စိတ်ဖြင့်ပင် မကူးရဲအောင် ရှက်တတ် ကြောက်တတ် လာသည်၊ ကုသိုလ်တရားများသာ အမြဲတိုးပွား နေ၏။

## သရဏဂုံအကြောင်း

သရဏ = သရဏ–ဟူသည် ကိုးကွယ်ရာ၊ အားထားရာ အနက်ကို ဟောသည်၊

ဘေးရန်အန္တရာယ် ကြုံလာသောအခါ ကြုံတွေ့နေ ရသော ဘေးရန်အန္တရာယ်တို့မှ လွတ်ကင်းလိုသဖြင့် ကိုးကွယ် ရာ အားထားရာကို ရှာလေ့ရှိကြသည်၊ ရတနာမြတ် သုံးပါးသည် ထိုဘေးရန်အန္တရာယ်များမှ လွတ်မြောက် အောင် အကာအကွယ် ပေးတတ်သောကြောင့် ကိုးကွယ်ရာ အားထားရာ အစစ်အမှန်ဖြစ်သည်၊ ထို့ကြောင့် ရတနာ

မြတ်သုံးပါးကို စစ်မှန်သော ကိုးကွယ်ရာ အားထားစရာ ဖြစ်သောကြောင့်–သရဏ–ဟုဆိုရပေသည်၊ စစ်မှန်သော ရတနာမြတ်သုံးပါးသည်သာ သရဏ–ဟု ခေါ်ဆိုရသည်။

## သရဏဂမန (သရဏဂုံ) အဓိပ္ပာယ်

ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တို့ကို ဆည်းကပ်ကိုးကွယ် ယုံကြည်သော သဒ္ဓါ ဦးဆောင်သော သဒ္ဓါ–ပညာနှစ်ပါး ဦးစီးသော မဟာကုသိုလ်စိတ်ကို သရဏဂုံ–ဟုခေါ်သည်၊ ထိုသရဏဂုံ သည် သုံးမျိုးသာရှိသည်၊

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ – ဘုရားမြတ်ကို ကိုးကွယ်ပါ၏၊

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ – တရားမြတ်ကို ကိုးကွယ်ပါ၏၊

(၃)သံဃံ သရဏံ ဂစ္ဆာမိ– သံဃာမြတ်ကို ကိုးကွယ်ပါ၏၊

## ဗုဒ္ဓဘာသာအဖြစ် ခံယူခြင်း

ဗုဒ္ဓဘာသာ စင်စစ် ဖြစ်လိုသူသည် ဖော်ပြပါ သရဏဂုံ ပါဠိကို ဘုရားရုပ်ပွားတော်ထံမှာ ဖြစ်စေ၊ သံဃာတော်တစ်ပါးပါး ထံမှာဖြစ်စေ ရွတ်ဆိုလျက် ခံယူ ဆောက်တည်ရမည်၊ ထိုအခွင့်အရေးမျိုး မရနိုင်လျှင် မိမိဘာသာလည်း ရွတ်ဆိုဆောက်တည်နိုင်သည်၊ ရတနာမြတ်သုံးပါးကို ကိုးကွယ်လိုသော သဒ္ဓါဦးဆောင်သော ကုသိုလ်စိတ်မျိုး ဖြစ်ပေါ်စေပြီးနောက် မည်သည့်ဘာသာစကားဖြင့် ဖြစ်စေ

ခံယူဆောက်တည်ပါလျှင် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်ပေသည်။

## ဗုဒ္ဓလက်ထက်က သရဏဂုံဆောက်တည်ပုံ ၄–မျိုး

(၁) ယနေ့မှစ၍ တပည့်တော်ကိုယ်ကို ရတနာ မြတ်သုံးပါးအား အပ်နှင်းပါ၏ဟု ဆို၍လည်း ဆောက်တည်ခဲ့ကြသည်။

(၂) ယနေ့မှစ၍ ရတနာ သုံးပါးကိုသာ ကိုးကွယ်သူဟု ကျွန်ုပ်ကို မှတ်ယူပါ ဆို၍လည်း ဆောက်တည် ခဲ့ကြသည်။

(၃) ယနေ့မှစ၍ ရတနာ မြတ်သုံးပါး၏ တပည့်ဟု မှတ်ယူတော်မူပါဟု ဆို၍လည်း ဆောက်တည် လေ့ရှိခဲ့ကြသည်။

(၄) ယနေ့မှစ၍ ရတနာသုံးပါးကိုသာ ရှိသေမြတ်နိုး လက်အုပ်မိုးကာ ရှိခိုးပူဇော်သူဟု မှတ်ယူတော်မူပါဟု ဆို၍လည်း ဆောက်တည်ခဲ့ကြသည်။

## သရဏဂုံ တည်, မတည်၊ ပျက်, မပျက်

မြတ်သောအလှူခံ ပုဂ္ဂိုလ်၊ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်အဖြစ် အထွတ်အမြတ် သဘောထား၍ ရှိသေ လေးမြတ်မှု ပြုမှသာ သဒ္ဓါစစ်စစ် တကယ်အမှန် စိတ်တွင်

ဖြစ်မှသာ သရဏဂုံတည်သည်၊ ထိုသဘောထားမှုမျိုး မပါခဲ့လျှင်ကား သရဏဂုံ မတည်ပေ။

ဆွေမျိုးတော်စပ်၍ ရှိခိုးခြင်း၊ ကြောက်၍ ရှိခိုးခြင်း ပညာသင်ဆရာဖြစ်၍ ရှိခိုးခြင်း၊ မင်းစိုးရာဇာကို ရှိခိုးခြင်း၊ ဖမ်းစားမည်စိုး၍ နတ်ကို ရှိခိုးခြင်းများသည် ဖော်ပြခဲ့သော သရဏဂုံသဘောမျိုး မဟုတ်၍ သရဏဂုံမပျက်ပေ၊ သရဏဂုံ တည်ခြင်း ပျက်ခြင်းမှာ ကိုးကွယ်သူ၏ စိတ်၌ အထွတ်အမြတ် သဘောထားမှု မထားမှုသည်သာ ပဓာန အကြောင်း ဖြစ်သည်၊ သရဏဂုံတစ်ကြိမ် ဆောက်တည်ပြီးလျှင် ဖော်ပြပါ သရဏဂုံပျက်ခြင်း အလုပ်များကို မပြုခဲ့ပါက ပြန်၍ ဆောက်တည်ဖွယ် မလိုပေ။

ဘာသာအယူဝါဒ ကူးပြောင်းသွားလျှင် ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ သရဏဂုံပျက်လေပြီ၊ သေ၍ ပျက်ရခြင်းမှာ အပြစ်မရှိသော်လည်း ဘာသာကူးပြောင်း၍ ပျက်ခြင်းမှာ အပြစ်များစွာ ဖြစ်ပွားလာနိုင်သောကြောင့် အပြစ်ရှိသော ပျက်ခြင်း ဖြစ်သည်။

## သရဏဂုံ ညစ်နွမ်းခြင်း

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိခြင်း၊

ရတနာ သုံးပါး၌ သံသယဝင်ခြင်း၊

ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အလွဲအမှား သိခြင်း၊

ဤသုံးမျိုးသည် သရဏဂုံညစ်နွမ်း စေတတ်ပေသည်။

## သရဏဂုံ ဆောက်တည်ရကျိုးများ

(၁)သရဏဂုံ ကောင်းစွာတည်သူ အပါယ်လေးပါးသို့ မကျနိုင်၊

(၂)သုဂတိဘုံဘဝသို့ ရောက်၍ သူတကာထက်ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှပခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း။

(၃)အခြွေအရံပေါများခြင်း၊ ဘုန်းတန်ခိုး အာဏာကြီးမားခြင်း၊

(၄)အကောင်းဆုံးဖြစ်သော အာရုံငါးပါးတို့ဖြင့် ပြည့်စုံခြင်း၊

(၅)အများအပူဇော်ခံရခြင်း၊

(၆)ဉာဏ်ပညာ ထက်မြက်ခြင်း၊

(၇)မိမိပတ်ဝန်းကျင်က မိမိအလိုသို့ လိုက်ပါခြင်း၊

(၈)သူတကာတို့ မနှိုင်းသာအောင် စည်းစိမ်ဥစ္စာ ခံစားရခြင်း၊

(၉)ရွှေအဆင်းကဲ့သို့ အသားအရေ ဝါဝင်းလှပခြင်း၊

(၁၀)အများတကာ၏ ချစ်မြတ်နိုးမှုကို ခံရခြင်း၊

(၁၁)ခိုင်မြဲသော မိတ်ကောင်းဆွေကောင်း ရရှိခြင်း၊

(၁၂)နေရာတကာမှာ ကျော်စောထင်ရှား ပေါ်လွင်ခြင်း။

# ဥပါသကာ၊ ဥပါသိကာအကြောင်း

ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သော (သရဏဂုံတည်သော) အမျိုးသားများကို ဥပါသကာ ဟု ခေါ်၍၊ အမျိုးသမီးများကို ဥပါသိကာဟု ခေါ်သည်။

သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် ဥပါသကာ ဥပါသိကာတို့၏ အခန်းကဏ္ဍတာဝန်လည်း အရေးပါလှ၏၊ သံဃာတော်အရှင်မြတ်တို့ ရှေ့ကဦးဆောင်၍ ဥပါသကာ ဥပါသိကာတို့က နောက်ကနေ၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပံ့ပိုးလျက် စိတ်တူသဘောတူ ကူညီကြသူများဖြစ်ကြသည်၊ သာသနာတော်နှင့် သံဃာတော်များအတွက် အမြဲတမ်း အဆင်သင့် ပေးလှူရဲသူများ ဖြစ်ကြရသည်၊ ဥပါသကာ၊ ဥပါသိကာတို့သည် သာသနာ့အရေး ကိစ္စကြုံလာလျှင် ကြောင့်ကြမဲ့ မနေကြဘဲ သံဃာတော်များနှင့် အတူ လက်တွဲ၍ ဆောင်ရွက်ကြရသည်။

## ဥပါသကာ ဥပါသိကာတို့၏ ကိုယ်ကျင့်သီလ

ဥပါသကာ ဥပါသိကာမှန်လျှင်-(၁) သူ့အသက်ကို သတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃) သူ့အိမ်ယာကို စော်ကားလွန်ကျူးခြင်း၊ (၄) လိမ်ညာပြောဆိုခြင်း၊ (၅) အရက်သေစာ သောက်စားခြင်းတို့မှ ရှောင်ကြဉ်နေထိုင်ခြင်း ဟူသော ငါးပါးသီလနှင့် အမြဲထာဝရ ပြည့်စုံရသည်။

## ဥပါသကာ-ဥပါသိကာတို့ ရှောင်ကြဉ်ရမည့် အသက်မွေး ဝမ်းကျောင်း(၅)မျိုး

(၁) လက်နက်ရောင်းဝယ်မှု၊
(၂) လူကုန်ရောင်းဝယ်မှု၊
(၃) အသားကုန်ရောင်းဝယ်မှု၊
(၄) သေရည်အရက်၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊
(၅) အဆိပ်ကုန် ရောင်းဝယ်မှု-

ဤရောင်းဝယ်စားသောက်မှု(၅)မျိုးကား မိမိသူတပါး နှစ်ဦးစလုံး ထိခိုက်ပျက်စီးစေနိုင်၍ မတရားသော၊ အပြစ်မကင်းသော ရောင်းဝယ် စားသောက်မှုများ ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

## ဥပါသကာယုတ်၊ ဥပါသကာမြတ်အင်္ဂါ (၅)ပါး

(၁) သဒ္ဓါတရား မရှိခြင်း၊
(၂) အကျင့်သီလ ပျက်စီးခြင်း၊
(၃) ကောင်းတာကိုမြင်ရ၊ ကြားရ၊ နံ၊ စား၊ တွေ့ထိရလျှင် ကြီးပွားကြောင်း မင်္ဂလာ-ဟု ယုံကြည် သက်ဝင်တတ်ခြင်း၊
(၄) လောကီမင်္ဂလာကိုသာ ယုံကြည်လက်ခံ၍ ကံ-ကို မယုံကြည်ခြင်း၊

(၅) ဗုဒ္ဓသာသနာတော်မှတပါး အခြား အလှူခံပုဂ္ဂိုလ်ကို ဦးစားပေး လှူပြီးမှ သာသနာတော်ကိုမှူ နောက်မှ ပြုခြင်း —

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသူသည် ဥပါသကာယုတ်ဖြစ်၍ မပြည့်စုံသူသည် ဥပါသကာမြတ် ဖြစ်ပေသည်။

**ဥပါသကာ ဆုတ်ယုတ်ကြောင်း (၇)မျိုး**

(၁) ရဟန်းသံဃာများအား တွေ့ဆုံဖူးမြော်မှု ယုတ်လျော့ခြင်း၊

(၂) တရားနာယူမှု၌ မေ့လျော့ခြင်း၊

(၃) ကိုယ်ကျင့်သီလ လုံခြုံအောင် မစောင့်ထိန်းခြင်း၊

(၄) သံဃာတော်များ အပေါ်၌ ကြည်ညိုမှု အားနည်းခြင်း၊

(၅) အပြစ်ရှာလိုသော စိတ်ဖြင့် တရားနာခြင်း၊

(၆) သာသနာ့အပြင်ဘက်၌ အလှူခံ ပုဂ္ဂိုလ်ကို မြော်ကိုးခြင်း၊

(၇) ကုသိုလ်ပြုရာ၌လည်း သာသနာ့ပြင်ဘက်၌ ဦးစားပေးပြီးမှ သာသနာတော်အတွက် နောက်ကျမှ ကုသိုလ်ပြုခြင်း။

**မှတ်ချက်။** ဥပါသကာ ပြည့်စုံကြောင်း အရည်အချင်း (၇)မျိုးကို အပြန်နည်းအားဖြင့် မှတ်ယူရ၏။”

## ဥပါသကာဂုဏ်ရည် (၁၀)မျိုး

(၁) သံဃာတော်များနှင့် ချမ်းသာမကွဲ ဆင်းရဲအတူ ရှိခြင်း၊

(၂) မြတ်ဘုရား၏ တရားကိုသာ အလေးဂရုထားခြင်း၊

(၃) မိမိစီးပွားရေးအလျောက် ခွဲဝေလှူဒါန်းရခြင်း၊

(၄) မြတ်စွာဘုရား သာသနာဆုတ်ယုတ် ပျက်စီးမည်ကို ကြားလျှင် မြင်လျှင် တည်တံ့ ပြန့်ပွားအောင် ကြိုးစားခြင်း၊

(၅) ဖြောင့်မှန်သော အယူရှိခြင်း၊

(၆) ကောတုဟလကို မင်္ဂလာဟု မယုံကြည်ခြင်း၊

(၇) အသက်ဟူသောအကြောင်းကြောင့် သာသနာ့ပြင်ပ ပုဂ္ဂိုလ်ကို ကိုးကွယ်မှု မပြုခြင်း၊

(၈) ကာယကံ-ဝစီကံတို့ကို အပြစ်ကင်းအောင် စောင့် ထိန်းခြင်း၊

(၉) အချင်းချင်း ညီညွတ်စွာ နေထိုင်၍ ဝန်တိုမှု၊ ငြူစူမှု မရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှု-ဝါကြွားမှု မရှိရခြင်း၊

(၁၀) ဘုရား, တရား, သံဃာတော်ကိုသာ ကိုးကွယ် ဆည်းကပ်ခြင်း။

ပြခဲ့သော ကိုယ်ကျင့်သီလ၊ အသက်မွေးမှု ဂုဏ်အရည် အချင်းကောင်းများနှင့် ပြည့်စုံ၍ အနာဂတ်သာသနာတော်

အတွက် ဘုရားရှင်လိုလားအပ်သော ဥပါသကာကောင်း၊ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်မြောက်အောင် ကြိုးစား ကြရာ၏။

# အခန်း (၄)

## ကံနှင့် ကံ၏အကျိုး

### ကံအဓိပ္ပာယ်

ကံဆိုသည်မှာ “ကမ္မ”ပါဠိမှဖြစ်လာသော မြန်မာဝေါဟာရဖြစ်၏။ ပြုလုပ်မှုဟုအဓိပ္ပာယ်ရသည် (ကမ္မ=ကမ်=ကံ) ထိုကံသည် -

(က) ကာယကံ - ကိုယ်ဖြင့်ပြုလုပ်မှု၊
(ခ) ဝစီကံ - နှုတ်ဖြင့်ပြောဆိုမှု၊
(ဂ) မနောကံ - စိတ်ဖြင့်ကြံစည်မှု -

ဟူ၍ သုံးမျိုးရှိ၏။

### ကံနှင့်စေတနာ

စေတနာဆိုသည်မှာ မိမိနှင့်အတူဖြစ်သည့် နာမ်တရားတို့ကို ကိစ္စအသီးသီးရှက်ဆောင်ကြရန် တိုက်တွန်းလှုံ့ဆော်ပေးသော (ဝါ)တွန်းအားပေးတတ်သော နာမ်တရားတစ်ခု

ဖြစ်သည်၊ စေတနာကတိုက်တွန်းလှုံ့ဆော်ပေးသောကြောင့် သတ္တဝါတို့သည် ကောင်းကောင်း ဆိုးဆိုး၊ အမျိုးမျိုးသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ကြသည်၊ ကံဆိုသည့် ပြုလုပ်မှုများ ဖြစ်ပေါ်လာရာ၌ စေတနာသည် ပဓာန အကြောင်းတရား ဖြစ်သည်။ ထို့ကြောင့် အကြောင်းတရား ဖြစ်သည့်စေတနာကိုလည်း ကံ–ဟုခေါ်ရ၏။ ထိုစေတနာ သည်လည်း မပြုလုပ်မီရှေ့ပိုင်း၌ဖြစ်သော ပုဗ္ဗစေတနာ၊ ပြုလုပ်ဆဲ၌ဖြစ်သော မုဉ္စစေတနာ၊ ပြုလုပ်ပြီးနောက်ပိုင်း၌ ဖြစ်သော အပရစေတနာ ဟု သုံးမျိုးရှိသည်။

## အတိတ်, ပစ္စုပ္ပန် ကံနှစ်တန်

ကံဆိုရာ၌ အတိတ်ကံ, ပစ္စုပ္ပန်ကံနှစ်မျိုးလုံး ပါဝင် သည်၊ ထိုအတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်မျိုးလုံးနှင့် ထိုကံတို့၏ အကျိုးတို့ကို သက်ဝင်ယုံကြည်မှ ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်၏၊ အတိတ်ကံကြောင့်လူ့ဘဝ၊ နတ်ဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာ ဘဝ စသော ကောင်းကောင်းဆိုးဆိုး ဘဝအမျိုးမျိုးကိုလည်း ရကြ၏၊ ထိုဘဝများ၌ ချမ်းသာမှု၊ ဆင်းရဲမှုတို့ကိုလည်း ခံစားကြရ၏၊ အတိတ်ကံသည် မူရင်းပဓာနဖြစ်သော်လည်း ဉာဏ်, ဝီရိယဦးဆောင်သော ပစ္စုပ္ပန်ကံ၏ အထောက်အပံ့ရမှ အများအားဖြင့် အကျိုးပေးလေ့ ရှိ၏။

# ကုသိုလ်ကံနှင့် အကုသိုလ်ကံ

## ကုသိုလ်ကံ

ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းကျိုးပေးခြင်း သဘောလက္ခဏာရှိသော ပြုလုပ်မှုမျိုးဖြစ်သည်။ ကောင်းမှုဟုလည်းခေါ်၏၊ ထိုကုသိုလ်ကံသည်ကာယကံ ၃–ပါး၊ ဝစီကံ ၄–ပါး၊ မနောကံ ၃–ပါးအားဖြင့် ၁၀–ပါး ရှိ၏၊ ထို ၁၀–ပါးကို ကောင်းသောအကျင့်များဖြစ်၍ သုစရိုက်ဟုခေါ်သည်။ လူ့ဘဝ, နတ်ဘဝဟူသော သုဂတိဘဝများသို့ ရောက်စေတတ်သော လမ်းခရီးကောင်းဖြစ်သောကြောင့် "ကုသလကမ္မပထတရား ၁၀–ပါးဟုလည်း ခေါ်၏။

## အကုသိုလ်ကံ

အကုသိုလ်ကံဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းကျိုးပေးခြင်း သဘောလက္ခဏာရှိသော ပြုလုပ်မှုမျိုး ဖြစ်သည်။ မကောင်းမှုဟုလည်း ခေါ်၏၊ ထိုအကုသိုလ်ကံသည် ကာယကံ ၃–ပါး၊ ဝစီကံ ၄–ပါး၊ မနောကံ ၃–ပါးအားဖြင့် ၁၀–ပါး ရှိ၏၊ ထို ၁၀–ပါးကို မကောင်းသော အကျင့်များဖြစ်၍ ဒုစရိုက်ဟု ခေါ်သည်။ အပါယ်လေးပါး ဒုဂ္ဂတိဘဝများသို့ ရောက်စေတတ်သော လမ်းခရီးဖြစ်သောကြောင့် "အကုသလ ကမ္မပထတရား ၁၀–ပါး

ဟုလည်း ခေါ်၏။

## လုပ်ဆောင်မှု (ကိစ္စ)အရ ကံ (၄)မျိုး

ကံသည် လုပ်ဆောင်မှု (ကိစ္စ)အားဖြင့် (၄)မျိုးရှိ၏၊ ထိုလေးမျိုးမှာ –

(၁) ဇနကကံ၊
(၂) ဥပတ္ထမ္ဘကကံ၊
(၃) ဥပပီဠကကံ၊
(၄) ဥပဃာတကကံ တို့ဖြစ်သည်။

### ဇနကကံ

ထိုလေးမျိုးတွင် မိမိကိုယ်တိုင် ဘဝသစ်တစ်ခုကို တည်ထောင်ပေးနိုင်၍ ထိုဘဝသစ်၌ ကောင်းကျိုးဆိုးကျိုး တို့ကို ဖြစ်စေနိုင်သော ကံကို "ဇနကကံ"ဟုခေါ်၏။

**ဆောင်ပုဒ်။** ။ဝိပါက်စိတ်, စေ၊ ရုပ်ထွေထွေကို၊ သန္ဓေ, ပဝတ္တိ၊ ခွင့်ခါရှိသော်၊ မိမိကိုယ်တိုင်၊ ဖြစ်စေနိုင်၊ ခေါ်ပိုင်ဇနက။

### ဥပတ္ထမ္ဘကကံ

ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကို လည်းကောင်း ကူညီထောက်ပံ့ပေးသောကံကို "ဥပတ္ထမ္ဘက

ကံ”ဟု ခေါ်၏၊ ထိုကံသည် ဇနကကံကို အကျိုးပေးခွင့် ရအောင်လည်း ကူညီထောက်ပံ့၏၊ အကျိုးပေး ထက်သန် အောင်လည်း ကူညီထောက်ပံ့၏။ အကျိုးကို ကြာရှည်စွာ တည်တံ့အောင်လည်း ကူညီထောက်ပံ့၏။

**ဆောင်ပုဒ်။** ။ အကျိုးပေးခွင့်၊ အခါသင့်အောင်၊ အခွင့် သင့် ပြန်၊ ကျိုးပေးသန်အောင်၊ ပေးပြန်ပြီး ခါ၊ ရှည်မြင့်ကြာသို့၊ လျော်စွာထောက်မ၊ ကူညီက၊ ဥပတ္ထမ္ဘကခေါ်။

## ဥပပီဠကကံ

ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကို လည်းကောင်း ဆုတ်ယုတ်လျော့ပါး ညှိုးနွမ်းသိမ်ငယ်သွား အောင် ဖိစီးနှိပ်စက်၊ နှောင့်ယှက်တားမြစ် တတ်သောကံကို “ဥပပီဠကကံ”ဟုခေါ်၏၊ ထိုကံသည် ဇနကကံများ လုံး၀ အကျိုးပေးခွင့်မရအောင်လည်း နှိပ်စက်၏၊ အကျိုးပေး မထက်သန်အောင်လည်း နှိပ်စက်၏၊ အကျိုးတရားများ ကြာရှည်စွာ မဖြစ်ပွားအောင်လည်း နှိပ်စက်၏။

**ဆောင်ပုဒ်။** ။ အကျိုးပေးခွင့်၊ မရလင့်အောင်၊ ရသင့် လေပြန်၊ ကျိုးမသန်အောင်၊ ရပြန် အကျိုး၊ မဖွံ့ဖြိုးဖို့၊ အမျိုးမျိုးက၊ နှိပ်စက်လှ၊ ဥပပီဠကကံ။

## ဥပဃာတကကံ

ကံတစ်ပါးကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း သတ်ဖြတ်တတ်သောကံကို"ဥပဃာတကကံ" ဟုခေါ်၏၊ ဥပပီဠကကံက နှိပ်စက်ရာ၌ ယခုလတ်တလော အကျိုးမပေးအောင် မတတ်နိုင်၊ ဥပဃာတကကံကား နောင်အခါ လုံးလုံးအကျိုးမပေးနိုင်အောင် တခါတည်း သတ်ဖြတ်လိုက်၏၊ ကံတစ်ပါးကိုကပ်၍ သတ်ဖြတ်တတ်သောကြောင့် ထိုကံကို "ဥပစ္ဆေဒကကံ" ဟုလည်းခေါ်၏။

**ဆောင်ပုဒ်။** ။ နှိပ်စက်ရုံတွင်၊ မကချင်ဘဲ၊ ယခင်ထက်တိုး၊ ကံအကျိုးကို၊ ပယ်ချိုးနှိမ်ချ၊ သတ်ဖြတ်က၊ ဥပဃာတက ကံ။

## အကျိုးပေးစဉ် (ပါကဒါန)အရ ကံ(၄)မျိုး

ကံသည် အကျိုးပေးစဉ်အရ လေးမျိုးရှိ၏၊ ထိုလေးမျိုးမှာ -

(၁) ဂရုကကံ၊

(၂) အာသန္နကံ၊

(၃) အာစိဏ္ဏကံ၊

(၄) ကဋတ္တာကံ တို့ဖြစ်သည်။

**ဂရုကကံ**

ကြီးလေးသောအကျိုးကို ပေးသည့်ကံမျိုးကို ဂရုကကံဟု ခေါ်၏၊ ကြီးလေးသော အကျိုးကို ပေးခြင်းဆိုသည်ကား အခြားကံများက ထိုကံ၏ အကျိုးပေးမှုကို မခုခံ မတားဆီးနိုင်သဖြင့် သေဆုံးသည်နှင့် တပြိုင်နက်ကေန် အကျိုးပေးသည့် ကံမျိုးဟု ဆိုလိုပေသည်။

ထိုဂရုကကံသည် ကုသိုလ်အရာ၌ တန်ခိုးအာနုဘော်ကြီးမားသော မဟဂ္ဂုတ်ဈာန် ကုသိုလ်ကံများဖြစ်၍ အကုသိုလ်အရာတွင် အပြစ်ကြီးမားသော ပဉ္စာနန္တရိယကံ ငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိကံတို့ ဖြစ်သည်။

**အာသန္နကံ**

အာသန္နသဒ္ဒါသည် အနီးဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် အာသန္နကံဆိုသည်မှာ သေခါနီးကာလ၌ ရှေ့က ပြုခဲ့ပြီးသည့် ကောင်းမှု (သို့မဟုတ်) မကောင်းမှုတို့ကို ပြန်လည်အောက်မေ့ အမှတ်ရသော ကံသည်လည်းကောင်း၊ သေခါနီးကာလ၌ တရားနာခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ တစ်ဦးနှင့်တစ်ဦး သတ်ပုတ်ရိုက်နှက်ခြင်းစသော ကံတို့သည် လည်းကောင်း အာသန္နကံ မည်၏။

## အာစိဏ္ဏကံ

အာစိဏ္ဏဟူသော ပါဠိသည် မြန်မာလို“အမြဲမပြတ် လေ့ကျက်ဆည်းပူးခြင်း၊ တိုးပွါးစေခြင်း”ဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် အကုသိုလ်အရာ၌ သတ်ခြင်း ခိုးခြင်း စသည်တို့ကို အမြဲမပြတ် ပြုလုပ်၍ အသက်မွေးမှုသည်လည်းကောင်း၊ ကုသိုလ်အရာ၌ ပိဏ္ဍပါတ်ဆွမ်းလောင်းလှူခြင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ စာပေသင်ကြား ပို့ချခြင်း စသည်တို့ကို အမြဲမပြတ် လေ့လာဆည်းပူးမှုသည် လည်းကောင်း အာစိဏ္ဏကံ ဖြစ်ပါသည်။

အထူးမှတ်သားရန်မှာ အကြိမ်ကြိမ် အဖန်ဖန် ထပ်တလဲလဲ ပြုလုပ်နေမှ အာစိဏ္ဏကံ မည်သည်မဟုတ်၊ တစ်ကြိမ် ကုသိုလ်ပြုပြီးနောက် ထိုကုသိုလ်ကို ထပ်တလဲလဲ သတိရ၍ ကြိမ်ဖန်များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှုသည် လည်းကောင်း၊ တစ်ကြိမ် အကုသိုလ်လုပ်မိပြီးနောက် ထိုအကုသိုလ်မှုကို အကြိမ်ကြိမ်သတိရ၍ အဖန်ဖန် စိုးရိမ်ပူပန် နေမှုသည်လည်းကောင်း အာစိဏ္ဏကံမည်သည်။

## ကဋတ္တာကံ

ဂရုကကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ သုံးမျိုးတို့မှ အလွတ်ဖြစ်သော အတိတ်ဘဝ၊ ယခုလက်ရှိ ဘဝတို့၌

ပြုလုပ်သည့် ကံဟောင်း၊ ကံသစ်တို့ကို ကဋတ္တာကံ ခေါ်၏၊ ကဋတ္တာကံနှင့်ကင်းသော သတ္တဝါမရှိ၍ ဂရုကကံစသော ကံသုံးပါးမရှိသော် ထိုကံ အကျိုးပေး၏။

## ကံလေးမျိုးတို့ အကျိုးပေးပုံ

ထိုကံလေးမျိုးလုံးကို ပြုလုပ်ထားသူ၌ ဂရုကကံက အကျိုးပေး၏၊ ဂရုကကံမှတစ်ပါး ကျန်ကံသုံးမျိုးလုံးရှိသူ၌ အာသန္နကံက အကျိုးပေး၏၊ ကျန်ကံနှစ်မျိုးရှိသူ၌ အာစိဏ္ဏကံက အကျိုးပေး၏၊ ဂရုကကံစသော ရှေ့ကံသုံးမျိုးလုံးမရှိမှ ကဋတ္တာကံ အကျိုးပေး၏၊ ဤသို့ အစဉ်အတိုင်း အကျိုးပေးကြ၏။

## အကျိုးပေးချိန် (ပါကကာလ)အရ ကံ(၄)မျိုး

အကျိုးပေးချိန်ကာလကိုလိုက်၍ ကံလေးမျိုးကွဲပြားသွား၏၊ ထိုကံတို့မှာ –

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ၊

(၂) ဥပပဇ္ဇဝေဒနီယကံ၊

(၃) အပရာပရိယဝေဒနီယကံ၊

(၄) အဟောသိကံ တို့ဖြစ်သည်။

## ဒိဋ္ဌဓမ္မဝေဒနီယကံ

ယခုဘဝ၌ပင် ချက်ချင်းအကျိုးပေးသောကံကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်၏။

ထိုကံသည် ကုသိုလ်၊ အကုသိုလ်ပြုသည့်အခါ ဖြစ်ပေါ်လာသော ဇော ၇-ကြိမ်အနက် ပဌမဇောစေတနာပင် ဖြစ်သည်။ ထိုပဌမဇော စေတနာသည် ယခုဘဝ၌ ချက်ချင်း အကျိုးပေးသော်လည်း အင်္ဂါလေးမျိုး ပြည့်စုံညီညွတ်မှ ပေးနိုင်၏။ ထိုအင်္ဂါလေးမျိုးမှာ —

(၁) အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်၊ ရဟန္တာ တစ်မျိုးမျိုး ဖြစ်ရခြင်း။

(၂) လှူသော ပစ္စည်းမှာ တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ရခြင်း။

(၃) အလှူရှင်က စေတနာသုံးတန် ထက်သန်ရခြင်း။

(၄) အလှူခံ ပုဂ္ဂိုလ်က နိရောဓသမာပတ် ထပြီးခါစ ဖြစ်ရခြင်း —

တို့ဖြစ်သည်။

## ဥပပဇ္ဇဝေဒနီယကံ

သေပြီးနောက်ဘဝ (ဒုတိယဘဝ)၌ အကျိုး ခံစားရသောကံကို ဥပပဇ္ဇဝေဒနီယကံ-ဟု ခေါ်၏၊ ထိုကံသည် ဇော ၇-ကြိမ်တွင် ခုနစ်ခုမြောက်တွင် ဖြစ်ပေါ်လာသော

သုတ္တမဇောစေတနာဖြစ်သည်။ ထိုသတ္တမဇောစေတနာသည် နောက်ဆုံးဇောစေတနာဖြစ်၍ ရှေ့ရှေ့ဇောတို့၏ အထောက် အပံ့ကို ရရှိသောကြောင့် အင်အားအရှိဆုံး ဖြစ်၏၊ ထို့ကြောင့် ဒုတိယဘဝတွင် အကျိုးပေးနိုင်ခြင်း ဖြစ်၏။

## အပရာပရိယဝေဒနီယကံ

အပရာပရိယဝေဒနီယကံဆိုသည်မှာ– ယခုဘဝမှ စတင် ရေတွက်လျှင် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝ တိုင် အောင် အခွင့်သာတိုင်း ပဋိသန္ဓေကျိုး ပဝတ္တိကျိုးတို့ကို ပေးသောကံမျိုး ဖြစ်သည်၊ ဇော ၇–ကြိမ်တွင် အလယ်ဇောငါးချက် စေတနာများ ဖြစ်၏၊ ထို့ကြောင့် သတ္တဝါတိုင်း၌ အပရာပရိယဝေဒနီယကံ ရှိသည်။

## အဟောသိကံ

အဟောသိကံဆိုသည်မှာ–ကံတရားမျှသာဖြစ်၍ ထိုကံ၏ အကျိုးတရား လုံးဝမဖြစ်ပွားသော ကံမျိုး ဖြစ်၏၊ ထိုကံမှာ သီးခြားကံတစ်မျိုးမဟုတ်။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုဘဝ၌ အကျိုးမပေးခဲ့သော်လည်းကောင်း၊ ဥပပဇ္ဇဝေဒ နီယကံသည် ဒုတိယဘဝ၌ အကျိုးမပေးခဲ့သော်လည်း ကောင်း၊ အပရာပရိယဝေဒနီယ ကံသည် တတိယ ဘဝမှ နိဗ္ဗာန်ရသည့်ဘဝအထိ အကျိုးမပေးခဲ့သော်လည်းကောင်း ထိုကံတို့ကိုပင် အဟောသိကံဟု ခေါ်ဆိုခြင်း ဖြစ်သည်။

## အကျိုးပေးရာဘုံဘဝ (ပါကဌာန်)အရ ကံ(၄)မျိုး

ကံတရားသည် အကျိုးပေးရာ ဘုံဘဝဌာနအရ လေးမျိုးရှိသည်။ ထိုလေးမျိုးမှာ –

(၁) အကုသိုလ်ကံ၊
(၂) ကာမာဝစရကုသိုလ်ကံ၊
(၃) ရူပါဝစရကုသိုလ်ကံ၊
(၄) အရူပါဝစရကုသိုလ်ကံ–

တို ဖြစ်ကြသည်။

### အကုသိုလ်ကံ

အကုသိုလ်တရား ၁၂–ပါး၌ရှိသော အကုသိုလ်စေတနာ ၁၂–ပါးသည် အကုသိုလ်ကံမည်၏။ ထိုတွင် ဥဒ္ဓစ္စစေတနာမှတစ်ပါး အခြားအကုသိုလ်စေတနာ ၁၂–ပါးသည် အပါယ်လေးဘုံ၌ အပါယ်ပဋိသန္ဓေကျိုးကို ပေး၏၊ အကုသိုလ်စေတနာ ၁၂–ပါးလုံးသည် ကာမ(၁၁)ဘုံနှင့် အသညသတ်မှတပါး ရူပ (၁၅)ဘုံတို့၌ ပဝတ္တိကျိုးကို ပေး၏။

### ကာမာဝစရကုသိုလ်ကံ

ကာမာဝစရကုသိုလ်စေတနာ ၈–ပါးသည် ကာမာဝစရ ကုသိုလ်ကံ မည်၏၊ ထိုကုသိုလ်ကံသည် ကာမ

သုဂတိ(၇)ဘုံ၌ ပဋိသန္ဓေကျိုးပေး၏၊ ကာမ(၁၁)ဘုံနှင့် အသညသတ်မှတပါး ရူပ(၁၅)ဘုံတို့၌ ပဝတ္တိကျိုးကို ပေး၏။

## ရူပါဝစရကုသိုလ်ကံ

ရူပါဝစရကုသိုလ်စေတနာ(၅)ပါးသည် ရူပါဝစရကုသိုလ်ကံ မည်၏။ ထိုရူပါဝစရကုသိုလ်ကံသည် ရူပဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး နှစ်မျိုးလုံးကို ပေး၏။

## အရူပါဝစရကုသိုလ်ကံ

အရူပါဝစရကုသိုလ်စေတနာ(၄)ပါးသည် အရူပါဝစရကုသိုလ်ကံ မည်၏။ ထိုအရူပါဝစရကုသိုလ်ကံသည် အရူပဗြဟ္မာဘုံလေးဘုံ၌ တူသောပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကိုပေး၏။

## အပါယ် (၄)ဘုံ

(၁) ငရဲဘုံ၊
(၂) တိရစ္ဆာန်ဘုံ၊
(၃) ပြိတ္တာဘုံ၊
(၄) အသူရကာယ်ဘုံ၊

## ကာမသုဂတိ (၇)ဘုံ

လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်တို့ကို ကာမသုဂတိ (၇)ဘုံဟု ခေါ်သည်၊

ထိုတွင် နတ်ပြည် ခြောက်ထပ်မှာ –

(၁) စတုမဟာရာဇ် နတ်ပြည်၊
(၂) တာဝတိံသာ နတ်ပြည်၊
(၃) ယာမာ နတ်ပြည်၊
(၄) တုသိတာ နတ်ပြည်၊
(၅) နိမ္မာနရတိ နတ်ပြည်၊
(၆) ပရနိမ္မိတဝသဝတ္တိ နတ်ပြည်။

## ပထမဈာန် (၃) ဘုံ

(၁) ဗြဟ္မပါရိသဇ္ဇာဘုံ၊
(၂) ဗြဟ္မပုရောဟိတာဘုံ၊
(၃) မဟာဗြဟ္မာဘုံ။

## ဒုတိယဈာန် (၃) ဘုံ

(၁) ပရိတ္တာဘာဘုံ၊
(၂) အပ္ပမာဏာဘာဘုံ၊
(၃) အာဘဿရာဘုံ။

**တတိယရျာန် (၃) ဘုံ**

(၁) ပရိတ္တာဘာဘုံ၊

(၂) အပ္ပမာဏာဘာဘုံ၊

(၃) သုဘကိဏှာဘုံ။

**စတုတ္ထရျာန် (၇) ဘုံ**

(၁) ဝေဟပ္ဖိုလ်ဘုံ၊

(၂) အသညသတ်ဘုံ၊

(၃-၇)သုဒ္ဓါဝါသ ငါးဘုံ။

**သုဒ္ဓါဝါသ (၅) ဘုံ**

(၁) အဝိဟာဘုံ၊

(၂) အတပ္ပါဘုံ၊

(၃) သုဒဿာဘုံ၊

(၄) သုဒဿီဘုံ၊

(၅) အကနိဋ္ဌဘုံ။

**ရူပါဝစရဗြဟ္မာ (၄)ဘုံ**

(၁) အာကာသာနဉ္စာယတနဘုံ၊

(၂) ဝိညာဏဉ္စာယတနဘုံ၊

(၃) အာကိဉ္စညာယတနဘုံ၊

(၄) နေဝသညာ နာသညာယတနဘုံ။

## သေခြင်း (၄) မျိုး

သတ္တဝါတို့ သေဆုံးကြရာ၌ သေခြင်း အမျိုးအစား လေးပါးတို့တွင် တစ်ပါးပါးဖြင့် သေကြရ၏။

အသက်တမ်းကုန်၍ သေခြင်း (အာယုက္ခယ)ကံ၏ အစွမ်းကုန်၍သေခြင်း (ကမ္မက္ခယ) အသက်တမ်း ကံစွမ်း နှစ်ပါး စုံကုန်၍ သေခြင်း (ဉဘယက္ခယ) ကြားဝင်ဖြတ် တောက်တတ်သော ကံတမျိုး (ဉပဃာတကကံ) ကြောင့် ရုတ်တရက် သေခြင်း (ဉပစ္ဆေဒက)တို့ ဖြစ်ကြသည်။

## သေခါနီး အာရုံနိမိတ်ထင်ပုံ

အထက်ပါသေခြင်းလေးပါး တို့တွင် တပါးပါးကြောင့် စုတေရသူတို့အား စုတေခါနီး သေငယ်ဇောနှင့် မြောနေသော အခါ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံသုံးပါးတွင် အာရုံတစ်ပါးပါးထင်မြင်လာတတ်သည်

သတ္တဝါတို့သန္တာန်၌ ကံအများအပြားရှိနေရကား ရောက်ရမည့်နောက်ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သော ပဋိသန္ဓေကျိုးပေးဖို့ရာ အခွင့်သာသော ကုသိုလ်၊ သို့မဟုတ် အကုသိုလ်ကံ တစ်ပါးပါးသည် ကံအများထဲမှ ရှေ့ရှု၍ စိတ်ထဲ၌ ပေါ်လာတတ်သည်။ ဤသို့ ဖြစ်သည်ကိုပင် ကံနိမိတ်ထင်သည်ဟုခေါ်၏။

ကုသိုလ် အကုသိုလ်ကံကို ပြုလုပ်စဉ်အခါက ပြုလုပ်ရသော အာရုံများဖြစ်သည့် ဘုရား ကျောင်းကန် စေတီပုထိုး၊ ပန်း ဆီမီး၊ သားငါး၊ ကြက်ဝက်၊ ဓားလှံ လက်နက် စသော ထိုအာရုံများကို ကမ္မနိမိတ်ဟုခေါ်သည်။ ထိုအာရုံတို့ စိတ်ထဲ၌ ထင်လာသည်ကို ကမ္မနိမိတ် ထင်သည် ဟုခေါ်၏။

မိမိလားရောက်ရတော့မည့် ဘုံဘဝဂတိ၌ တွေ့ကြုံရလတ္တံ့သော အာရုံများကိုဂတိနိမိတ်ဟုခေါ်သည်။ သေငယ်ဇောနှင့် မြောနေသူအား မိမိလားရောက်ရတော့မည့် ဘဝသစ်နှင့် တိုက်ရိုက်ပတ်သက်သောအာရုံများ၊ ထိုဘဝ၌ တွေ့ကြုံရမည့် အသုံးအဆောင် အခြေအရံဟူသော အာရုံများ ထင်မြင်လာတတ်သည်။ လူ့ဘုံသွားရမည့်သူ ဖြစ်လျှင် အမိဝမ်းရေ၊ ငရဲသွားရမည့်သူဖြစ်လျှင် ငရဲအိုး၊ ငရဲမီးလျှံ၊ ငရဲထိန်း၊ လင်းတ၊ ခွေး၊ ကျီး စသည်များ၊ ပြိတ္တာဘုံသွားရမည့်သူဖြစ်လျှင် တောတောင် မြစ်ကမ်းများ၊ နတ်ပြည်၌ ဖြစ်ရမည့်သူဖြစ်လျှင် နတ်ဗိမာန်၊ နတ်သမီး၊ နတ်သား၊ နတ်ရထား ဥယျာဉ်ပဒေသာပင် စသည်တို့ ထင်မြင်လာတတ်ကြသည်။ ဤသို့ ထင်လာသည်ကို ဂတိနိမိတ် ထင်သည်ဟု ခေါ်၏။

**ပဋိသန္ဓေ**

ထိုစုတိစိတ်ချုပ်သည်နှင့် တပြိုင်နက် ဘဝသစ်အတွက် ပဋိသန္ဓေစိတ်ဖြစ်ပေါ်လာ၏။ ထိုစိတ်အစဉ်ကို ရှေးဘဝနှင့်

နောက်ဘဝ၊ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော စိတ်ဖြစ်၍ ပဋိသန္ဓေစိတ်ဟု ခေါ်၏။ ပဋိသန္ဓေစိတ်ဖြစ်သည်နှင့်တပြိုင်နက် ဘဝသစ် စတင်သည်။ အချိန်ကာလခြားမှု မရှိပေ။ တဆက်တစပ်တည်းဖြစ်ပေါ်သည်။ ထိုပဋိသန္ဓေစိတ်သည် ကံကြောင့် မိမိနှင့်တပြိုင်နက် ဖြစ်ပေါ်သော ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်၏။

## ဘဝ ကူးပြောင်းပုံ

ဘဝဟောင်းက ရုပ်နာမ်တရားများ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်၊ ဘဝသစ်၌ ရုပ်နာမ်အသစ်ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ သို့သော် ထိုရုပ်နာမ်သစ်များသည် ဘဝဟောင်းက ကံအကြောင်းများနှင့် မကင်းကြပေ။ ဘဝဟောင်းက အဝိဇ္ဇာ တဏှာ အကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။ ပဲ့တင်သံ၊ ဆီမီးညှိထွန်းမှု၊ တံဆိပ်တုံးရိုက်မှု စသည်တို့နှင့်တူသည်။

တောတောင်အနီးအပါးတွင် အော်ဟစ်လိုက်ပါက ပဲတင်သံပြန်လာသည်။ ထိုပဲ့တင်သံ သည် မူလအော်ဟစ်သော အသံ မဟုတ်ပေ။ ထို့အတူပင် ဆီမီးညှိထွန်းရာ၌ ပဌမဆီမီးတိုင်မှ ဒုတိယ ကတိယ စသည့် မီးတောက်မီးလျှံတို့သည် ပဌမဆီမီးတိုင်၏ မီးတောက်မီးလျှံ တို့ မဟုတ်ပေ။ ပဌမ မီးတောက်မီးလျှံ လျော့မသွားပေ။ သို့သော်လည်း

ဒုတိယ တတိယ မီးတောက်မီးလျှံတို့သည် ပထမ မီးတောက် မီးလျှံနှင့် ကင်းကွာ၍လည်း ဖြစ်ပေါ်မလာ နိုင်ပေ။

ထို့အတူပင် တံဆိပ်တုံးများ၊ ဘလောက်တုံးများကို ထုရိုက်လိုက်ပါက တံဆိပ်များ၊ စာများသည် စာရွက်ပေါ်တွင် ထင်လာသည်။ စာရွက်ပေါ်ထင်လာသော ထိုစာများ၊ တံဆိပ်များသည် မူလတံဆိပ်တုံး ဘလောက်တုံးရှိ စာများ မဟုတ်ပေ။ သို့သော်လည်း ထိုတံဆိပ်တုံးရှိ စာများ တံဆိပ်များနှင့် ကင်းကွာ၍လည်း စာရွက်ပေါ်တွင် ထင်မလာ နိုင်ပေ။

ဤနည်းတူပင် ဘဝဟောင်းက
ရုပ်နာမ်တစ်စုံတစ်ရာမျှ ဤဘဝသို့
လိုက်လာသည်မဟုတ်ပေ။ သို့သော်လည်း
ဘဝဟောင်းက အဝိဇ္ဇာ တဏှာ သင်္ခါရ
ကံအကြောင်းတရား တို့နှင့် ကင်းကွာ၍လည်း ဤဘဝ
ဤခန္ဓာများဖြစ်မလာ နိုင်ပေ။ ဤသို့လျှင် ဘဝဟောင်း
ဘဝသစ် စုတိ ပဋိသန္ဓေ တို့သည် အဝိဇ္ဇာ တဏှာ
သင်္ခါရတရားတို့၏ အစွမ်းသတ္တိထူး ဖြင့်
သံသရာဆုံးသည်တိုင် ဖြစ်ပျက်လျက် နေကြလေသည်။

# အခန်း (၅)

## ပုညကြိယာဝတ္ထုဆယ်ပါး

ချမ်းသာသုခရရှိရန် ပြုလုပ်အပ်သော ကောင်းမှုများကို ပုညကြိယာဝတ္ထုဟု ခေါ်သည်။ ထို ပုညကြိယာဝတ္ထုသည် အောက်ပါအတိုင်းပါရှိ၏။

(၁) ဒါန – ပေးကမ်းခြင်း, လှူဒါန်းခြင်း

(၂) သီလ – ကိုယ်နှင့်နှုတ်ကို စောင့်ထိန်းခြင်း

(၃) ဘာဝနာ – သမထဝိပဿနာ ပွားများခြင်း

(၄) အပစာယန – ရိုသေလေးစား ထိုက်သူများအား ရိုသေလေးစားခြင်း

(၅) ဝေယျာဝစ္စ – ရိုသေလေးစား ထိုက်သူတို့၏ ဝတ်ကြီးဝတ်ငယ်ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ပေးခြင်း

(၆) ပတ္တိဒါန – မိမိပြုလုပ်သော ကုသိုလ်အဖို့ကို သူတပါးတို့အား အမျှပေးဝေခြင်း

(၇) ပတ္တာနုမောဒန – သူတစ်ပါးတို့က ပေးဝေအပ်သောကုသိုလ်အဖို့ကိုဝမ်းမြောက်ခြင်း၊ သာခုခေါ်ခြင်း

(၈) ဓမ္မဿဝန – သူတော်ကောင်း တရားကို ကြားနာခြင်း

(၉) ဓမ္မဒေသနာ – သူတော်ကောင်း တရားကို ဟောပြောခြင်း
(၁၀) ဒိဋ္ဌိဇုကမ္မ – မိမိ၏အယူကိုဖြောင့်မှန်အောင် ပြုခြင်း

**ဒါန၏အင်္ဂါသုံးပါး**

(၁) အလှူရှင်၏ပုဗ္ဗ၊ မုဉ္စ အပရစေတနာ ဟူသော စေတနာ သုံးတန် ထက်သန်ပြည့်စုံခြင်း
(၂) အလှူခံပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟ စသော ကိလေသာတို့မှ ကင်းစင်သူ၊ သို့မဟုတ် ထို ကိလေသာတို့မှ ကင်းစင်အောင် ကျင့်ကြံ အားထုတ်နေသူ ဖြစ်ခြင်း။
(၃) အလှူဝတ္ထုပစ္စည်းသည် တရားသဖြင့်ရသော ပစ္စည်း အပြစ်ကင်းစင်သော ပစ္စည်းဖြစ်ခြင်း ဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံသော ဒါနသည် လွန်စွာအကျိုး ကြီး၏၊ ထိုအင်္ဂါသုံးပါးတို့တွင် တစ်ပါးပါးအားနည်း သောဒါန၊ ချို့တဲ့သောဒါနကား ကုသိုလ်ရသင့် သလောက် ရရှိသော်လည်း အကျိုးပေး လျော့နည်း သွား၏။

## ဒါနအမျိုးမျိုး

**သုတ္တန် ဝိနည်း အဘိဓမ္မာဒါနများ**

ဒါနသည် သုတ္တန်ဒေသနာနည်းအားဖြင့် စားဖွယ်အလှူ (အန္နဒါန) သောက်ဖွယ်အလှူ (ပါနဒါန) စသည်ဖြင့် ဆယ်မျိုးရှိ၏။

ဝိနည်း ဒေသနာနည်းအားဖြင့် ရဟန်းတို့ မှီဝဲအပ်သော ပစ္စည်းလေးပါး အားလျော်စွာ သက်န်းအလှူ (စီဝရဒါန) ဆွမ်းအလှူ (ပိဏ္ဍပါတဒါန) စသည်ဖြင့် လေးမျိုးရှိ၏၊

အဘိဓမ္မာ ဒေသနာနည်းအားဖြင့် အာရုံ ခြောက်ပါး အားလျော်စွာ ရူပါရုံအလှူ ( ရူပဒါန ) သဒ္ဒါရုံအလှူ (သဒ္ဒဒါန) စသည်အားဖြင့် ခြောက်မျိုးရှိ၏။

ဤသို့ သုတ္တန် ဝိနည်း အဘိဓမ္မာနည်းများဖြင့် သုံးမျိုးခွဲခြားသော်လည်း လက်တွေ့အားဖြင့် ဒါနတစ်ခုခု ပြုလုပ်ရာတွင် ထိုနည်းအားလုံး ထိုက်သည့်အားလျော်စွာ ပါဝင်မည်သာဖြစ်ပေသည်။

လှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်၊ လှူပုံအခြင်းအရာ၊ လှူသောအချိန်အခါ၊ လှူသူ၏ရည်မှန်းချက် စသည်တို့ကို အကြောင်းပြု၍ ဒါနကို ၂–ပါးတွဲ၊ ၃–ပါးတွဲ စသည်ဖြင့်လည်း ဖော်ပြနိုင်၏၊ ပထမဆုံး ၂–ပါးတွဲဒါနများမှာ အောက်ပါ အတိုင်းဖြစ်၏။

## ၂–ပါးတွဲ ဒါနများ

| | | | |
|---|---|---|---|
| (က) | ၁။ | အာမိသဒါန | – ပစ္စည်းဝတ္ထုကိုလှူခြင်း |
| | ၂။ | ဓမ္မဒါန | – တရားကိုလှူခြင်း |
| (ခ) | ၁။ | အဝိစိတဒါန | – လှူဖွယ်ပစ္စည်းနှင့် အလှူခံ ပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်မှု မပြုဘဲ လှူခြင်း |

၂။ ဝိစိတဒါန – လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်၍ လှူခြင်း

(ဂ) ၁။ ဝဋ္ဋနိဿိတဒါန – လောကီစည်းစိမ်ကို တောင့်တ၍ လှူခြင်း

၂။ ဝိဝဋ္ဋနိဿိတဒါန – ဝဋ်ဆင်းရဲမှလွတ်ရာ နိဗ္ဗာန်ကို တောင့်တ၍ လှူခြင်း

(ဃ) ၁။ သာဝဇ္ဇဒါန – သတ္တဝါကို သတ်ဖြတ်ခြင်းစသည့် အပြစ်နှင့်တကွ ဖြစ်သောလှူခြင်း

၂။ အနဝဇ္ဇဒါန – သတ္တဝါကို သတ်ဖြတ်ခြင်းစသော အပြစ်ကင်းစင်သော လှူခြင်း

(င) ၁။ အာဏတ္တိကဒါန – သူတစ်ပါးအားစေခိုင်း၍ လှူခြင်း

၂။ သာဟတ္ထိကဒါန – ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခြင်း

(စ) ၁။ အသက္ကစ္စဒါန – လှူဖွယ်ပစ္စည်းကောင်းစွာ မပြင်ဆင်၊ အလှူခံပုဂ္ဂိုလ်အားလည်း ရိုသေမှုမပြုဘဲ လှူခြင်း

၂။ သက္ကစ္စဒါန – လှူဖွယ်ပစ္စည်းကိုလည်း ကောင်းစွာပြင်ဆင်၊ အလှူခံ ပုဂ္ဂိုလ် အားလည်း ရိုသေမှု ပြု၍ လှူခြင်း

(ဆ) ၁။ ဉာဏဝိပ္ပယုတ္တဒါန – အသိဉာဏ်နှင့် မယှဉ်သော လှူခြင်း

၂။ ဉာဏသမ္ပယုတ္တဒါန – အသိဉာဏ်နှင့် ယှဉ်သော လှူခြင်း

(ဇ) ၁။ သသင်္ခါရိကဒါန – သူတစ်ပါးတိုက်တွန်းမှု ဖြင့် လှူခြင်း

၂။ အသင်္ခါရိကဒါန – မိမိကသာ သဒ္ဓါပေါက် ၍ လှူခြင်း

(ဈ) ၁။ ဝတ္ထုဒါန – သင်္ကန်းစသော ပစ္စည်း ဝတ္ထုကို လှူခြင်း

၂။ အဘယဒါန – သတ္တဝါတို့အား ဘေးမဲ့ ပေးသော လှူခြင်း

(ည) ၁။ အထာဝရဒါန – ခဏမျှသာ သုံးစွဲရသော ပစ္စည်းကို လှူခြင်း

၂။ ထာဝရဒါန – ကြာမြင့်စွာ တည်တံ့ သော ပစ္စည်းကိုလှူခြင်း

(ဋ) ၁။ အနိဗဒ္ဓဒါန – အမြဲတမ်းမဟုတ် လှူနိုင် သည့်အခါမှ လှူခြင်း

| | | |
|---|---|---|
| | ၂။ နိဗဒ္ဓဒါန | – နေ့စဉ် လစဉ် စသည်ဖြင့် ဝတ်မပျက် ပုံမှန် လှူခြင်း |
| (၄) | ၁။ အကာလဒါန | – အချိန်ကာလကို မကြည့်ဘဲလှူနိုင်သည့်အခါ လှူခြင်း |
| | ၂။ ကာလဒါန | – အချိန်ကာလ အားလျော်စွာလှူခြင်း |
| (၃) | ၁။ ဥဒ္ဒိဿဒါန | – အကြွင်းအကျန်ကို လှူခြင်း |
| | ၂။ အနုဒ္ဒိဿဒါန | – အကြွင်းအကျန် မဟုတ်သော ပစ္စည်းကိုလှူခြင်း |
| (ပ) | ၁။ ပုဂ္ဂလိကဒါန | – ပုဂ္ဂိုလ်ကို သတ်မှတ်၍ လှူခြင်း |
| | ၂။ သံဃိကဒါန | – ရဟန်းအပေါင်းကို ရည်မှန်း၍လှူခြင်း |

အထက်ဖော်ပြပါ ၂–ပါးတွဲဒါနအသီးအသီး၌ နောက်နောက်ဒါနက ရှေ့ရှေ့ဒါနထက် သာလွန်ကြောင်း မှတ်သားအပ်၏။

## ပုဂ္ဂလိကဒါန (၁၄)မျိုး (အလှူခံ တစ်ကျိပ်လေး)

ဖော်ပြပါ ၂–ပါးတွဲဒါနများတွင် ပါဝင်ခဲ့သော ပုဂ္ဂလိကဒါနနှင့် သံဃိကဒါန ၂–မျိုးအနက် ပုဂ္ဂလိက

ဒါနသည် အောက်ပါအတိုင်း ၁၄-ပါး ရှိ၏-

(၁) မြတ်စွာဘုရားအား လှူဒါန်းခြင်း
(၂) ပစ္စေကဗုဒ္ဓအား လှူဒါန်းခြင်း
(၃) ရဟန္တာအား လှူဒါန်းခြင်း
(၄) အရဟတ္တဖိုလ်ရရှိရန်ကျင့်ကြံနေသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၅) အနာဂါမ်ပုဂ္ဂိုလ်အားလှူဒါန်းခြင်း
(၆) အနာဂါမိဖိုလ် ရရှိရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၇) သကဒါဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၈) သကဒါဂါမိဖိုလ် ရရှိရန် ကျင့်ကြံနေသော ပုဂ္ဂိုလ် အား လှူဒါန်းခြင်း
(၉) သောတာပန်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၁၀) သောတာပတ္တိဖိုလ် ရရှိရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၁၁) သာသနာပ ဈာန်ရရသေ့အား လှူဒါန်းခြင်း
(၁၂) သီလရှိသော ပုထုဇန်အား လှူဒါန်းခြင်း
(၁၃) သီလမရှိသော ပုထုဇန်အား လှူဒါန်းခြင်း
(၁၄) တိရစ္ဆာန်အား လှူဒါန်းခြင်း

ဤပုဂ္ဂလိကဒါန ၁၄-မျိုးတွင် ရှေ့ရှေ့ဒါနသည် နောက်နောက်ဒါနထက် အဆပေါင်းများစွာ ပိုမိုအကျိုး ကြီး၏။

## သံဃိကဒါန (၇)မျိုး

သံဃိကဒါနသည်လည်း–

(၁) ဘုရားအမှူးရှိသည့် ဘိက္ခု ဘိက္ခုနီ ၂–ဘက် သံဃာအား လှူခြင်း

(၂) ဘုရားမပါ နှစ်ဘက်သံဃာအား လှူခြင်း

(၃) ဘိက္ခုသံဃာအားသာ လှူခြင်း

(၄) ဘိက္ခုနီသံဃာအားသာ လှူခြင်း

(၅) နှစ်ဘက် သံဃာက ညွှန်းလိုက်သော ပုဂ္ဂိုလ်အား လှူခြင်း

(၆) ဘိက္ခုသံဃာက ညွှန်းလိုက်သော ပုဂ္ဂိုလ်တို့အား လှူခြင်း

(၇) ဘိက္ခုနီသံဃာက ညွှန်းလိုက်သော ပုဂ္ဂိုလ်တို့အား လှူခြင်း –

အားဖြင့် (၇)မျိုးရှိ၏။ ထိုတွင် ရှေ့ရှေ့သံဃာအား လှူခြင်းသည် နောက်နောက်သံဃာအား လှူခြင်းထက် အဆပေါင်းများစွာ ပိုမိုကြီး၏။

## ၃–ပါးတွဲ ဒါနများ

(က) ၁။ ဟီနဒါန – ဆန္ဒစသော အဓိပတိတရား လေးပါး ယုတ်ညံ့အား ပျော့လျက် လှူခြင်း

၂။ မစ္ဆိမဒါန – ဆန္ဒစသော အဓိပတိတရား လေးပါး အလတ်စားဖြစ်လျက် လှူခြင်း

၃။ ပဏီတဒါန – ဆန္ဒစသော အဓိပတိတရား ၄–ပါး အမြတ်စားဖြစ်လျက် လှူခြင်း

(ခ) ၁။ ဒါန ဒါသ – မိမိသုံးစွဲသောပစ္စည်း ထက် ညံ့သော ပစ္စည်းကိုလှူခြင်း

၂။ ဒါနသဟာသ – မိမိသုံးစွဲသောပစ္စည်းနှင့် တူသော ပစ္စည်းကိုလှူခြင်း

၃။ ဒါနသာမိ – မိမိသုံးစွဲသောပစ္စည်း ထက် သာလွန်သော ပစ္စည်းကို လှူခြင်း

**၄–ပါးတွဲဒါနများ**

၁။ စီဝရဒါန – သင်္ကန်းလှူခြင်း

၂။ ပိဏ္ဍပါတဒါန – ဆွမ်းလှူခြင်း

၃။ သေနာသနဒါန – ကျောင်း အိပ်ရာ နေရာလှူခြင်း

၄။ ဘေသဇ္ဇဒါန – ဆေးပစ္စည်းလှူခြင်း

**၅–ပါးတွဲဒါနများ**

**ကာလဒါန ၅–ပါး**

၁။ အာဂန္တုကဒါန – ဧည့်သည် အာဂန္တုအား လှူခြင်း

၂။ ဂမိကဒါန – ခရီးသည်အား လှူခြင်း
၃။ ဂိလာနဒါန – မကျန်းမာသူအားလှူခြင်း
၄။ ဒုဗ္ဘိက္ခဒါန – ငတ်မွတ်ခေါင်းပါး နေသော အခါ၌ လှူခြင်း
၅။ နဝသဿဒါန – ကောက်သစ်ပေါ်ချိန်၌ လှူခြင်း

အလှူခံပုဂ္ဂိုလ်တို့အား လိုအပ်နေသောအချိန်တွင် လှူဒါန်းအပ်သော ဤကာလဒါနငါးပါးသည် အလွန်အကျိုးကြီးလှပေသည်။

## မဟာဒါန ၅–ပါး

ငါးပါးသီလစောင့်ထိန်းသူသည် သူတပါးတို့အား ထိခိုက်ပျက်စီးအောင် ပြုခြင်းမှ ရှောင်ကြဉ်သောအားဖြင့် ထိုသူတို့အား ဘေးမဲ့ပေးရာရောက်၏။ ထို့ကြောင့် ငါးပါးသီလကိုပင် မဟာဒါနငါးပါးဟုခေါ်ပေသည်။

## ထာဝရဒါန ၆–မျိုး

၁။ အာရာမရောပနဒါန – ပန်းခြံ သစ်သီးခြံ စိုက်ပျိုး၍ လှူခြင်း
၂။ ဝနရောပနဒါန – သစ်ပင်များ စိုက်ပျိုးလှူ ခြင်း
၃။ သေတုကာရကဒါန – တံတားဆောက်၊ လမ်းဖောက်၍ လှူခြင်း

၄။ ပပါဒါန – ရေချမ်းစင်တည်၍ လှူခြင်း
၅။ ဥဒပါနဒါန – ရေတွင်း ရေကန်တူး၍ လှူခြင်း
၆။ ဥပဿယဒါန – ဇရပ်တန်ဆောင်း ဂူကျောင်း ပြာသာဒ် ဆေးရုံ ဆေးခန်း စသော အဆောက်အအုံများ ဆောက်လုပ်၍ လှူခြင်း

ကာလရှည်မြင့်စွာတည်တံ့နိုင်သော အထက်ပါပစ္စည်း ၆–မျိုးကို လှူဒါန်းခြင်းသည် နေ့ညမပြတ် ကုသိုလ်တိုးပွား နေပြီး သေလျှင် နတ်ပြည်သို့ ရောက်ရ၏။

## အဓမ္မိကဒါန ၉–မျိုး

၁။ ကျောင်းတိုက်တစ်တိုက်မှ သံဃာအားလှူရန် ရည်ရွယ်ထားသော ပစ္စည်းကို အခြားကျောင်းတိုက် တစ်တိုက်မှ သံဃာအား လှူစေခြင်း
၂။ သံဃာအားလှူရန်ရည်ရွယ်ထားသော ပစ္စည်းကို စေတီအား လှူစေခြင်း
၃။ သံဃာအားလှူရန်ရည်ရွယ်ထားသော ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးအား လှူစေခြင်း
၄။ စေတီတစ်ဆူအား လှူရန် ရည်ရွယ်ထားသော ပစ္စည်းကို အခြားစေတီတစ်ဆူအား လှူစေခြင်း

၅။ စေတီအားလှူရန်ရည်ရွယ်ထားသော ပစ္စည်းကို သံဃာအား လှူစေခြင်း

၆။ စေတီအားလှူရန်ရည်ရွယ်ထားသော ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးအား လှူစေခြင်း

၇။ ပုဂ္ဂိုလ်တစ်ဦးအား လှူရန်ရည်ရွယ်ထားသော ပစ္စည်းကို အခြားပုဂ္ဂိုလ်တစ်ဦးအား လှူစေခြင်း

၈။ ပုဂ္ဂိုလ်တစ်ဦးအား လှူရန်ရည်ရွယ်ထားသော ပစ္စည်းကို အခြားပုဂ္ဂိုလ်တစ်ဦးအား လှူစေခြင်း

၉။ ပုဂ္ဂိုလ်တစ်ဦးအား လှူရန်ရည်ရွယ်ထားသော ပစ္စည်းကို သံဃာအား လှူစေခြင်း

## မလှူကောင်းသော အလှူ(၁၀)မျိုး

၁။ မဇ္ဇဒါန – သေရည်သေရက်ကို လှူခြင်း

၂။ သမဇ္ဇဒါန – ဓာတ်ပွဲသဘင်ကို လှူခြင်း

၃။ ဣတ္ထိဒါန – မိန်းမကို လှူခြင်း

၄။ ဥသဘဒါန – နွားလားဥသဘကို လှူခြင်း

၅။ စိတ္တကမ္မဒါန – ကိလေသာထကြွစေနိုင်သည့် ပန်းချီရုပ်ပုံကို လှူခြင်း

၆။ သတ္ထဒါန – လက်နက်ကို လှူခြင်း

၇။ ဝိသဒါန – အဆိပ်ကို လှူခြင်း

၈။ သင်္ခလိကဒါန – သံခြေကျင်းကို လှူခြင်း

၉။ ကုက္ကုစ္စဒါန – ကြက်ဝက်တို့ကို လှူခြင်း
၁၀။ ကူဋဒါန – ချိန်စဉ်းလဲ တောင်းစဉ်းလဲ များကို လှူခြင်း

ဖော်ပြပါပစ္စည်း(၁၀)မျိုးကိုလှူလျှင် ကုသိုလ်မရဘဲ အပါယ်သို့သာ ရောက်တတ်၏။

## ဒါန၏ အကျိုးကျေးဇူးများ

အလှူဒါနပြုလုပ်ခြင်းသည် ယခုဘဝ၌ လူအများ၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊ သူတော်ကောင်းတို့၏ ချီးမြှောက်မှုကို ရရှိခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း၊ ပရိသတ် အလယ်၌ ရဲရင့်ခြင်း စသောအကျိုးများကို ရရှိနိုင်၏၊ သေလွန်သောအခါ သုဂတိသို့ ရောက်နိုင်၏၊ ဖြစ်လေရာ ဘဝ၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း၊ အခြံအရံပေါများခြင်း စသော အကျိုးများကို ခံစားရ၏။ ထို့ပြင် –

(၁) လှူဖွယ်ဝတ္ထုသည် တရားသဖြင့်ရသောပစ္စည်း၊ အပြစ်ကင်းသော ပစ္စည်းဖြစ်ခြင်း
(၂) အလှူရှင်က စေတနာထက်သန်ခြင်း
(၃) အလှူခံပုဂ္ဂိုလ်က အာသဝေါကင်းသော ဘုရား ရဟန္တာဖြစ်ခြင်း
(၄) အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထလာစ ဖြစ်ခြင်း –

ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒါနသည် မျက်မှောက်ဘဝ၌ပင် လက်ငင်းအကျိုးပေးနိုင်၏၊ ဤသို့ မျက်မှောက်ဘဝ၌ လက်ငင်းအကျိုးပေးနိုင်သော ဒါနကို ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်၏။

ထိုမှတစ်ပါး –

(၁) လှူသူကသီလရှိခြင်း
(၂) အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိသောပုဂ္ဂိုလ်ဖြစ်ခြင်း
(၃) လှူဖွယ်ပစ္စည်းက တရားသော ပစ္စည်းဖြစ်ခြင်း
(၄) လှူသူက စေတနာသုံးတန်နှင့် ပြည့်စုံခြင်း
(၅) ကံ, ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူခြင်း –

ဟူသော အင်္ဂါငါးပါးနှင့် ညီညွတ်သော ဒါနသည် သံသရာတစ်လျှောက်၌ ဘောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်းဟူသော အကျိုးကိုပေးနိုင်၏။

## ဒါနပြုသူ သောတာပန်နှင့်တူ

စာရေးတံဆွမ်းကိုလှူသူ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ အချိန်ပုံမှန်အားဖြင့် ပက္ခိကဘတ်ဆွမ်းကိုလှူသူ၊ ဝါဆိုသင်္ကန်းကိုလှူသူ၊ ရေတွင်း ရေကန်ကိုလှူသူ၊ ဇရပ်တန်ဆောင်း ကျောင်းအဆောက်အအုံများကို လှူသူတို့သည် သေလွန်သောအခါ အပါယ်လေးပါးသို့ မကျရောက်ဘဲ သုဂတိဘုံ

သို့သော ဧကန် ရောက်မည်ဖြစ်သောကြောင့် သောတာပန်နှင့် တူကုန်၏ဟု ဆိုပါသည်။

## သာသနာပဒါနနှင့် သာသနာတွင်းဒါန

သာသနာပဒါနနှင့် သာသနာတွင်းဒါနဟူ၍ ခေတ်ကာလ အားလျော်စွာ ဒါန ၂-မျိုးရှိရာတွင် သာသနာပကာလ မြတ်သောအလှူခံပုဂ္ဂိုလ်များကို ရရှိရန် ခက်ခဲ၏။ သာသနာတွင်းကာလ၌ကား ဘုရားရှင်မှစ၍ အရိယာသူတော်ကောင်းများကို လှူဒါန်းခွင့် ရရှိရန် လွယ်ကူ၏။ ထို့ကြောင့် သာသနာတွင်းဒါနက သာသနာပဒါနထက် သာလွန်နိုင်ပေ၏။

ဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ တရားဟောကြားသောအခါ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် ဘုရားရှင်အနီး၌ ချဉ်းကပ်၍ တရားနာခဲ့ကြသည်၊ တန်ခိုးကြီးသော နတ်များရောက်လာသောအခါ အင်္ကုရနတ်သားသည် အဝေးသို့ဆုတ်သွားခဲ့ရ၏။ ဣန္ဒကနတ်သားမှာမူ နေမြဲနေရာ၌ပင်နေ၍ တရားနာနိုင်ခဲ့၏။ အင်္ကုရနတ်သားသည် သာသနာပကာလ၌ နှစ်ပေါင်းများစွာ ထမင်းရေချောင်းစီး အလှူကြီးပေးခဲ့ခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လာခဲ့၏။ သို့သော် သာသနာပ၌ သီလရှိသော အလှူခံပုဂ္ဂိုလ်များကို မလှူခဲ့ရ၍ ဘုန်းတန်ခိုး

နည်းသောကြောင့် တန်ခိုးကြီးနတ်များ ရောက်လာသောအခါ နေရာမှ နောက်ဆုတ်ပေးခဲ့ရခြင်းဖြစ်၏။

ဣန္ဒကနတ်သား ကား ဘုရားပွင့်စတွင် သာဝတ္ထိပြည်၌ လူဖြစ်လာ၍ အနုရုဒ္ဓါ မထေရ်အား ဆွမ်းတစ်ဇွန်းမျှအား လောင်းလှူခဲ့သဖြင့် တာဝတိံသာ၌ နတ်သားဖြစ်လာ၏။ ဆွမ်းတစ်ဇွန်းမျှသာ လောင်းလှူခဲ့ရသော်လည်း သာသနာတွင်း၌ မြတ်သောအလှူခံအား လှူဒါန်းခဲ့ရခြင်းဖြစ်သောကြောင့် တန်ခိုးကြီးသော နတ်သားဖြစ်လာခဲ့၏။ ထို့ကြောင့် မိမိနေရာမှ နောက်မဆုတ်ဘဲ ဘုရားရှင် အနီး၌ထိုင်လျက် တရားဆုံးအောင် နာနိုင်ခဲ့လေသည်။

ဘုရားရှင်ကိုယ်တော်တိုင်လည်း ဘုရားလောင်းဘဝတွင် ဗာရာဏသီပြည်၌ ဝေလာမမည်သော ပုဏ္ဏားကြီးဖြစ်၍ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို တုန်လှုပ်စေသောအလှူကြီးကို ပေးခဲ့၏၊ အလှူမဏ္ဍပ်ကြီးများထိုး၍ လာသမျှသော လူအပေါင်းတို့အား စားသောက်ဖွယ်မှစ၍ လိုသမျှအသုံးအဆောင်ပစ္စည်းများကို နေ့စဉ်လှူဒါန်းခဲ့၏၊ သို့သော် အလှူခံ ပုဂ္ဂိုလ်များမှာမူ ငါးပါးသီလ လုံခြုံသူပင် တစ်ဦးမျှမပါခဲ့ချေ၊ ထို့ကြောင့် ထိုအချိန်က မိမိလှူဒါန်းခဲ့သော ဒါနမှာ သာသနာတွင်းကာလ၌ သောတာပန်ပုဂ္ဂိုလ်တစ်ဦးအား လှူရသော ဒါနလောက်ပင် အကျိုးမရှိခဲ့ကြောင်း ဘုရားရှင်က ပြန်ပြောင်းဟောကြားတော်မူခဲ့သည်။

သို့ဖြစ်ပေရာ အလှူခံပုဂ္ဂိုလ်မြတ်များ ရရှိနိုင်ရာ သာသနာတွင်းကာလ၌ လူဖြစ်လာကြရသူများသည် အလှူဒါနများကို မိမိတို့ တတ်စွမ်းသမျှ ကြိုးစားအားထုတ်၍ ပြုလုပ်သင့်ကြပေသည်။

## မြို့စား ပါယာသိနှင့် ဥတ္တရလုလင်

ဘုရားရှင်လက်ထက်၌ သေတဗျမြို့စား ပါယာသိသည် အလှူဒါနပြုခြင်းသည် အကျိုးမရှိဟူသော မိစ္ဆာအယူကို ယူခဲ့၏။ သို့သော် အရှင်ကုမာရ ကဿပ ဟောကြားသော တရားကို ကြားနာရသောအခါ မိစ္ဆာအယူကို စွန့်၍ အလှူဒါနများကို ပြုလုပ်ခဲ့၏။ သို့ရာတွင် အလှူပွဲများ ပြုလုပ်၍ အလှူခံပုဂ္ဂိုလ် တို့အား မရိုမသေပေးလှူခဲ့၏။ ကိုယ်တိုင် သာဟတ္ထိက မြောက်အောင် မလှူဘဲ နှစ်သက် မြတ်နိုးသောစိတ်ဖြင့် မလှူခဲ့၊ လှူဖွယ်ပစ္စည်းများကို စွန့်ပစ်သကဲ့သို့ ပေးလှူခဲ့၏။ ထို့ကြောင့် သေလွန်သောအခါ အဆင့်နိမ့်သော စတုမဟာရာဇ်နတ်ဘုံသို့သာ ရောက်၏။

ပါယာသိ၏အလှူပွဲကို စီမံဆောင်ရွက်ရသော ဥတ္တရလုလင်သည်ကား အလှူပွဲများကို စီမံဆောင်ရွက်သည့် အခါ အလှူခံပုဂ္ဂိုလ်တို့အား ရိုသေစွာလှူဒါန်းခဲ့၏။ သာဟတ္ထိကမြောက်အောင် ကိုယ်တိုင်လည်း လှူခဲ့၏။ နှစ်သက်မြတ်နိုးသော စိတ်ဖြင့်လည်း လှူဒါန်းခဲ့၏။

စွန့်ပစ်သကဲ့သို့ မဟုတ်ဘဲ ကောင်းမွန်စွာလည်း လှူဒါန်းခဲ့၏။ ထို့ကြောင့် သေလွန်သောအခါ ပါယာသိမြို့စားထက် သာလွန်ပြီး တာဝတိံသာ နတ်ပြည်သို့ ရောက်သွားလေသည်။

ပါယာသိနတ်သားသည် တစ်နေ့တွင် နတ်ပြည်သို့ ကြွလာသော ရှင်ဂဝမ္ပတိမထေရ်နှင့် တွေ့လေရာ မိမိ၏ အကြောင်းကိုလျှောက်ကြားသည်၊ ရှင်ဂဝမ္ပတိမထေရ်က လူ့ပြည်သို့ပြန်လာသောအခါ ဤအကြောင်းကိုလူသားတို့ အား ပြောကြားပြီး အလှူဒါနကို ကောင်းမွန်ရိုသေစွာ ပြုလုပ်ကြရန်တိုက်တွန်းလေသည်။

## ဆေးလှူဒါန်းသူ ရှင်ဗာကုလ

အနောမဒဿီဘုရားလက်ထက်တွင် ဟိမဝန္တာ၌ နေသော ရှင်ရသေ့တစ်ပါးသည် လေနာရောဂါခံစားနေ ရသော ဘုရားရှင်အား ဟိမဝန္တာမှ သစ်မြစ် သစ်ဥများကို ရှာဖွေပြီး ဆေးဝါးဖော်စပ်၍ ကပ်လှူခဲ့သည်၊ ထိုကောင်းမှု ကြောင့် ကမ္ဘာတစ်သိန်းတိုင်အောင် လူ့ပြည်နတ်ပြည်တို့၌သာ ကြင်လည်ခဲ့ရသည်။ ဂေါတမဘုရားလက်ထက်၌ ဗာရာဏသီ ပြည်တွင် ဗာကုလမည်သောသူဌေးသားဖြစ်၍ နှစ်ပေါင်း (၈၀)တိုင် လောကီစည်းစိမ်များကိုခံစားရသည်။ ထို့နောက် ဘုရားရှင်ထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွားသည်။ တစ်သက်တာပတ်လုံး တစ်စုံ

တစ်ခုသော အနာရောဂါကိုမျှ မခံစားရသဖြင့်, အနာရောဂါကင်းသူတို့တွင် အမြတ်ဆုံးဟူသော တေဒဂ်ကို ရရှိခဲ့သည်၊ သက်တော် (၁၆၀) ပြည့်မှ ချမ်းသာစွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေသည်။

## ဆွမ်း, ပန်း, ရေချမ်း, ဆီမီး ကပ်လှူပုံနှင့် ဆုတောင်းများ

### ၁။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိ နဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော် မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊ အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနိယ ဘောဇနီယံ၊ ဤဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ ကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မမ၊ တပည့်တော်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်၊ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ၂။ ပန်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ သမ္ပန္နံ၊ အဆင်းအနံ့နှင့်ပြည့်စုံသော။ ဣမံ ပုပ္ဖံ၊ ဤပန်းကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား၊

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ၃။ ရေချမ်းတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္တာဂတာံ၊ ပြည့်စုံတော်မူသော။ နာထံ၊ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မာစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ သုဒ္ဓသီတလ-ပသန္နံ၊ သန့်ရှင်းအေးမြကြည်လင်လှသော။ ဣမံ ပါနိယ-ပရိဘောဇနီယံ၊ ဤသောက်တော်ရေသုံးဆောင်တော်ရေကို။ သက္ကစ္စံ၊ ရိုရို သေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏ အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ၄။ ဆီမီးတော်ကပ်နှင့် ဆုတောင်း

အရဟာတာဒိနဝဂုဏောဟိ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္တာဂတာံ၊ ပြည့်စုံတော်မူသော။

သဗ္ဗညုတာနာဝရဏဉာဏောဟိ၊ သဗ္ဗညုတဉာဏ် အနာဝရဏ ဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသောလောက၌။ အဝိဇ္ဇာအန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်တော်မူ၍။ ဓလံ ဓလန္တံ၊ ထွန်းလင်း တောက်ပတော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ တော်မြတ်အား။ ပဘာဝဏ္ဏေဟိ၊ အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ် သော။ ဣမံ ဒီပဓာလံ၊ ဤမီးလျှံကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏ အရှင်ဘုရား။ပူဇေမိ၊ နိဗ္ဗာန်ရည်မျှော် ပူဇော်ပါ၏အရှင်ဘုရား။

မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

# အခန်း (၆)

## သီလအကြောင်း

သီလဟူသည် ကိုယ်နှုတ်အမူအရာတို့ကို စောင့်ထိန်းမှု ဖြစ်သည်။ သီလလုံခြုံလျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ အနာရောဂါကင်း၍ ချမ်းသာခြင်းတို့ကို ရနိုင်သည်၊ ဘဝဖူလုံမှုအတွက် ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးသည်။

သီလလုံခြုံရေးအတွက် ရှောင်ကြဉ်မှု ၃–မျိုး ရှိသည်။ ဝိရတီ ၃–ပါးဟု ခေါ်သည်။

၁။ **သမ္ပတ္တဝိရတီ**(ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်မှု)၊

၂။ **သမာဒါနဝိရတီ** (ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်မှု)၊

၃။ **သမုစ္ဆေဒဝိရတီ** (အသက်မွေးမှုနှင့် ပတ်သက်၍ ကာယဒုစရိုက် ၃–ပါး၊ ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်မှု။

ထို့ပြင် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရာတွင်–

၁။ **သမာဒါနဝိရတီ** (လွန်ကျူးရမည့်အကြောင်း ဝတ္ထု မတွေ့မီ ငါးပါး ၊ ရှစ်ပါး၊ ကိုးပါးသီလ စသည်ကို ခံယူဆောက်တည်၍ ရှောင်ကြဉ်မှု)၊

၂။ **သမ္ပတ္တဝိရတီ** (သီလကြိုတင် ဆောက်တည် မထားသော်လည်း ရှောင်ကြဉ်ရမည့်အရာနှင့် ရင်ဆိုင် တွေ့သည့်အခါ ရှောင်ကြဉ်မှု)၊

၃။ **သမုစ္ဆေဒဝိရတီ** (မဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ အဆင့်ဆင့် ပယ်သတ်ပြီးသော အရိယာပုဂ္ဂိုလ်၏ ရှောင်ကြဉ်မှု)ဟူ၍လည်း ၃–မျိုး မှတ်သားနားလည် ထားရမည်။

**မှတ်ချက်။** ၁။ သမာဒါနဝိရတီအတွက် နွားရှာထွက်ရင်း စပါးကြီးမြွေ အပတ်ခံရသဖြင့် ပါလာသည့် ထင်းခုတ်ဓားဖြင့် သတ်မည်လုပ်ပြီးမှ ဆောက်တည် ထားသော သီလကို သတိရပြီး ဓားကို လွှတ်ချလိုက်သည့် ဥပါသကာ၏ သီလတန်ခိုးကြောင့် မြွေထွက်ခွါ သွားပုံ။

၂။ သမ္ပတ္တဝိရတီအတွက် စက္ကနသူငယ်၏ မိခင်လူမမာအတွက် ယုန်လိုက် ထွက်သွားရာက ယုန်ကိုရပြီးမှ သနား၍ လွှတ်လိုက်ပြီး သစ္စာဆို၍ မိခင်ရောဂါပျောက်ပုံ။

၃။ သမ္မာဒိဋ္ဌိအတွက် အနိမ့်ဆုံး သောတာပန် အရိယာပုဂ္ဂိုလ်သည်ပင် ဘဝခြားသော်လည်း ကံငါးပါးကို အထူး မစောင့်ထိန်းရ၊ အလိုလို လုံခြုံပြီး ဖြစ်ပုံများကို မှတ်သားနိုင်ပါသည်။

## သီလ ၂-မျိုး

၁။ **စာရိတ္တသီလ** (ပြုလုပ်ရမည်ဟု ပညတ်ထားသော သိက္ခာပုဒ်=ဆောင်ရန်သီလ)နှင့်

၂။ **ဝါရိတ္တသီလ** (မပြုလုပ်ရဟု ပညတ်ထားသော သိက္ခာပုဒ်=ရှောင်ရန်သီလ)တို့ ဖြစ်၏။

၁။ ရဟန်းသံဃာ ဆရာမိဘတို့ရှေ့၌ ကိုးရိုး ကားရား မနေခြင်း စသော လူ့ကျင့်ဝတ်များ၊ သိင်္ဂါလောဝါဒသုတ်လာ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မယားနှင့်လင် ကျင့်ဝတ်စသည်တို့ကို လိုက်နာကျင့်သုံးခြင်းစသော ကျင့်ဝတ်များကို စာရိတ္တသီလဟု ခေါ်သည်။ သဒ္ဓါနှင့် ဝီရိယရှိမှ စာရိတ္တသီလ ပြည့်စုံနိုင်သည်။

၂။ ဤအမှုမျိုးကို မပြုကျင့်ရ၊ မပြုကျင့်ကောင်းဟု ဘုရားရှင်ပညတ်ထားသော သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်ခြင်းကို ဝါရိတ္တသီလဟု ခေါ်သည်။ ဤတားမြစ်

ချက်ကို စောင့်ထိန်းနိုင်လျှင် နတ်ရွာ နိဗ္ဗာန် ရောက်နိုင်ရနိုင်၍ လွန်ကျူးလျှင် အပါယ်ငရဲကျရောက်နိုင်သည်။

## သီလညစ်ညူးခြင်း

စောင့်ထိန်းထားသည့် သီလ၏ ကျိုး၊ ပေါက်၊ ပြောက်ကျားခြင်း၊ မေထုံငယ်ခုနစ်ပါးနှင့် သာယာနေခြင်း၊ ယုတ်ညံ့သည့်တရားများ ကိန်းအောင်းနေခြင်းတို့ကြောင့် သီလ ညစ်ညူးညှိုးနွမ်း ရသည်။

### ကျိုး၊ ပေါက်၊ ပြောက်၊ ကျား

အစ, အဆုံး သိက္ခာပုဒ် တစ်ခုခုပျက်လျှင် သီလကျိုးသည်၊ ဥပုသ်ကျိုးသည်၊ အလယ်သိက္ခာပုဒ်ပျက်လျှင် ပေါက်သည်၊ တစ်ခုကျော်စသည် အကြားအကြားမှာ ပျက်လျှင် ပြောက်သည်၊ အစ, အလယ်, အဆုံး တစ်မျိုးမျိုး၌ နှစ်မျိုး သုံးမျိုးဆက်ပျက်လျှင် ကျားသည်ဟု ခေါ်ဆိုရ၏။

## မေထုန်ငယ် ခုနစ်ပါး

၁-၅။ အမျိုးသားများအတွက် အမျိုးသမီးများနှင့် ပတ်သက်၍ ယုယုယယပြုမှု၊ ပျော်ရွှင်ရယ်မောမှု၊ မျက်စိချင်းဆိုင် ပြိုင်ကြည့်မှု၊ အသံကို နားထောင်မှု၌ ဖြစ်သော သာယာမှု ၅-မျိုးနှင့်

၆။ သူတစ်ပါးတို့ စည်းစိမ်ခံစားနေသည်ကို ကြည့်၍ သာယာခြင်း။
၇။ သီလအကျင့်ဖြင့် နတ်စည်းစိမ်ကို တောင့်တ၍ သာယာခြင်း။

## ယုတ်ညံ့သောတရားများ

ကောဓ(အမျက်ထွက်ခြင်း)၊
ဥပနာဟ(ရန်ငြိုးဖွဲ့ခြင်း)၊
မက္ခ(သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း)၊
ပဠာသ (အပြိုင် ပြုခြင်း)၊
ဣဿာ (သူတစ်ပါး ကြီးပွားချမ်းသာသည်ကို မနာလို မရှုစိမ့်ခြင်း)၊
မစ္ဆရိယ (မိမိစည်းစိမ်ကို နှမြော ဝန်တိုခြင်း၊ ကပ်စေးနှဲခြင်း)၊
မာယာ (မိမိအပြစ်ကို ဖုံးကွယ် ထားခြင်း)၊
သာဌေယျ (မရှိသော ဂုဏ်ကို ရှိလေ ဟန်ဆောင်ခြင်း)။

## သီလစင်ကြယ်ခြင်း

သီလစင်ကြယ်ကြောင်းတရား ခုနစ်ပါးရှိသည်–

၁ –၄။မကျိုး၊ မပေါက်၊ မပြောက်၊ မကျားခြင်း၊

၅။ တဏှာကို တော်လှန်နိုင်ခြင်း (တဏှာကျွန်အဖြစ်မှ လွတ်မြောက်ခြင်း (ဘုဇိဿ)၊
၆။ ပညာရှိတို့ ချီးမွမ်းအပ်ခြင်း (ဝိညူပသတ္ထ)။
၇။ အမှားမသုံးသပ်ခြင်း (အပရာမဋ္ဌ=သီလနှင့်စပ်၍ တဏှာဒိဋ္ဌိ မဖြစ်ခြင်း)-

ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော သီလကသာ သမာဓိကို ဖြစ်စေနိုင်သည်။ ရစ်မသည် ဥကို၊ စာမရီသားကောင်သည် အမွေးအမျှင်ကို အသက်စွန့်၍ စောင့်ရှောက်သကဲ့သို့ မိခင်သည် တစ်ဦးသောသားကို၊ မျက်စိတစ်ဘက်ကန်းသူသည် ကျန်မျက်စိတဘက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့ မိမိ၏ သီလ(ကိုယ်ကျင့်တရား)ကို စောင့်ရှောက်ကြရာ၏။

ငါးပါးသီလတောင်းခံ ဆောက်တည်ပုံကို အခြေခံအဆင့်မှာ ပြခဲ့သည့်အတိုင်း ကျက်မှတ်ရန် သို့မဟုတ် စာအုပ်ကြီး နှာ-၂၈၉၊ ၂၉၀ ကြည့်ပါ။

## (၁) ပါဏာတိပါတသိက္ခာပုဒ်သိမှတ်ဖွယ်

သက်ရှိသတ္တဝါ၏ အသက်ကို သေစေလိုသောစိတ်ဖြင့် သတ်ဖြတ်ခြင်းသည် ပါဏာတိပါတ မည်၏။ အင်္ဂါငါးပါးရှိမှ ပါဏာတိပါတကံ ပြီးမြောက်သည်။

၁။ သက်ရှိသတ္တဝါဖြစ်ခြင်း၊
၂။ သတ္တဝါဟု အမှတ်ရှိခြင်း၊
၃။ သတ်လိုသော စေတနာရှိခြင်း၊
၄။ သတ်ရန်အားထုတ်ခြင်း၊
၅။ ထိုအားထုတ်မှုကြောင့် သေခြင်း။

ပါဏာတိပါတ တရားကိုယ်(လိုရင်းအစစ်)မှာ သတ်လိုသော ဒေါသစိတ်ဖြစ်ရာ၌ ပါဝင်သည့် "စေတနာ" ဖြစ်၏။ ပါဏာတိပါတကံ ပြီးမြောက်လျှင် သတ်သူ သေလွန်သောအခါ အပါယ်ဘုံဘဝ၌ ကျရောက်ရ၏။ အင်္ဂါ ၅-ပါး မပြည့်စုံလျှင် ပါဏာတိပါတကံ မထိုက်၊ သတ်သည်ဟု မဆိုရ။ ဥပမာ- လမ်းသွားရင်း ပိုးမွှား တိရစ္ဆာန်များကို မတော်တဆ နင်းမိခြင်းစသည်တို့ဖြစ်၏။ ကျန်အင်္ဂါ ၄-ပါးပြည့်စေကာမူ သေစေလိုသော စေတနာမရှိလျှင် ကမ္မပထမမြောက်၊ ထို့ကြောင့် အပါယ် မလားနိုင်၊ သို့သော်လည်း အကုသိုလ်ကား ဖြစ်၏၊ အထိုက်အလျောက် မကောင်းကျိုးများပေးနိုင်၏။

## အပြစ် အကြီးအငယ်

သူ့အသက်သတ်ခြင်းတူသော်လည်း အကျင့်သီလ ဂုဏ်သိက္ခာမရှိသော တိရစ္ဆာန်သတ္တဝါများ၌ ခန္ဓာကိုယ် ငယ်လျှင် အပြစ်ငယ်ပြီး ခန္ဓာကိုယ်ကြီးလျှင် အပြစ်ကြီး၏။

လူစသော သတ္တဝါတို့၌ အသက်သိက္ခာ ဂုဏ်ဝါကြီးမားလျှင် အပြစ်ကြီးပြီး အကျင့်သိက္ခာ ဂုဏ်ဝါနည်းပါးလျှင် အပြစ်ငယ်၏။ ကိုယ်ခန္ဓာနှင့် ဂုဏ်သိက္ခာ တူညီရာ၌ပင် စေတနာ လုံ့လအားကြီးလျှင် အပြစ်ကြီး၍ စေတနာ လုံ့လ အားနည်းလျှင် အပြစ်ငယ်၏ ဟုလည်း မှတ်သား ရာ၏။

## ပါဏာတိပါတ ရှောင်ကြဉ်ရကျိုး

သက်ရှိသတ္တဝါတိုင်း သေရမည့်ကို ကြောက်ကြ၏၊ မိမိကိုယ်နှင့် နှိုင်းစာ၍ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရာ၏၊ ရှောင်ကြဉ်ရသော ကောင်းကျိုးမှာ–

၁။ မျက်စိ, နား, နှာ၊ အင်္ဂါခြေလက် မချို့တဲ့ခြင်း၊
၂။ ဖြစ်လေရာဘဝ၌ ရုပ်အသွင်ညှိုးခြောက်မှု မရှိခြင်း၊ စိုစိုပြေပြေ ရှိခြင်း၊
၃။ အားအင်ပြည့်ဖြိုးခြင်း၊
၄။ လျှင်မြန်ဖြတ်လပ်ခြင်း၊
၅။ ဘေးရန်ပေါ်ပေါက်ခဲ့လျှင် ရဲရင့်ခြင်း၊
၆။ သူတစ်ပါး ပယောဂကြောင့် မသေရခြင်း၊
၇။ အနာရောဂါကင်းခြင်း၊
၈။ အခြွေအရံ ပြည့်စုံခြင်း၊
၉။ အသက်ရှည်ခြင်းစသော ကောင်းကျိုးများ ခံစားရသည်၊ ကွယ်လွန်သောအခါ နတ်ရွာသုဂတိသို့ လားရောက်ရသည်။

## (၂) အဒိန္နာဒါန သိက္ခာပုဒ် သိမှတ်ဖွယ်

သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ လိမ်ညာယူခြင်း၊ ရောင်းဝယ်ရာ၌ အလေးတင်းတောင်း မမှန်မကန်ပြုခြင်း၊ ရောင်းကုန်တိုးအောင် ရေထိုးခြင်း စသည်ဖြင့် မရိုးမသား မတရားပြုလုပ်၍ ယူခြင်းမှန်သမျှ အဒိန္နာဒါနဖြစ်သည်။

**အဒိန္နာဒါနအင်္ဂါ ၅-ပါး**

ပါဏာတိပါတအတိုင်းပင် အဒိန္နာဒါန၌လည်း အင်္ဂါပြည့်စုံလျှင် ကမ္မပထမြောက်သည်။

၁။ သူတစ်ပါးဥစ္စာ၊
၂။ သူတစ်ပါးဥစ္စာဟုအမှတ်ရှိခြင်း၊
၃။ ခိုးယူလိုသော စေတနာရှိခြင်း၊
၄။ ကိုယ်, နှုတ်ဖြင့် လုံ့လတစ်ခုခုပြုလုပ်ခြင်း၊
၅။ ခိုးခြင်း၊ ပေါင်း ၅-ပါး။ ကမ္မပထမြောက်လျှင် သေသောအခါ အပါယ်ကျ၏။

**အပြစ်ကြီး အပြစ်ငယ်**

ဥစ္စာရှင်၏ အကျင့်သီလဂုဏ်သိက္ခာနှင့် ပစ္စည်းအနည်းအများလိုက်၍ အပြစ်ကြီး အပြစ်ငယ်ကိုမှတ်သားရာ၏။

**အဒိန္နာဒါန ရှောင်ကြဉ်ရကျိုး**

နတ်ရွာသုဂတိ လားရောက်ပြီး ဘဝအဆက်ဆက် တွင်လည်း –

၁။ ပစ္စည်းဥစ္စာပေါကြွယ်ဝခြင်း၊

၂။ မပင်မပန်းချမ်းသာခြင်း၊

၃။ အစာရေစာပေါများခြင်း၊

၄။ အလိုရှိသောပစ္စည်းကို အလွယ်တကူရရှိခြင်း၊

၅။ ကူးသန်းရောင်းဝယ်မှု ကျွမ်းကျင်း၍ စည်းစိမ်ဥစ္စာ တိုးပွားခြင်း၊

၆။ ရန်သူမျိုးငါးပါး၏ ဖျက်ဆီးမှုမခံရခြင်း–

အကျိုးများကို ခံစားရ၏။

## (၃) ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် သိမှတ်ဖွယ်

ဤသိက္ခာပုဒ်၌ ယောကျ်ားတို့မသွားမလာအပ်သော မိန်းမ ၂၀နှင့် မိန်းမတို့လက်မခံသင့်သော ယောကျ်ား ၁၂– ယောက်ကို မှတ်သားရမည်။

**၁–၁၀။ အုပ်ထိန်းမှုမကင်းသော မိန်းမ ၁၀–ယောက်**

မိခင်၊ ဖခင်၊ မိ,ဘနှစ်ပါး၊ မောင်းကြီး, မောင်ငယ် (ခေတ်ဆန်သူတို့က အစ်ကိုကြီး, အစ်ကိုငယ်ခေါ်ကြ၏)

အစ်မ, ညီမ၊ ဆွေမျိုး၊ အမျိုးအနွယ် (ဂေါတ္တ)၊ တရားကျင့်ဖော်ချင်း (ယောဂီအချင်းချင်း) ပေါင်းရှစ်ယောက်။

၉။ ပြောဆို ကြောင်းလမ်းပြီးသော မိန်းမ၊

၁၀။မင်းတို့သိမ်းပိုက်ရန် ရည်ရွယ်ထား၍ မင်းဒဏ်မကင်းသော မိန်းမ။

**၁၁-၂၀။ မယား ၁၀-မျိုး-**

ဥစ္စာဖြင့်ဝယ်၊ အလိုတူပေါင်းသင်း၊ စည်းစိမ်ကြောင့်နေ၊ အဝတ်အစားကြောင့်နေ၊ လူကြီးစုံရာနှင့်လက်ထပ်၊ အလုပ်သမအား အလုပ်မလုပ်စေဘဲပေါင်း၊ ကျွန်မယား၊ အလုပ်သမားမယား၊ သုံ့ပန်းမယား၊ အပျော်မယား (ခေတ္တမယား ပြည့်တန်ဆာ)

အမျိုးသားတို့အတွက် ဤ၌ပြထားသောမိန်းမ ၂၀-လုံး ကာမေသု မိစ္ဆာစာရကံထိုက်သည်။ အမျိုးသမီးတို့အတွက်ကား ၉ မှ ၂၀ အထိ ၁၂-ယောက်သာထိုက်သည်။ ဤကားကျမ်းဂန်တို့၌လာသော အဆိုအမိန့်တည်း။

လိုရင်းမှာ“အမျိုးသားများအတွက် အုပ်ထိန်းမှုမကင်းသော သမီးပျိုများနှင့် သူတပါးမယားကို မကျူးလွန်ရ၊

အမျိုးသမီးများအတွက် မိမိကာမပိုင် လင်မှ တပါးမည်သည့်ယောက်ျားနှင့်မျှ မေထုန်မှု မပြုကျင့်ရ”ဟုဆိုလို၏။

ဤကာမေသုမိစ္ဆာစာရကံကား အလွန်ကြောက်ဖွယ်ကောင်း၏၊ သေလွန်၍ ငရဲခံရပြီးနောက် လူ့ဘဝပြန်ရစေကာမူ ဘဝများစွာ နပုန်းပဏ္ဍုက် ဖြစ်ရခြင်း၊ ချစ်သူနှင့်ကွဲကွာရခြင်း စသော အပြစ်တွေများလှကုန်၏။ သည်ခေတ်သည်စနစ်အရ နိုင်ငံခြားမှကပ်ပါလာသည့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ပုံစံများကိုလည်း ဝေးစွာ ရှောင်ကြည်ရာ၏။

## အပြစ်ကြီး အပြစ်ငယ်

နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီ ရဟန္တာမကို ကျူးလွန်မိ၍ ချက်ချင်းအဝီစိငရဲကျခံရသကဲ့သို့ သီလရှိ သိက္ခာဂုဏ်ဝါကြီးသူ၌ လွန်ကျူးလျှင် အပြစ်ကြီး၏။ သီလမရှိသူအပေါ်၌ အပြစ်ငယ်သော်လည်း အနိုင်အထက် လွန်ကျူးလျှင် အပြစ်ကြီး၏။

## ကာမေသုမိစ္ဆာစာရကံ အင်္ဂါ ၄-ပါး

၁။ မသွားလာအပ်သော မိန်းမနှစ်ဆယ်ဖြစ်ခြင်း၊
၂။ မှီဝဲလိုစိတ်ရှိခြင်း၊
၃။ လုံ့လပြုခြင်း၊
၄။ သာယာခြင်း ပေါင်း ၄-ပါး ဖြစ်၏။

## ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်ရကျိုး

ရန်သူမရှိခြင်း၊ သတ္တဝါအားလုံး၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊ အစားအစာ၊ အဖျော်ယမကာ အဝတ်တန်ဆာတို့ကို

ရရှိခြင်း၊ ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာနိုးထရခြင်း၊ အပါယ်ဘေးမှ လွတ်ရခြင်း၊ မိန်းမအဖြစ် နပုန်း ပဏ္ဍုက် အဖြစ်မှ လွတ်ရခြင်း၊ အမျက်ဒေါသနည်းခြင်း၊ ပွင့်လင်းစွာ ပြုလုပ်ပြောဆိုနိုင်ခြင်း၊ ခေါင်းမော့နေနိုင်ခြင်း၊ ခေါင်းငိုက်စိုက် မကျ ကြည်လင်ရွှင်ပျစွာနေနိုင်ခြင်း၊ လင်မယားအချင်းချင်း သာချစ်ခင်မြတ်နိုးခြင်း၊ မျက်စိ၊ နား၊ နှာ စသော ခြေလက်အင်္ဂါပြည့်စုံခြင်း၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း၊ ယုံမှားသံသယကင်း၍ ရဲတင်းစွာနေနိုင်ခြင်း၊ ချမ်းသာစွာ နေရခြင်း ပူပန်ကြောင့်ကြမရှိရခြင်း၊ ဘေးရန်မရှိခြင်း၊ ချစ်ခင်သူတို့နှင့် အတူနေရခြင်း စသော အကျိုးတို့ရနိုင်သည်။

## (၄) မုသာဝါဒသိက္ခာပုဒ် သိမှတ်ဖွယ်

နှုတ်ဖြင့်, စာဖြင့်, ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုဖြင့် လိမ်ညာမှုမှန်သမျှ မုသာဝါဒဖြစ်သည်။ နှုတ်ပြောစကားက မှသားအဖြစ်များ၍ ဝစီဒုစရိုက် (နှုတ်မှားအကျင့်) ၌ ထည့်သွင်းရသည်။ မုသားဆိုရာ၌ အကျိုးစီးပွား ပျက်စီး ကြောင်း လိမ်ညာမှုကသာ အပါယ်ရောက်ကြောင်းဖြစ်သည်။ သူတပါး စီးပွားအနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၏၊ များစွာပျက်စီးလျှင် အပြစ်ကြီး၏။

ဘုရားအလောင်းသူတော်ကောင်းများသည် ကျန်ကံ ၄–ပါးကို ရံခါပြုလုပ်မိကြသော်လည်း သူတပါးအကျိုးစီးပွား

ပျက်စီးစေသော မုသာဝါဒကို မည်သည့်အခါမှ မပြောကြ၊ မုသာဝါဒကံကို မလွန်ကျူးကြ။

**မုသာဝါဒ အင်္ဂါ ၄-ပါး**

၁။ မဟုတ်မှန်သော အကြောင်းအရာဖြစ်ခြင်း၊
၂။ မဟုတ် မမှန်ပြောလိုစိတ်ရှိခြင်း၊
၃။ ပြောလည်းပြောခြင်း၊
၄။ လိမ်ညာ ပြောသော စကားကို လိမ်ညာခံရသူက သိခြင်း ပေါင်း ၄-ပါး။

**မုသာဝါဒ ရှောင်ကြဉ်ရကျိုး**

စကားပီသပြတ်သားခြင်း၊ သွားများညီညာခြင်း၊ ခံတွင်းမွှေးကြိုင်ခြင်း၊ ကိုယ်ရေအသားပြည့်ဖြိုးခြင်း၊ မျက်စိနား စသော ဣန္ဒြေများ ကြည်လင်ခြင်း၊ ပုံသဏ္ဌာန်ကိုယ်ရေလှပခြင်း၊ သူတပါးအပေါ် ဩဇာအာဏာ ရှိခြင်း၊ အပြောအဆိုနှုတ် စအာစကောင်းခြင်း၊ စိတ်တည်ငြိမ်ခြင်း (အကြီးအကဲဖြစ်ရတတ်ခြင်း)။

**(၅) သုရာမေရယသိက္ခာပုဒ်သိမှတ်ဖွယ်**

သေရည်သေရက်၊ ဘိန်းဘင်း၊ ကဇော်၊ လော်စာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ ဘိန်းဖြူစသော မူးယစ်

စေတတ်သော မည့်သည့်ပစ္စည်းကိုမဆို သောက်စားခြင်းမပြုရ၊ ထိုအရာများကို သုံးစွဲခြင်းသည် ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောကြောင့် ရှောင်ကြဉ်ရသည်။

**သုရာမေရယအင်္ဂါ ၄-ပါး**

၁။ သုရာစသည် တပါးပါးဖြစ်ခြင်း၊

၂။ သောက်စားလိုသော စိတ်ရှိခြင်း

၃။ သောက်စားသုံးစွဲရန် အားထုတ်လုံ့လပြုခြင်း၊

၄။ သောက်စားသုံးစွဲခြင်း။

**အရက်သောက်ခြင်းအပြစ် ၆-ပါး**

စီးပွားဥစ္စာကုန်ခန်းပျက်စီးခြင်း၊ ခိုက်ရန်ပွားခြင်း၊ ရောဂါအမျိုးမျိုးဖြစ်ပွားတတ်ခြင်း၊ ကျော်စောသတင်းမဲ့ခြင်း၊အရှက်အကြောက်ကင်းခြင်း၊ အသိပညာအားနည်းအောင်ပြုတတ်ခြင်း။

**သုရာမေရယရှောင်ကြဉ်ရကျိုး**

အရေးအခွင့်သင့် မသင့်ကိုသိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သတိနှင့် ပြည့်စုံခြင်း၊ သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်း၊ အရှက်အကြောက်ရှိခြင်း၊ ကုသိုလ်ကောင်းမှုပြုလွယ်ခြင်း၊ သုဂတိဘဝသို့လားရခြင်း တို့ဖြစ်၏။

**ကောမာရဗြဟ္မစရိယ သီလငါးပါး**

ကုမာရ=လူပျို၊ ကောမာရ = လူပျို့ဥစ္စာ= မေထုန်မကျင့်ခြင်း

ကုမာရီ=အပျို၊ ကောမာရိက=အပျို့ဥစ္စာ = မေထုန်မကျင့်ခြင်း

ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ ဥစ္စာဖြစ်သော မြတ်သောအကျင့်ကို "ကောမာရဗြဟ္မစရိယ"ဟု ခေါ်သည်။ သီလဆောက်တည်နည်းမှာ ငါးပါးသီလအတိုင်း "ကာမေသုမိစ္ဆာစာရာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" နေရာ၌ "အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟု ဆောက်တည်ရသည်။ သီလတောင်းသည့်အခါ၌လည်း "ပဉ္စသီလံ" အစား "ကောမာရ ဗြဟ္မစရိယသီလံ"ဟု ဆိုရသည်။ ဤမျှသာထူးသည်။

မေထုန်အကျင့်ခေါ်သည့် ဖို, မ ဆက်ဆံမှုကား ကာမ တဆယ့်တစ်ဘုံ၌ အကုန်ရှိသည်၊ နတ်ပြည်၌ကား ပို၍ပင် ခမ်းနားကြီးကျယ်ပေသည်။ ခွေး ဝက် ကြက်ငှက် ပိုး ပရွက်ကမကျန် သက်ရှိမှန်သမျှ မေထုံအမှုပြုကြသည်ချည်း။ ဤအမှုကို မစွန့်လွှတ်နိုင်ကြသည့်အတွက် ရိုက်နှက်သတ်ပုတ် ထိုးခုတ် လုယက် မတရား နိုင်ထက်ပြုမှုစသည်ဖြစ်ပွားကာ ထောင်ကျ အညှဉ်းဆဲခံကြရသည်၊ နောင်တမလွန်မှာလည်း အပါယ်ငရဲ၌ ဆင်းရဲခံစားကြရသည်။

ဆင်းရဲမှန်သမျှ ဤကာမဂုဏ်မှ စခဲ့သည်ဖြစ်ရာ သာသနာတွင်း သာသနာပ သူတော်စင်မှန်သမျှ ဤမေထုံ

ကဿပဘုရားရှင် လက်ထက် တော်က ကိကီမင်းကြီး သမီးတော် ညီအစ်မခုနစ်ဖော်တို့သည် အနှစ်နှစ်သောင်း ပတ်လုံး အပျိုစင်ဘဝဖြင့် ဤကောမာရ ဗြဟ္မစရိယသိက္ခာပုဒ် ကို စောင့်ထိန်းခဲ့ကြသည်။ သူတို့ကား– ဂေါတမဘုရားရှင် လက်ထက် ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရီ၊ ဓမ္မဒိန္နာ၊ ကုဏ္ဍလကေသီ၊ ကိသာဂေါတမီ ထေရီများနှင့် ဝိသာခါ ကျောင်းအစ်မကြီးတို့ ဖြစ်လာကြသတည်း။

အလားတူပင် ဒုကူလနှင့် ပါရိကာ စသည်တို့သည် အိပ်ရာတစ်ခုတည်း၌ အတူအိပ်ကြသော်လည်း ကျူးလွန် ဖောက်ပြားမှုမရှိကြဘဲ စင်ကြယ်သော မေတ္တာဖြင့် ရစ်ပတ်နှောင်ဖွဲ့လျက် သက်ဆုံးတိုင် စောင့်စည်းခဲ့ကြသည်။

အပျို လူပျိုအိမ်ထောင်မရှိသူများ၊ အိမ်ထောင်ရှိသော် လည်း ခေတ္တခွဲခွာနေရသူများ ရိုးရိုးငါးပါးသီလအစား ဤကောမာရ ဗြဟ္မစရိယသီလကိုဆောက်တည်ကြသည်။ ပို၍ နှပျိုကျန်းမာ အသက်ရှည်စွာနေရ၏။

## ရှစ်ပါးသီလ

ဤရှစ်ပါးသီလကို လဆန်း (၈)ရက်၊ လဆုတ် (၈)ရက်၊ လပြည့်၊ လကွယ် ဥပုသ်နေ့များ၌ ဆောက်တည် လေ့ရှိကြသည်။ ဤသာမန်စောင့်ရိုးရက်များသာမက အကြို အပိုနှင့်တကွ အဖိတ်နေ့ ဥပုသ်အထွက်နေ့တို့ပါ ကျင့်သုံး ဆောက်တည်သူများလည်း ရှိသည်။

ဤရှစ်ပါးသီလကို ကျင့်သုံး ဆောက်တည်းခြင်းဖြင့်–

ဘုန်းတန်ခိုး အရှိန်အဝါတိုးတက် မြင့်မားစေ နိုင်သည်။

စကြဝဋေးမင်းလောင်းသည်ပင် ဤရှစ်ပါးသီလကို စောင့်ထိန်းမှသာ စကြာမင်း ဖြစ်နိုင်သည်။

ဘဝသံသရာ၌ ကောင်းရာသုဂတိသို့ရောက်နိုင်ပြီး မဂ် ဖိုလ် နိဗ္ဗာန်အထိရောက်ရှိနိုင်သည်။

အပြစ်ကင်းစင်သည့် လူတော် လူကောင်းဖြစ်၍ အများယုံကြည်လေးစားမှုကို ခံစားရမည်။

စည်းစိမ်ဥစ္စာ အစုလိုက်အပုံလိုက်တိုးတက် ကြီးပွား နိုင်သည်။

သရဏဂုံသုံးပါးနှင့်တကွ ရှစ်ပါး၊ ကိုးပါးသီလ ခံယူဆောက်တည်ပုံများကို အခြေခံအဆင့်မှာတုန်းက သင်ကြား ခဲ့ပြီးပြီ။ (အခြေခံအဆင့်စာအုပ် နှာ၊ ၁၅၁–မှ ၁၆၃။ သို့မဟုတ် အထက်တန်းအဆင့်၊ နှာ ၃၁၁–၃၁၂။ ကြည့်။) ဤ၌ သိမှတ်ဖွယ်အချို့ကိုသာ ဖော်ပြမည်။

## အဗြဟ္မစရိယသိက္ခာပုဒ် သိမှတ်ဖွယ်

မိန်းမ၊ ယောကျ်ား (နှစ်ဦးသားတို့ အချင်းချင်း ဖိုမဆက်ဆံမှုကို ပါဠိလို "မိထုန" မြန်မာလို "မေထုန်" ဟုခေါ်သည်။ ကာမေသုမိစ္ဆာစာရမှာ ဇနီးခင်ပွန်းအချင်းချင်း ပေါင်းဖော်ခွင့်ရသော်လည်း ဤသိက္ခာပုဒ်၌ကား အချင်းချင်း

သော်မှ ပေါင်းဖေါ်ခွင့်မရှိပေ၊ အိမ်ထောင်မရှိသူများ "ကာမေသုမိစ္ဆာစာရ"အစား ဤဗြဟ္မစရိယသိက္ခာပုဒ် ဆောက်တည်ပါက သာ၍ အကျိုးကြီးသည်။

## ဝိကာလဘောဇနေ သိက္ခာပုဒ် သိမှတ်ဖွယ်

### နေလွဲ ညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း

ရှောင်ကြဉ်သည့်နေ့ မွန်းလွဲ (၁၂)နာရီမှ နောက်နေ့ နံနက်အရုဏ်တက် (ရောင်နီလာ)သည့်အချိန်အထိ ထမင်းဟင်း မုံ့ပဲသွားရည်စာ သစ်သီးစသည်များကို စားလျှင် ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလအကုန်ပျက်၏။ ဆာလောင်မွတ်သိပ်လျှင် ဖျော်ရည်အမျိုးမျိုးကို သောက်နိုင်၏။ ထန်းလျက်ကိုပင် မစားရ၊ ဖျော်ရည်လုပ်၍သောက်ရသည်။

### ညစာ မစားခြင်းအကျိုး

ဤသိက္ခာပုဒ်၏ ရည်ရွယ်ချက်မှာ–

ကိစ္စနည်း၍ တရားအားထုတ်ရန် အချိန်များ စွာရခြင်း၊ လောကီအာရုံ ကာမဂုဏ်တို့၌ စိတ်မဝင် စားအောင် လောဘဒေါသများ ထိန်းချုပ်ပြီး ဖြစ်စေခြင်း တို့ဖြစ်၏။ ညစာမစားမှုတစ်ခုတည်းဖြင့် ဥပုသ်စောင့်သည် ဟုမဆိုရ။

ညစာစားခြင်းဖြင့် လောကီအာရုံ ကာမဂုဏ်ဘက် စိတ်ညွတ်လွယ်သည်။ ထို့ကြောင့် အဖြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ ညစာမစားမှသင့်လျော်မည်ဖြစ်၏။

ကဿပဘုရားရှင်လက်ထက်က ဂဝေသီဆရာကြီးနှင့် သီတင်းသည် ငါးရာတို့သည် ငါးပါးသီလ၌ အဗြဟ္မစရိယနှင့် ဝိကာလဘောဇနေထည့်ပြီး (ကာမေသုနှုတ်) ၆–ပါး သီလစောင့်ထိန်းကြကြောင်း ပဉ္စဂုံတ္တရပါဠိတော်၊ ဂဝေသီ သုတ်၌လာ၏။

ဓမ္မိကဥပါသကာနှင့် နန္ဒမာတာတို့လည်း ၆–ပါး သီလကို အသက်ထက်ဆုံး စောင့်ထိန်းကြကြောင်း လာရှိသည်။

လူ့ဝတ်ကြောင်အနာဂါမ်များဖြစ်ကြသည့် ဆတ္တပါဏိ ဥပါသကာ၊ ဝိသာခ သူဌေးတို့ကား ကာမရာဂ သံယောဇဉ်ပြတ်ပြီးဖြစ်ကြ၍ အလိုလိုစောင့်ထိန်းပြီး ဖြစ် ကြောင်း ကျမ်းဂန်တို့၌ဆိုသည်။

## နစ္စ ဂီတ ဝါဒိတ သိက္ခာပုဒ် အဓိပ္ပါယ်သိမှတ်ဖွယ်

**နစ္စ = ကခြင်း။** ကခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်က ခြင်း၊ သူတပါးကိုအကခိုင်းခြင်း၊ ယုတ်စွ အဆုံး တိရစ္ဆာန်များကိုပင် အက မခိုင်းရ။

**ဘ = သီဆိုခြင်း။** ကိုယ်တိုင်သီဆိုခြင်း၊ သူတပါးကို အဆို ခိုင်းခြင်း၊ စီးကိုက်ဝါးကိုက်ဖြင့် ဓမ္မအသံ ကို ဆွဲငင်လျက် ပါဠိဂါထာများကို ရွတ်ဖတ်ခြင်း၊ ဓမ္မတေးကဗျာများကို ရွတ်ဆိုခြင်း မပြုရ၊ ဘုရားရှိခိုးစာ၊ တရားစာရွတ် ဖတ်ရာ၌ပင် သီချင်းသံ ပေါက်အောင် ဆွဲဆွဲငင်ငင်မဆိုရ၊ သူတပါးကိုလည်း အဆိုမခိုင်းရ၊ နားမ ထောင်ရ၊ နားထောင် လျှင် သီလ ပျက်၏။ လမ်းကြုံ၍ ကြားရာ၌ကား သီလမပျက်ပါ။

**ဝါဒိတ=တီးမှုတ်ခြင်း။** တူရိယာ ၅-မျိုးကို ကိုယ်တိုင် မတီးခတ်ရ၊ သူတပါးကိုလည်း တီးခတ် မခိုင်းရ၊ နားလည်းမထောင်ရ၊ လမ်းကြုံ ၍ကြားလျှင်ကား သီလမပျက်၊ တမင် လွန်ကျူးမှသာ ပျက်၏။

**ဝိသူက ဒဿန-** ဆန့်ကျင်ဘက် ကြည့်ရှု နားထောင် ခြင်း။ လောကအမြင် အားဖြင့် အနု ပညာတစ်ရပ်အဖြစ် ချီးကျူးဖွယ်ဖြစ် သော်လည်း လောကုတ္တရာ အမြင် အားဖြင့် ကာမဂုဏ်ကို အားပေး နှိုးဆွ

ရာရောက်သောကြောင့် ကပြသီဆို တီးမှုတ်ခြင်းများကို ကြည့်ရှု နားထောင် ခြင်းများသည် "ဝိသူက ဒဿန = သာသနာတော်၏ ပြောင့်တံကျင် သဖွယ် ဖြစ်သော ကြည့်ရှု နားထောင်မှု" ဟုခေါ်၏။ (ဝိသုက = စို့ပြန်သဖွယ် ဆန့်ကျင်ဘက်+ ဒဿန = ကြည့်ရှု နားထောင်ခြင်း)

**မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ်သိမှတ်ဖွယ်**

| | | |
|---|---|---|
| **မာလာ** | = | ပန်းပန်ခြင်း (မာလာဓာရဏ) |
| **ဂန္ဓ** | = | နံ့သာလိမ်းခြင်း (ဂန္ဓဓာရဏ) |
| **ဝိလေပန** | = | သနပ်ခါး မိတ်ကပ် စသည် လိမ်းကျံ ခြင်း (ဂန္ဓဝိလေပန) |

**မဏ္ဍန = အလှပြင်ခြင်း**

ဆံပင်အလှပြင်ခြင်း၊ တွန့်ခြင်း၊ ကောက်ခြင်း၊ ပုံသွင်းခြင်း လက်သည်း ခြေသည်း ဆေးဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း၊ မျက်တောင်အတုတပ်ခြင်းစသည် အလှပြင်ခြင်းမှန်သမျှကို "မဏ္ဍန" ဟုခေါ်သည်။ သာမန် ခေါင်းလျှော်ခြင်း၊ လက်သည်းခြေသည်းရှည်၍ လှီးဖြတ်ခြင်း တို့မှာ သီလမပျက် အပြစ်မရှိ။

ဥပုသ်စောင့်ခြင်းသည် ကာမဂုဏ်လောဘကို ပယ်ခြင်း ဖြစ်၍ ဥပုသ်မယူမီ ကြိုတင်၍လည်း မပြုလုပ်ရချေ။

**ဝိဘူသန = တန်ဆာဆင်ခြင်း**

ရွှေ ငွေ လက်ဝတ်လက်စားများ ဝတ်ဆင်ခြင်း၊ အလှအပ အဆင်ဆန်း အဝတ်ဆန်းများဝတ်ခြင်း၊ ဖိနပ်အလှစီးခြင်း၊ ထီးအလှဆောင်းခြင်း စသည်တို့ကား တန်ဆာဆင်မှုဖြစ်၍ ပြုလုပ်လျှင် ဥပုသ်ကျိုး၏၊ ဥပုသ်သည်များသည် သာမန် အဝတ်ရိုးရိုး၊ စီးနေကျဖိနပ်၊ ဆောင်းနေကျထီး ကိုသာ အသုံးပြုရသည်။ ယောဂီရောင် အဝတ်များဝတ်ခြင်းသည် အကောင်းဆုံးပင်တည်း။

**ဌာန = အကြောင်းအရာ။**

ဤပြန်းပန်ခြင်းစသော အလှ ပြင်မှု အားလုံးသည် ကိလေသာ တဏှာပွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ရှောင်ကြဉ်ရခြင်းဖြစ်၏။

## ဥစ္စာသယန မဟာသယန သိက္ခာပုဒ် သိမှတ်ဖွယ်

**ဥစ္စာသယန = မြင့်သောနေရာ**

အခြေတစ်တောင့်ထွာထက် ရှည်သော အိပ်ရာ၊ ခုတင်၊ ကုလားထိုင် စသည်ကို ခေါ်သည်။ မအိပ်ကောင်း၊ မထိုင်ကောင်း။

**မဟာသယန = မြတ်သောနေရာ**

စည်းစိမ်ခံစားလေ့ရှိသော လူချမ်းသာများ၏ အိမ်၌ လက်လေးသစ်မက အမွေးရှည်သော ကော်ဇော သားမွေးအခင်း, ခြင်္သေ့၊ သစ်၊ ကျား ရုပ်များဖြင့် ဆန်းကြယ်သော သားမွေးအခင်း၊ ရွှေချည် ငွေချည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးချည်အခင်း၊ လဲမွေ့ယာ၊ ဂွမ်းမွေ့ယာများ၌ မအိပ်ရ၊ မထိုင်ရ၊ အသုံးပြုလျှင် ဥပုသ်ကျိုး သီလပျက်သည်၊ အုန်းခွံအဆာသွတ် မွေ့ယာကိုမူ သုံးကောင်းသည်၊ သင်ဖြူး ချော၊ ကောဇောအမွေးတို့ စသည်ကိုကား ဤသိက္ခာပုဒ်အရ မြတ်သော နေရာဟု မဆိုရ။

## အာဇီဝဋ္ဌမကသီလ

**မိစ္ဆာဇီဝနှင့် သမ္မာအာဇီဝ။**

မတရားနည်းဖြင့် ပစ္စည်းဥစ္စာ ရှာဖွေမှုကို မိစ္ဆာဇီဝ။ (မိစ္ဆာ + အာဇီဝ)ဟုခေါ်ပြီး ထိုမှရှောင်ကြဉ်ကာ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေမှုကို သမ္မာအာဇီဝဟု ခေါ်သည်။

ကာယဒုစရိုက် သုံးပါးနှင့် ဝစီဒုစရိုက် လေးပါး၊ ဤ ၇-နှစ်ပါး ရှောင်ကြဉ်လျှင် မိစ္ဆာဇီဝမှရှောင်ကြဉ်ပြီး ဖြစ်၏၊ သို့ရာတွင် -

"လက်နက်ကုန်ကူးခြင်း (သတ္တဝါဏိဇ္ဇာ)
လူကုန်ကူးခြင်း (မနုဿဝါဏိဇ္ဇာ)
အသားကုန်ကူးခြင်း (မံသဝါဏိဇ္ဇာ)
အရက်သေစာမူးယစ် ဆေးဝါးကုန်ကူးခြင်း
(မဇ္ဇဝါဏိဇ္ဇာ)"
အဆိပ်ကုန်ကူးခြင်း (ဝိသဝါဏိဇ္ဇာ)-

ဟူသော ဥပါသကာများ မပြုကောင်းသော ကုန်သွယ်မှု ၅-မျိုး စသော မိစ္ဆာဇီဝများအားလုံးမကျန်ရအောင် **ရှစ်ခုမြောက်** နောက်ဆုံးသိက္ခာပုဒ်အဖြစ် သတ်မှတ်၍-

"မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"

ဟု ဆောက်တည်ရသည်။

အသက်မွေးဝမ်းကြောင်း စင်ကြယ်ရန် ဤ အာဇီဝဋ္ဌမကသီလကို ထိန်းသင့်သည်။

## အာဇီဝဋ္ဌမကသီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ (ပဉ္စသီလံ-နေရာ၌) အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ စသည်ဆို။ နောက် နမောတဿနှင့် ဗုဒ္ဓံ သရဏံ သည် ငါးပါးသီလအတိုင်း (၁-၄ ထိ)မုသာဝါဒါ နောက်မှ သုရာမေရယအစား -

၅။ ပိသုဏာဝါစာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ
၆။ ဖရုသဝါစာ ။
၇။ သမ္ဖပ္ပလာပဝါစာ

၈။ မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

နောက် ၄-ခု (၅-၈)ကို အနက်ပေးပြမည်။

၅။ ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ

၆။ ဖရုသဝါစာ = ကြမ်းတမ်း ဆဲဆိုပြောဆိုခြင်းမှ

၇။ သမ္ဖပ္ပလာပဝါစာ = အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ

၈။ မိစ္ဆာဇီဝါ = မတရားစီးပွားရှာ အသက်မွေးခြင်းမှ ဝေရမဏိသိက္ခာပဒံ = ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ = ကောင်းစွာ ကျင့်သုံး ခံယူဆောက်တည်ပါ၏။

ဤ အာဇီဝဋ္ဌမကသီလသည် တစ်ကြိမ်ဆောက်တည် ထားလျှင် အသက်မွေးမှုစင်ကြယ်နေသမျှ သီလမပျက်သော ကြောင့် နေ့စဉ်ဆောက်တည်ရန်မလို၊ သို့သော် ထပ်မံ ဆောက်တည်ခြင်းကြောင့် အပြစ်မရှိ။

**ပိသုဏာဝါစာ = ကုန်းတိုက်ခြင်း အင်္ဂါ ၅-ပါး**

၁။ ချစ်သူနှစ်ဦးရှိခြင်း

၂။ သူတို့နှစ်ဦးကွဲ၍ မိမိကိုချစ်စေလိုခြင်း

၃။ ကွဲအောင်လုံ့လပြုခြင်း

၄။ ခွဲခံရသူနှစ်ဦးက နားလည်ခြင်း

၅။ ကွဲခြင်း

## ပိသုဏဝါစာ၏ အပြစ်ဆိုးကျိုးများ

၁။ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ ကွဲပြားရခြင်း
၂။ သူတပါး လုံ့လကြောင့် သေကြေပျက်စီးရခြင်း၊
၃။ အခြွေအရံမဲ့ရခြင်း၊
၄။ သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်မှု မရှိခြင်း၊
၅။ မိတ်ဆွေအပေါင်းအသင်းမတည်မြဲခြင်း၊
၆။ လူအမုန်းခံရခြင်း၊
၇။ စိတ်ဓာတ်ညစ်ညမ်းခြင်း၊
၈။ သေပြီးနောက်အပါယ် ၄–ပါး ကျရောက်ခြင်း စသည်တို့ဖြစ်၏။

## ဖရုသဝါစာ

မကြားဝံ့ မနာသာ အယုတ်တမာဆဲဆိုမှု၊ ကျွဲခတ်၊ ကားတိုက်၊ လောင်မီးကျ၊ မိုးကြိုးပစ်– သေပါစေ: ကျိန်ဆိုခြင်း၊ ယုတ်မာသောအင်္ဂါနှင့် တိုင်းပြီး ပြောဆိုခြင်း၊ ကျိန်ဆဲခြင်းတို့ကို "ဖရုသဝါစာ"ဟု ခေါ်သည်၊ နှုတ်ထွက်ကြမ်းသည်ဖြစ်စေ၊ ချိုသာသည်ဖြစ်စေ စေတနာကြမ်းကိုသာ အကြမ်းဟုဆိုသည်။ ထို့ကြောင့် မိဘတို့က သားသမီးတို့ကို ကျိန်ဆဲရာ၌ ဖရုသဝါစာမဖြစ်၊ လူတစ်ယောက်ကို အသတ်ခိုင်းရာ၌ "သည်လူ ကောင်းကောင်းအိပ်ပါစေ" ဆိုသော်လည်း စေတနာကြမ်းသောကြောင့် ဖရုသဝါစာဖြစ်၏။

**ဖရုသဝါစာမြောက်ရန် အင်္ဂါ ၃-ပါး**

၁။ အဆဲခံရသူရှိခြင်း

၂။ အမျက်ထွက်စိတ်ဆိုးခြင်း

၃။ ဆဲရေးခြင်း

**ဖရုသဝါစာအပြစ်များ**

မနှစ်သက်သောအသံကိုကြားရခြင်း၊ အများအမုန်းခံရခြင်း၊ ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊ ဆင်းဆင်းရဲရဲနေထိုင်ရခြင်း၊ သာယာနာပျော်ဘွယ် အသံမရှိခြင်း၊ ဆွံ့အ, ခြင်း စသည်တို့အပြင် သေသောအချိန်၌ အပါယ်လားရခြင်း လူ့ဘဝပြန်ရောက်သည့်အခါ အထက် အပြစ်များ ခံစားရသည်။

**ဖရုသဝါစာ ရှောင်ကြဉ်ရကျိုး**

လူသတ္တဝါများ၏ ချစ်ခင်မှုကိုခံရခြင်း၊ လူတို့စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း၊ ချမ်းသာစွာနေရခြင်း၊ သာယာနာပျော်ဘွယ်စကားရှိခြင်း၊ လူအများချီးမွမ်းခံရခြင်း၊ အသံကောင်းခြင်း စသည်တို့ဖြစ်၏။

**သမ္ဖပ္ပလာပဝါစာ**

အနက်အဓိပ္ပါယ်မရှိ၊ ပြိန်ဖျင်း အနက်မဲ့ကင်း (နိရတ္ထက) သော စကားကိုဆိုကြောင်း စေတနာသည် သမ္ဖပ္ပလာပမည်၏၊ ပရမ်းပတာပြောဆိုခြင်း ဟုဆိုလို၏။

ဤဖရုသဝါစာနှင့်ပတ်သက်၍ ဒီပဲရင်းဆရာတော်ဘုရားကြီး၏ ပရမတ္ထစက္ခုကျမ်း၌ –

"ရာမမင်း၏ သီတာဒေဝီ မိဖုရားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်းခိုးယူသည်၊ ရွှေယုန်နှင့် ရွှေကျားသက်ကယ်ရိတ်သွားကြသည်၊ ဤသို့စသည့် ရှေးကမရှိဖူး မဖြစ်ဖူးသည်ကို ရှိဖူးဖြစ်ဖူးသကဲ့သို့ သူတပါးရာဂ ဒေါသပွားရန် ကြံဖန်ပြောဆိုသောစကားဟူသမျှ စပါးဖျင်းကဲ့သို့ အနက်ဆံမပါသည်ကိုဆိုသည်။ သူ့ကို ဆုံးမရာ၊ တရားဓမ္မဟောပြောရာ၌ ထင်လွယ်အောင် ဥပမာပုံပြ၍ ပြောဆိုရာ၌ သမ္ဖပ္ပလာပမဖြစ်"ဟုဖွင့်ဆိုထား၏။

**သမ္ဖပ္ပလာပဖြစ်ရန် အင်္ဂါ ၃–ပါး**

၁။ အနက်သံကင်း ပြိန်ဖျင်းသော စကားကို ဆိုလိုသော စိတ်ရှိခြင်း၊

၂။ ပြိန်ဖျင်းသော စကားကိုဆိုခြင်း၊

၃။ သူတပါးယုံကြည်ခြင်း။

**သမ္ဖပ္ပလာပ၏ ဆိုးကျိုး**

၁။ မိမိစကားကို သူတပါးမယုံခြင်း၊

၂။ မိမိကို လူအများ မုန်းတီးခြင်း၊

၃။ လူအများက မိမိကို အလေးမထားခြင်း၊

၄။ အများယုံကြည်ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊

၅။ လာဘ်လာဘ နည်းပါးခြင်း၊

၆။ ဘုန်းတန်ခိုးအာနုဘော် နည်းပါးခြင်း၊

၇။ ပညာသေးသိမ်မှေးမှိန်ခြင်း၊

စကားဖျင်းပြောသူသည် သေသော် အပါယ် ၄–ပါးသို့ ကျရောက်နိုင်ခြင်း၊ လူဖြစ်သောအခါ ဖော်ပြပါဆိုးကျိုးများ ခံစားရ၏။

## တိကင်္ဂုတ္တရ ပါဠိတော်၊ ဥပေါသထသုတ်လာ ဥပုသ်စောင့်နည်း ၃–မျိုး

၁။ နွားကျောင်းသား ဥပုသ် (ဂေါပါလ ပေါသထ)

၂။ တက္ကတွန်း ဥပုသ် (နိဂဏ္ဌုပေါသထ)

၃။ အရိယ ဥပုသ် (အရိယုပေါသထ)

### ၁။ နွားကျောင်းသား ဥပုသ်

သည်နေ့ဘာတွေစားသောက်ပြီးပြီ၊ နက်ဖြန် ဘာတွေစားသောက်မည်ဟု အစားအသောက်ကိုစိတ်ကူးရင်း စောင့်သည့် ဥပုသ် (ဂေါပါလက နွားကျောင်းသား)

### ၂။ တက္ကတွန်း ဥပုသ်

အမှားမှားအယွင်းယွင်းဟောသော ဒိဋ္ဌိတက္ကတွန်းတို့၏ စကားကို နားထောင်၍ စောင့်သောဥပုသ် (နိဂဏ္ဌ= ဒိဋ္ဌိတက္ကတွန်း၊ ကိုယ်တုံးလုံးနေသူကို တက္ကတွန်းခေါ်)

## အရိယာဥပုသ်

၃။ အရိယာဥပုသ် တစ်ခုတည်းကိုပင် ၅–မျိုးခွဲဟော ထားသည် –

## ဗြဟ္မ ဥပုသ်

(က) ညစ်နွမ်းသောစိတ်ကို သန့်ရှင်းအောင်လုပ်ပေး ရသည်၊ ဥပုသ်စောင့်ပြီး တရားဂုဏ်တော် ၉–ပါးကို အာရုံပြုကာ ကြည်လင်ရွှင်ပျအောင် ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပေးရသည်။ ညစ်ပတ်ရှုတ်ထွေးနေသော ဦးခေါင်းကို လျှော်ပေးရသလို ဥပုသ်စောင့်ပြီး **ဗုဒ္ဓါနုဿတိ ပွားရသည်။** ယင်းကို **"ဗြဟ္မဥပုသ် ဗြဟ္မာ (ဘုရား)နှင့် အတူနေသည်၊ ဗြဟ္မာကို အာရုံပြုစိတ်ကြည်သည်** ဟူလို။

(ခ) အလားတူတရားနှင့် အတူနေ၊ တရားကိုအာရုံပြု၊ တရားဂုဏ် ၆–ပါး သတိရ ဓမ္မာနုဿတိဘာဝနာပွားများပြီး ဥပုသ်စောင့် သူသည် ခန္ဓာကိုယ်ညစ်ပတ်လျှင် ရေချိုးပေးရ သလို စိတ်ကြည်အောင်လုပ်ရသည်။ ယင်းကိုတရားနှင့်နေ၊ တရားကို အာရုံပြုသဖြင့် **"တရားဥပုသ် = ဓမ္မဥပေါသထ"** ဟုခေါ်သည်။

(ဂ) ဥပုသ်စောင့်ပြီး သံဃာ့ဂုဏ် ၉–ပါးကို အာရုံပြု သံဃာနုဿတိစီးဖြန်းလျှင် ပေရေသည့်အဝတ်ကို လျှော်ဖွပ်ဝတ်ရသလို စိတ်ငြိမ်အောင်လုပ်ပေးရသည်။ ဤ

ဥပုသ်ကို **သံဃာ့ဥပုသ်ခေါ်သည်** သံဃာနှင့်အတူနေ သံဃာကို အာရုံပြုဆိုလို၏။

(ဃ) မကျိုးမပေါက်၊ မပြောက်မကျားသော မိမိသီလ ဥပုသ်ကို အာရုံပြုနေရမည်။ ကြည့်မှန်ကို ပွတ်တိုက်ပြီးမှ ကြည့်ရသလို စိတ်ကြည်လင်အောင် ပြုလုပ်ပေးရသည် ဟုဆိုလို၏။ ဤဥပုသ်ကို သီလနှင့် အတူနေ၊ သီလအာရုံပြုသဖြင့် " **သီလဥပုသ်** " ခေါ်သည်။

(င) နတ်ပြည်ခြောက်ထပ်ကနတ်များသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာနှင့်ပြည့်စုံကြသလို ငါ့မှာလည်း ဤတရားတွေရှိသည်ဟု နတ်တို့ကို သက်သေထား၍ မိမိနှင့်နတ်တို့၏သီလဂုဏ်ကို မိမိမှန်ဖန်အောက်မေ့နေရသည်။ ဖါးဖို၊ ဆား၊ ငွေနီ၊ ညှပ်စသောကိရိယာဖြင့် ရွှေကိုစင်ကြယ် အောင်လုပ်ရသလို မိမိစိတ်စင်ကြယ်အောင်လုပ်ပေးရမည်။ ဤဥပုသ်ကို "**ဒေဝတုပေါသထ = နတ်ဥပုသ်**" ခေါ်သည်။

## ဆယ်ပါးသီလ

သီလတောင်းပုံ "ပဉ္စသီလံ" နေရာတွင် "ဒသင်္ဂသမန္နာဂတံ သီလံ" ဆို။ နမော တသနှင့် သရဏဂုံအားလုံးတူ။ ရှစ်ပါးသီလ နစ္စဂီတနှင့် မာလာဂန္ဓတစ်ပုဒ်တည်းကို ဤ၌ **နှစ်ပုဒ်ခွဲ**။ ဇာတရူပ-သီးသန့်ဆို။

ပုံစံ ၁– ၆။ ဝိကာလဘောဇနာထိ ရှစ်ပါးနှင့်တူ
၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန
၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန
၉။ ဥစ္စာသယန မဟာသယနာ
၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

"ဇာတရူပ"အရ ရွှေတုံးရွှေခဲသာမက လက်ဝတ်ရတနာအားလုံး ပါသည်။

"ရဇတ"အရ ငွေသာမက ရောင်းဝယ်ဖြစ်သည့် စက္ကူစသည်အားလုံး ပါသည်။

"ပဋိဂ္ဂဟဏာ"အရ ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံသုံးစွဲခြင်းတို့ ဖြစ်သည်။

**မှတ်ချက်။** ရှစ်ပါးသီလ၌ နစ္စ ဂီတနှင့် မာလာဂန္ဓ သိက္ခာပုဒ်တစ်ခုတည်း ပေါင်းစပ်ထားသည်၊ (၁၀)ပါးသီလ၌ ၂–ပုဒ်ခွဲသည်။ ရှစ်ပါး၌ ကာမဂုဏ်နှင့်ဆန့်ကျင်ဘက်တူ၍ ပေါင်းသည်။ (၁၀)ပါး၌ သဘာဝချင်း တစ်မျိုးစီဖြစ်၍ ခွဲသည်။

# အခန်း (၇)

## ဘာဝနာပွားများနည်း

### ဘာဝနာအဓိပ္ပါယ်

"အကျိုးတရား၊ အလွန်များသဖြင့်၊ ဖြစ်ပွားစေအပ်၊
တရားမြတ်၊ မှတ်လေဘာဝနာ" —

ဟူသည်နှင့် အညီ အကျိုးကျေးဇူးအလွန်များသဖြင့် မိမိသန္တာန်၌ အကြိမ်ကြိမ် အထပ်ထပ် ပွားများအပ်သော တရားကို ဘာဝနာဟုခေါ်၏။

ထိုဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိ၏။

### သမထ အဓိပ္ပါယ်

လောဘစသော ကိလေသာအပူဓာတ်များ၊ မငြိမ်မသက်သော စိတ်များ၊ ရုန့်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါများကို ငြိမ်းအေးစေတတ်သည့် တည်ငြိမ်မှု သမာဓိကို သမထဟုခေါ်၏။

## ဝိပဿနာ အဓိပ္ပါယ်

ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်ဖြင့် ထူးထူးခြားခြား ရှုမြင်တတ်သော ဉာဏ်ပညာကို ဝိပဿနာ ဟုခေါ်၏။

လူ နတ် ဗြဟ္မာ၊ ယောကျ်ား၊ မိန်းမ၊ ခွေး၊ ကြောင်၊ နွားစသော သတ္တဝါများသည်လည်းကောင်း၊ ရေး၊ မြေ၊ တော၊ တောင်၊ အိမ်၊ကျောင်း၊ ဇရပ်စသည့် သက်မဲ့ဝတ္ထုများ သည်လည်းကောင်း ပညတ်တရားများဖြစ်၍ အမှန်မရှိကြ၊ ၎င်းတို့သည် စိတ်–စေတသိက်ဟူသော နာမ်တရားများ၊ ပထဝီ–အာပေါ–တေဇော–ဝါယောစသော ရုပ်တရားများနှင့် ဖွဲ့စည်းထားကြ၏၊ ထိုအမှန်ရှိသော ရုပ်နာမ်– ပရမတ်တရား များကို သမာဓိယှဉ်သောစိတ်ဖြင့် ထိုးထွင်း၍ မြင်သိအောင် ရှုကြည့်သောအခါ ထိုရုပ်နာမ်တရားတို့သည် ခဏမစဲဖြစ်ပျက် နေကြသဖြင့် မတည်မြဲသည့် အနိစ္စတရားတို့သာတည်း၊ ခဏမစဲ ပျက်ပျက်နေသည့်ဒဏ်ချက်ဖြင့် ဆင်းရဲသော ဒုက္ခတရားတို့သာတည်း၊ ဇီဝ– အတ္တ– ဝိညာဉ် စသည်ဖြင့် ခေါ်ဆိုအပ်သော တည်မြဲသည့်အနှစ်သာရမရှိ၊ မိမိ၏အလိုသို့ လည်း မလိုက်၊ ပုဂ္ဂိုလ်သတ္တဝါ ငါလည်း မဟုတ် သူ့သဘောအလျောက်ဖြစ်ပျက် နေကြသည့် အစိုးမရသော အနတ္တတရား တို့သာတည်း၊ မတင့်မတယ် ရွံစဖွယ်ဖြစ်သော

အသုဘတရားတို့သာတည်း ဟု နက်နက်နဲနဲ သိမြင်လာ၏။ ထိုသို့ သိမြင်လာသော ဉာဏ်ပညာကိုပင် ဝိပဿနာဟုခေါ်၏။

## သမထကမ္မဋ္ဌာန်း (၄၀)သရုပ်နှင့် အဓိပ္ပါယ်အကျဉ်း

ဘာဝနာရှုပွားမှု၏ အာရုံကို ကမ္မဋ္ဌာန်းဟုခေါ်၏။

သမထဘာဝနာ ရှုပွားရန်အတွက် ကမ္မဋ္ဌာန်းအမျိုးပေါင်း (၄၀)ကို မြတ်စွာဘုရား ညွှန်ပြထားတော်မူ၏။ ၎င်းတို့ကား —

ကသိုဏ်း (၁၀)ပါး၊
အသုဘ (၁၀)ပါး၊
အနုဿတိ (၁၀)ပါး၊
ဗြဟ္မဝိဟာရ (၄)ပါး၊
အာရုပ္ပ (၄)ပါး၊
သညာ (၁)ပါး၊
ဝဝတ္ထာန် (၁)ပါး တို့ဖြစ်ကြ၏။

### ကသိုဏ်း (၁၀)ပါး

ကသိုဏ်းသည် "ကသိဏ" ဟူသော ပါဠိမှ ဆင်းသက် လာပြီး "အလုံးစုံ"ဟုအဓိပ္ပါယ်ရှိ၏။ ကသိုဏ်းဝန်းကို

အလုံးစုံ အကုန်မြင်အောင်ရှုရသဖြင့် ကသိုဏ်းဝန်းသည် နှစ်တောင့်ထွာအကွာမှ ကြည့်လျှင် တစ်ထွာလက်လေးသစ်၊ အဝေးမှ ကြည့်လျှင် ကောက်နယ်တလင်းခန့်ရှိသင့်၏။

၁။ ပထဝီကသိုဏ်း = မြေဝန်းကသိုဏ်း၊
၂။ အာပေါကသိုဏ်း = ရေဝန်းကသိုဏ်း၊
၃။ တေဇောကသိုဏ်း = မီးကသိုဏ်း၊
၄။ ဝါယောကသိုဏ်း = လေကသိုဏ်း၊
၅။ နီလကသိုဏ်း = အညိုရောင်ကသိုဏ်း၊
၆။ ပီတကသိုဏ်း = အဝါရောင်ကသိုဏ်း၊
၇။ လောဟိတကသိုဏ်း = အနီရောင်ကသိုဏ်း၊
၈။ ဩဒါတကသိုဏ်း = အဖြူရောင်ကသိုဏ်း၊
၉။ အာလောကကသိုဏ်း = အလင်းရောင်ကသိုဏ်း၊
၁၀။ အာကာသကသိုဏ်း = ကောင်းကင်အာကာသ ကသိုဏ်း။

နည်းလမ်းမှန်ကန်စွာ ကသိုဏ်းရှုပွားလျှင် ရူပါဝစရဈာန် (၄)ပါး၊ ထိုမှတစ်ဆင့် အရူပါဝစရဈာန် (၄)ပါးရနိုင်၏။ ကသိုဏ်း (၁၀)မျိုးလုံးတွင် ဈာန်သမာပတ်ရှစ်ပါးစီရအောင် ရှုပွားနိုင်ပြီး သည့်နောက် လောကီအဘိညာဉ် (၅)ပါး ရအောင် ဆက်လက်လေ့ကျင့်နိုင်၏။

## အသုဘ (၁၀)ပါး

မတင့်တယ် စက်ဆုပ်ရွံရှာဖွယ် အလောင်းကောင်ကို အသုဘာဟုခေါ်၏။

၁။ ဥဒ္ဓုမာတက = ဖူးဖူးရောင်ပုပ်နေသော စက်ဆုပ်ဖွယ် အလောင်းကောင်၊

၂။ ဝိနီလက = ဖြူနီရောစပ်လျက် ညိုမည်း ပုပ်ပွနေသော အလောင်းကောင်၊

၃။ ဝိပုဗ္ဗက = ပြည်များ ယိုကျနေသော အလောင်းကောင်၊

၄။ ဝိစ္ဆိဒ္ဒက = နှစ်ပိုင်းပြတ်နေသော အလောင်းကောင်၊

၅။ ဝိက္ခာယိတက = ခွေး၊ ကျီး၊ လင်းတ စသည် ကိုက်ခဲထားသော အလောင်းကောင်၊

၆။ ဝိက္ခိတ္တက = လက်၊ ခြေ၊ ခေါင်း၊ တကွဲတပြားပြန့်ကြဲနေသော အလောင်းကောင်၊

၇။ ဟတဝိက္ခိတ္တက= ဓားစသော လက်နက်ဖြင့် ခွဲစိတ်ထားသော အလောင်းကောင်၊

၈။ လောဟိတက = သွေးများ ယိုထွက်ပေကျံနေသော အလောင်းကောင်၊

၉။ ပုဠုဝက = ပိုးလောက်များ ပြည့်နှက်နေသော အလောင်းကောင်၊

၁၀။ အဋ္ဌိက = အရိုးစုသာကြွင်းကျန်သော အလောင်းကောင်။

အသုဘရှုပွားခြင်းဖြင့် ပထမဈာန်ရရှိနိုင်ပြီး ရာဂဟူသော လောဘကို နှိမ်နင်းနိုင်၏၊ ရဟန္တာကဲ့သို့ တည်ငြိမ်သွားနိုင်၏။

**အနုဿတိ (၁၀)ပါး**

အဖန်ဖန်အောက်မေ့ဆင်ခြင်မှုကို "အနုဿတိ" ဟုခေါ်၏။

၁။ ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်များကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု၊

၂။ ဓမ္မာနုဿတိ = တရားတော်၏ သွာက္ခာတတာ စသော ဂုဏ်တော်များကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု၊

၃။ သံဃာနုဿတိ=သံဃာတော်၏ သုပ္ပဋိပန္နစသော ဂုဏ်တော်များကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု၊

၄။ သီလာနုဿတိ= မကျိုး မပျက်သော မိမိ၏ သီလ ဂုဏ်များကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု၊

၅။ စာဂါနုဿတိ= ရက်ရောစွာ လှူဒါန်းခဲ့သော မိမိ၏ အလှူကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု၊

၆။ ဒေဝတာနုဿတိ=နတ်တို့ကို သက်သေအရာ၌ ထား၍ မိမိ၏သဒ္ဓါ စသော သူတော်ကောင်း တရားတို့ကို အဖန်ဖန်အောက်မေ့ ဆင်ခြင်မှု၊

၇။ မရဏာနုဿတိ =သေခြင်းသဘောကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု၊

၈။ ကာယဂတာသတိ=ဆံပင်စသော (၃၂)ကောဋ္ဌာသ၏ အပေါင်းအစုကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု၊

၉။ အာနာပါနဿတိ=ထွက်လေ ဝင်လေကို သတိကပ်၍ အဖန်ဖန်ရှုပွားမှု၊

၁၀။ဥပသမာနုဿတိ=နိဗ္ဗာန်၏ ငြိမ်အေးမှုဂုဏ်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

အမှတ် (၁)မှ (၇)၊ အမှတ်(၁၀)ဟူသော အနုဿတိ (၈)ပါးတွင် ဥပစာရသမာဓိအထိသာရနိုင်၏။ ကာယဂတာ သတိ၌ ပဌမဈာန်ရနိုင်ပြီး အာနာပါနဿတိတွင် ရူပါဝစရ ဈာန် (၄)ပါး ရနိုင်၏။

## ဗြဟ္မဝိဟာရ (၄)ပါး

"ဗြဟ္မဝိဟာရ"သည် "မြတ်သောနေခြင်း"ဟု အဓိပ္ပါယ် ရ၏။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တစ်ပါးပါးကို ရှုပွားနေခြင်းသည် ဗြဟ္မာတို့၏အကျင့်မြတ် ဖြစ်၍ ထိုတရားတို့ကို "ဗြဟ္မစရိယ = ဗြဟ္မစိုရ် တရား" ဟုလည်း ခေါ်၏။

၁။ မေတ္တာ = သတ္တဝါများကို ချစ်ခင်၍ ဘေးရန် ဆင်းရဲကင်းစေလိုခြင်း၊

၂။ ကရုဏာ = ဆင်းရဲသည့်သတ္တဝါများကို သနား ကြင်နာ၍ ဆင်းရဲမှ ကင်းလွတ်စေ လိုခြင်း၊

၃။ မုဒိတာ = စည်းစိမ်ပြည့်စုံသူများကို မြင်လျှင် ဝမ်းမြောက်၍ စည်းစိမ်မှ မဆုတ်ယုတ် စေလိုခြင်း၊

၄။ ဥပေက္ခာ = သတ္တဝါတို့ဘည် ကံအတိုင်းဖြစ် ကြရ၏ဟု ဆင်ခြင်၍ မုန်းချစ်မပြုဘဲ တည့်မတ်စွာ ရှုမြင်ခြင်း။

မေတ္တာ, ကရုဏာ, မုဒိတာ တစ်ပါးပါးကို ရှုပွားလျှင် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန် ဖြစ်ပေါ်နိုင်၏။ ဥပေက္ခာကို ရှုပွားလျှင် စတုတ္ထဈာန် ဖြစ်ပေါ်နိုင်၏။

## အာရုပ္ပ (၄)ပါး

"အာရုပ္ပ"သည် အာကာသစသည့် အရူပဈာန် ၄)ပါး၏ အာရုံဖြစ်၏။

၁။ အာကာသာနဉ္စာယတနဈာန်ဖြစ်ပေါ်ရန် အဆုံးအပိုင်း အခြားမရှိသော အာကာသကို အာရုံပြု၍ ရှုပွားခြင်း၊
၂။ ဝိညာဏဉ္စာယတနဈာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတန စိတ်ကို အာရုံပြု၍ ရှုပွားခြင်း၊
၃။ အာကိဉ္စညာယတနဈာန်ဖြစ်ပေါ်ရန် အာကာသာနဉ္စာယတနစိတ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ ရှုပွားခြင်း၊
၄။ နေဝသညာ နာသညာယတနဈာန် ဖြစ်ပေါ်ရန် အာကိဉ္စညာယတန စိတ်ကို အာရုံပြု၍ ရှုပွားခြင်း။

## သညာ (၁)ပါး

၁။ အာဟာရေပဋိကူလသညာ = အစာအာဟာရကို စက်ဆုပ်ရွံရှာ ဖွယ်ဟု အမှတ်သညာပြု၍ ရှုပွား ခြင်း။

## ဝဝတ္ထာန (၁)ပါး

၁။ စတုဓာတုဝဝတ္ထာနံ = ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်သတ္တဝါ ငါအမှတ်သညာ ပျောက်၍

ပထဝီ, အာပေါ, တေဇော,
ဝါယောဟူသော ဓာတ်ငယ်ပါး
အစုဟုသာထင်မြင်လာအောင်
ရှုပွားခြင်း။

သညာနှင့် ဝေဒနာန ကမ္မဋ္ဌာန်းသည် ဥပစာရသမာဓိ အထိသာ ပေါက်မြောက်စေကြ၏။

## စတုရာရက္ခ ကမ္မဋ္ဌာန်း

### အစောင့်အရှောက်တရား ၄–ပါး

ကိလေသာဟူသော အတွင်းရန်များနှင့် လူဆိုး, နတ်ဆိုး, ဝေမာနိကဆိုး, တိရစ္ဆာန်ဆိုးစသည့် အပြင်ရန်များကို ကာကွယ်စောင့်ရှောက်၍ တမလွန်၌လည်း အပါယ်ဘေးမှ လွတ်ကင်းအောင် ကာကွယ် စောင့်ရှောက်တတ်သော အစောင့်အရှောက်တရား (၄)ပါးကို စတုရာရက္ခ ဟု ခေါ်၏။

### ဗုဒ္ဓါနုဿတိ ရှုပွားနည်း

မိမိကြည်ညိုသည့် ဘုရားဆင်းတုတော်ကို အာရုံပြု၍ အရဟံစသည့် ဘုရား၏ ဂုဏ်တော်တစ်ပါးပါးကို

အကြိမ်ကြိမ်ရှုပွားရ၏။ ဂုဏ်တော်၏ အဓိပ္ပါယ်ကို သိနား သည်၍ ဂုဏ်တော်၌ သတိကပ်ကာ အဖန်ဖန်ရှုမှတ်နေရမည်။ ကုသိုလ်ရရုံမျှ ရှုပွားခြင်းမဟုတ်ဘဲ ဥပစာရသမာဓိအထိ ပေါက်မြောက်အောင် ရှုပွားသင့်၏။

- ဗုဒ္ဓါနုဿတိသည်အမြတ်ဆုံးသမထကမ္မဋ္ဌာန်းဖြစ်၏၊
- ဂုဏ်တော်ပွား၍ ဖြစ်ပေါ်လာသော ပီတိသည် စကြဝတေးမင်း စည်းစိမ်ထက်သာ၏၊
- ဂုဏ်တော်ပွားများသူ၏ လိုအင်ဆန္ဒအဝဝပြည့်စုံလာ၏၊
- သဒ္ဓါ, သတိ, ပညာတို့ကို တိုးပွားစေမှု၌ ဗုဒ္ဓါနုဿတိ သည် အင်အားအကြီးမားဆုံးဖြစ်၏၊
- ဂုဏ်တော်ပွားများသူ၏ ခန္ဓာကိုယ်သည် စေတီသဖွယ် အပူဇော်ခံထိုက်သည်။
- ဘုရားရှင်နှင့်အတူနေထိုင်သည့် အမှတ်သညာရပြီး မကောင်းမှုပြုရန် ရှက်ကြောက်လာ၏၊
- တစ်လောကလုံးက ဦးညွှတ်ရသော ဘုရားဂုဏ်တော် တို့ကို ပွားများနေသူသည် ကောင်းကျိုးချမ်းသာ အနန္တ ရရှိမည်ဖြစ်၏။

**မေတ္တာဘာဝနာ ပွားများနည်း**

ဈာန်ရအောင်ပွားနည်း, ဘာဝနာကုသိုလ်ဖြစ်အောင် ပွားနည်းဟူ၍ မေတ္တာပွားနည်းနှစ်မျိုးရှိ၏။ ပဋိသမ္ဘိဒါမဂ်

ပါဠိတော်လာအရပ် (၁၀)မျက်နှာပွားပုံ၊၅၂၈–သွယ်ပွားပုံတို့မှာ ဈာန်ရပြီးသော ပုဂ္ဂိုလ်တို့၏ ပွားများပုံ များသာဖြစ်၏။ ဈာန်မရဘဲ သာမန်မေတ္တာပွားပို့လျှင် ဘာဝနာကုသိုလ်မျှသာဖြစ်၏။ ဈာန်အထိ ပေါက်မြောက်အောင် ပွားများနိုင်လျှင် လွန်စွာအကျိုးကြီး၏။

## ဆင်ခြင်ပုံ

မေတ္တာဘာဝနာပွားမည့်သူသည် အမျက်ဒေါသ၏ အပြစ်နှင့်သည်းခံခြင်း၏ အကျိုးအာနိသင်တို့ကို ရှေးဦးစွာ ဆင်ခြင်ရ၏။

"ဒေါသသည် ကြမ်းတမ်းခက်ထန်၍ အဖျက်ဆီးတတ်ဆုံးသော တရားဖြစ်၏။ ဒေါသထွက်သူသည် အကြောင်း အကျိုးမသိမြင်ဘဲ ပါဏာတိပါတကံ စသည်များအထိ ကျူးလွန်မိတတ်၏"

"အဒေါသ (မေတ္တာ)သည် နူးညံ့သိမ်မွေ့၍ မဖျက်ဆီးတတ်၊ သည်းခံခွင့်လွှတ်တတ်၏၊ သည်းခံခြင်းသည် မြတ်သောအကျင့် ဖြစ်၏၊ အကျိုးမဲ့ကို တားမြစ်ပြီး အကျိုးစီးပွားကို ဆောင်နိုင်သည့် တရားတို့တွင် သည်းခံခြင်းထက် သာလွန်သော တရားမရှိ။"

"ဒေါသမီးတောက် မီးလျှံကို ငြိမ်းအေးစေနိုင်သည့် တစ်ခုတည်းသော သီတာရေစင်မှာ မေတ္တာဖြစ်၏၊

သည်းခံခြင်း ခန္တီနှင့် မေတ္တာတရားတို့ မအောင်မြင်နိုင်သော အရာဟူသည် မရှိ။

**မေတ္တာပွား ပို့သည့်အစီအစဉ်**

မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားလေ့ရှိ၏၊
မေတ္တာပွား ပုံကား-

"အဟံ၊ အကျွန်ုပ်သည်-
အဝေရော ဟောမိ၊ ဘေးရန်ကင်းပါစေ၊
အဗျာပဇ္ဈော ဟောမိ၊ စိတ်ဆင်းရဲကင်းပါစေ၊
အနီဃော ဟောမိ၊ ကိုယ်ဆင်းရဲကင်းပါစေ၊
သုခီ အတ္တာနံ ပရိဟရာမိ၊ မိမိ၏ ခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ပါစေ"

(၁) မချစ်မနှစ်သက်သူ၊
(၂) အလွန်ချစ်ကျွမ်းဝင်သူ၊
(၃) မချစ်မမုန်း အလယ်အလတ်ဖြစ်သူ၊
(၄) ရန်သူတို့ကို စတင်၍ မေတ္တာမပွားသင့်၊ မေတ္တာ သက်ဝင်အောင် ပွားပို့ရန် ခဲယဉ်းပြီး စိတ်ပင်ပန်း တတ်၏။

(၁) လိင်မတူသူနှင့် (၂) သေဆုံးသူတို့ကို မေတ္တာ မပွားသင့်၊ လိင်မတူသူကို မေတ္တာပွားလျှင် ရာဂဖြစ်တတ်၏၊ သေဆုံးသူကို မေတ္တာပွားလျှင် ဥပစာရသမာဓိမျှပင် မရ။

မိမိကိုယ်ကို အဖန်ဖန် မေတ္တာပွားပြီးနောက် မိမိကိုယ်နှင့် နှိုင်းစာ၍ –

(၁) မြတ်နိုးလေးစားထိုက်သောပုဂ္ဂိုလ်

(၂) အလွန်ချစ်သောမိတ်ဆွေ

(၃) အလယ်အလတ် (မချစ်မမုန်း) ပုဂ္ဂိုလ်

(၄) ရန်သူ–

တို့ကို အစဉ်အတိုင်းအထက်ပါနည်းတူ မေတ္တာပွားရမည်။

"ဤသူတော်ကောင်းသည်–

ဘေးရန်ကင်းပါစေ၊

စိတ်ဆင်းရဲကင်းပါစေ၊

ကိုယ်ဆင်းရဲကင်းပါစေ၊

မိမိ၏ ခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင် နိုင်ပါစေ"ဟု မေတ္တာပွားပါ။

## ရန်သူအပေါ် မေတ္တာပွားနည်း

အလယ်အလတ်ပုဂ္ဂိုလ်ကို မေတ္တာပွားပြီးနောက် ရန်သူကိုမေတ္တာပွားသည့်အခါ ရန်သူ၏အပြစ်များကို သတိရ၍ အမျက်ဒေါသဖြစ်လျှင် ယခင်ပွားလက်စ ပုဂ္ဂိုလ်ကို မေတ္တာပြန်ပွားရမည်၊ ထိုသို့ မေတ္တာပွားနေပါလျက် အမျက်ဒေါသ မပြေပျောက်ခဲ့သော် အောက်ပါအတိုင်း အဆင့်ဆင့် ဆင်ခြင်ပါ –

(၁) "အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်ထွက်သူသည် ပထမအမျက်ထွက်သူထက် ပိုမိုက်၏၊ အမျက်ထွက်သူကို တုံ့ပြန်အမျက် မထွက်ဘဲ သည်းခံနိုင်သူသည်သာ အကြီးမားဆုံးသော အောင်မြင်မှုကို ရရှိ၏။"

(၂) ထိုရန်သူ၏ ကြည်ညိုဖွယ် ချစ်ခင်ဖွယ် ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်သဘောထားတို့ကို ဆင်ခြင်ပါ။

(၃) "ဤသူသည် မကောင်းမှုကြောင့် နောင်ဘဝတွင် ငရဲ၌ နစ်မွန်းရမည်"ဟု သနားကြင်နာပါ။

(၄) "ထိုသူအား စိတ်ဆိုးခြင်းဖြင့် အဘယ့်ကြောင့် မိမိကိုယ်ကို ပင်ပန်းအောင် ပြုနေရသနည်း၊ ခွင့်လွှတ်ခြင်းသည် မြင့်မြတ်၍ ဒေါသပြေငြိမ်းမှ စိတ်ချမ်းသာမည်"၊

(၅) "မိမိနှင့် ရန်သူတို့သည် ကံစီမံသည့်အတိုင်း ဖြစ်ပျက်ကြရ၏"ဟု ကမ္မသကာချပါ။

(၆) ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၊ မျောက်မင်း၊ ဘူရိဒတ်နဂါးမင်းတို့၏ ထုံးကို နှလုံးမူပါ။

(၇) မေတ္တာ၏အကျိုးအာနိသင်များကို ဆင်ခြင်ပါ။

(၈) "ရန်သူ၏ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း စသော အစိတ်အပိုင်းတို့ကို အမျက်ထွက်ခြင်းလော၊ ထိုအစိတ်အပိုင်းတစ်ခုစီ၏ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသော ဓာတ်တို့ကို အမျက်ထွက်ခြင်းလော" ဟု ဆင်ခြင်ပါ။

(၉) ထိုရန်သူနှင့် ပစ္စည်းပေး ပစ္စည်းယူပြုလုပ်၍ အမျက်ဒေါသကို ပြေဖျောက်ပါ။
ရန်သူအပေါ် မေတ္တာသက်ဝင်လာပါက မေတ္တာဘာဝနာကို အကြိမ်ကြိမ်ဆက်ပွားပါ။

မိမိ၊ ချစ်ခင်သူ၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူဟူသော ပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ မေတ္တာစိတ် အညီအမျှဖြစ်စေလျက် မေတ္တာစိတ်တစ်သားတည်း (သီမာသမ္ဘေဒ) ဖြစ်သည်အထိ အားထုတ်ရမည်။

## မေတ္တာဈာန်ဖြစ်ပုံ

မိမိ၊ ချစ်ခင်သူ၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူဟူသော ပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ မေတ္တာစိတ် တစ်သားတည်း ထားနိုင်လျှင် ဥပစာရဈာန် (လောကီဈာန်၏ အနီးအပါး)သို့ ရောက်ပြီ။ ဆက်လက်၍ပွားများပါက ပထမဈာန်၊ ဒုတိယဈာန်နှင့် တတိယဈာန်တို့ အဆင့်ဆင့် ဖြစ်ပေါ်မည်။

## အနောဓိသဖရဏ–ကန့်သတ်မဲ့ မေတ္တာပွားနည်း

၁။ သဗ္ဗေသတ္တာ – အားလုံးသောသတ္တဝါတို့သည် –

(က) အဝေရာ ဟောန္တု–ဘေးရန် ကင်းကြပါစေ၊

(ခ) အဗျာပဇ္ဈာ ဟောန္တု–စိတ်ဆင်းရဲ ကင်းကြပါစေ၊

(ဂ) အနီဃာ ဟောန္တု–ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

(ဃ) သုခီ အတ္တာနံ ပရိဟရန္တု–မိမိတို့၏ ခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ။

၂။ သဗ္ဗေ ပါဏာ– အားလုံးသော အသက်ရှူသူအပေါင်းတို့သည် မိမိတို့၏ခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ (၄–ချက်ပို့)

၃။ သဗ္ဗေ ဘူတာ– အားလုံးသော ကိုယ်ထင်ရှားဖြစ်သူအပေါင်းတို့သည် (အထက်ပါအတိုင်း၄–ချက်ပို့)

၄။ သဗ္ဗေပုဂ္ဂလာ – အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့သည် (အထက်ပါအတိုင်း ၄–ချက်ပို့)

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ – အားလုံးသော အတ္တဘော၌ အတွင်းဝင်သူ အပေါင်းတို့သည် (အထက်ပါ အတိုင်း ၄–ချက်ပို့)

## ဩဓိသဖရဏ–အကန့်အသတ်ရှိ မေတ္တာပွားနည်း

၁။ သဗ္ဗာ ဣတ္ထိယော – အားလုံးသော အမျိုးသမီးတို့သည် (အထက်ပါ အတိုင်း၄–ချက်ပို့)

၂။ သဗ္ဗေ ပုရိသာ – အားလုံးသော အမျိုးသားတို့သည် (အထက်ပါ အတိုင်း၄–ချက်ပို့)

၃။ သဗ္ဗေ အရိယာ – အားလုံးသော အရိယာတို့သည် (အထက်ပါအတိုင်း၄–ချက်ပို့)

၄။ သဗ္ဗေ အနရိယာ – အားလုံးသောပုထုဇဉ်တို့သည် (အထက်ပါ အတိုင်း၄–ချက်ပို့)

၅။ သဗ္ဗေ ဒေဝါ – အားလုံးသော နတ်ဗြဟ္မာ တို့သည် (အထက်ပါ အတိုင်း ၄–ချက်ပို့)

၆။ သဗ္ဗေ မနုဿာ – အားလုံးသော လူတို့သည် (အထက်ပါ အတိုင်း၄–ချက်ပို့)

၇။ သဗ္ဗေ ဝိနိပါတိကာ– အားလုံးသောအပါယ်ဘုံသား
တို့သည် (အထက်ပါ အတိုင်း၄–
ချက်ပို့)

## ဒိသာဖရဏ–အရပ်ဆယ်မျက်နှာ မေတ္တာပွားနည်း

၁။ (က) အရှေ့အရပ်၌ရှိသော အားလုံးသော သတ္တဝါ
တွေ –
ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊ ကိုယ်
ဆင်းရဲခြင်း ကင်းကြပါစေ၊
မိမိတို့ခန္ဓာဝန်ကိုချမ်းသာစွာ ရွက်ဆောင်နိုင်
ကြပါစေ။

(ခ) အရှေ့အရပ်၌ရှိသော အားလုံးသောအသက်ရှူ
သူတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)

(ဂ) အရှေ့အရပ်၌ရှိသော အားလုံးသောထင်ရှား
ဖြစ်သူတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)

(ဃ) အရှေ့အရပ်၌ရှိသော အားလုံးသောပုဂ္ဂိုလ်
တွေ (အထက်ပါအတိုင်း ၄–ချက်ပို့)

(င) အရှေ့အရပ်၌ရှိသော အားလုံးသော
အတ္တဘော၌အတွင်းဝင်သူတွေ (အထက်ပါ
အတိုင်း ၄–ချက်ပို့)

(စ) အရှေ့အရပ်၌ရှိသော အားလုံးသော အမျိုးသမီးတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)
(ဆ) အရှေ့အရပ်၌ရှိသော အားလုံးသော အမျိုးသားတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)
(ဇ) အရှေ့အရပ်၌ရှိသော အားလုံးသော အရိယာတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)
(ဈ) အရှေ့အရပ်၌ရှိသော အားလုံးသော ပုထုဇဉ်တွေ (အထက်ပါအတိုင်း ၄–ချက်ပို့)
(ည) အရှေ့အရပ်၌ရှိသော အားလုံးသော နတ်ဗြဟ္မာတွေ(အထက်ပါအတိုင်း ၄–ချက်ပို့)
(ဋ) အရှေ့အရပ်၌ရှိသော အားလုံးသော လူတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)
(ဌ) အရှေ့အရပ်၌ရှိသော အားလုံးသော အပါယ်ဘုံသားတွေ (အထက်ပါအတိုင်း ၄–ချက်ပို့)

ကျန်အရပ်(၉)မျက်နှာတို့ကိုလည်း အထက်ပါအတိုင်း (၁၂)ချက်စီ မေတ္တာပွားပါ။

## ၅၂၈–သွယ်မေတ္တာဖြစ်ပုံ

၁။ အနောဓိသပုဂ္ဂိုလ် ၅–ဦး၊ ဩဓိသပုဂ္ဂိုလ် ၇–ဦး၊ ပေါင်း ၁၂–ဦး၌ မေတ္တာ ၄–ချက်စီပွားပို့သည့်အတွက် မေတ္တာ ၁၂+၄=၄၈–သွယ်ဖြစ်၏။ ဤကား

အရပ်မျက်နှာ မရည်ညွှန်းဘဲ မေတ္တာပွားများခြင်း ဖြစ်၏။

၂။ အရပ် ၁၀–မျက်နှာ၌ အထက်ပါပုဂ္ဂိုလ် ၁၂–ဦးကို မေတ္တာ ၄–ချက်စီ ပွားပို့သည့်အတွက် မေတ္တာ ၁၀–၄၈+၄၈၀ ဖြစ်၏။

၃။ အထက်နှစ်ရပ်ပေါင်းသော် ၄၈ + ၄၈၀ = ၅၂၈ သွယ်ဖြစ်၏။

## မေတ္တာပွားခြင်း၏အကျိုး (၁၁)ပါး

အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ကြည်ရွှင်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

## အသုဘကမ္မဋ္ဌာန်း ပွားများနည်း

အသုဘကမ္မဋ္ဌာန်းစီးဖြန်းမည့်သူသည် အသုဘကောင်ရှိရာအရပ်ကို ရှေးဦးစွာစုံစမ်းပါ။ ထို့နောက်ကြိုတင်အသိပေးသင့်သည့် ပုဂ္ဂိုလ်များကို ကြိုတင်အသိပေးပါ။

အသုဘကောင်ရှိရာသို့သွားသောအခါ မိမိစီးဖြန်းနေကျ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ အသုဘကောင်၏ လေညာ

(လေတင်) ဘက်မှသွားရမည်၊ အသုဘကောင်၏လေညာ၊ လေကြော၊ ခေါင်းရင်းဘက်၊ ခြေရင်းဘက်တို့၌ မထိုင်မူ၍ အသုဘကောင်နှင့် မနီးမဝေး အသုဘကောင်နှင့် ဗဟိုအချက်ကျသည့်နေရာ၌ထိုင်ရမည်။ အသုဘကောင်၏ ပတ်ဝန်းကျင်ရှိ သစ်ပင်သစ်ငုတ် ခြုံနွယ် ကျောက်ခဲစသည်တို့ကို ကွဲပြားအောင် အပြန်အလှန်မှတ်သားရမည်။

ထို့နောက် အသုဘကောင်၏ အဆင်း (ဝဏ္ဏ)၊ အရွယ် (လိင်္ဂ)၊ ပုံသဏ္ဌာန် (သဏ္ဌာန)၊ အရပ်မျက်နှာ (ဒိသာ)၊ တည်ရာ (ဩကာသ)၊ ပိုင်းခြားချက် (ပရိစ္ဆေဒ) ဟူသော အချက် ၆-မျိုးတို့ဖြင့် အသုဘအာရုံ ထင်မြင်လာအောင် ရှုမှတ်ပါ။

အသုဘအာရုံမထင်မြင်သေးလျှင် အသုဘကောင်၏ အဆက်အစပ် (သန္ဓိ) အပေါက်အကြား (ဝိဝရ)၊ အနိမ့်အချိုင့် (နိန္န)၊ အမြင့်အမောက် (ထလ)၊ ပတ်ဝန်းကျင် (သမန္တ) ဟူသော အချက် ၅-မျိုးတို့ဖြင့် ဆက်ရှုပါ။

ဤကားသေပြီးနောက် နှစ်ရက်, သုံးရက်အကြာတွင် ဖူးဖူးရောင်နေသော အသုဘကောင် (ဥဒ္ဓုမာတက)ကို ရှုမှတ်ပုံဖြစ်၏။

အသုဘကောင်သည် နီ ဖြူ ညို မည်းသော အကွက်များ ဖြစ်ပေါ်လျက် စက်ဆုပ်ဖွယ်ဖြစ်နေလျှင် "ဝိနီလကံ-ညိုမည်းပုပ်ဟောင်ပုပ် စက်ဆုပ်ဖွယ်သော အသုဘ

ကောင်” ဟုရှုပါ။ အခြားအခြေအနေရှိသော အသုဘ ကောင်တို့ကို “ဝိပုဗ္ဗကံ, ဝိစ္ဆိဒ္ဒကံ--”စသည်ဖြင့် ဆိုင်ရာ အမည်အတိုင်း ရှုပါ။

ဤသို့ရှုမှတ်စဉ် “အသုဘကောင်သည် ထ၍ရပ်လာ သည်, မိမိအပေါ်မိုးထားသည်, မိမိနောက်မှ တကောက် ကောက်လိုက်လာသည်” စသည်ဖြင့် စိတ်မှာထင်မြင် လာလျှင် မိမိစိတ်ကိုသတိဖြင့်ထိန်းလျက် “ကျောက်ခဲ၊ သစ်ပင် စသော သက်မဲ့ဝတ္ထုတို့သည် မသွားမလာ တည်မြဲနေရာ၌သာ တည်ရှိနေကြသကဲ့သို့ အသုဘကောင် သည်လည်း ထ၍လိုက် မလာနိုင်ချေ။ စင်စစ် အသုဘ ကမ္မဋ္ဌာန်းအာရုံ ထင်မြင်လာခြင်းသာဖြစ်သည်” ဟု နှလုံး သွင်းဆင်ခြင်ရမည်။

အဖန်ဖန်ရှုမှတ်ပြီးနောက် မျက်စိမှိတ်လိုက်သည့်အခါ အသုဘကောင်နိမိတ်သည် မျက်စိဖွင့်၍ကြည့်စဉ်ကကဲ့သို့ ထင်မြင်လာလျှင် “ဥဂ္ဂဟနိမိတ်” ထင်လာပြီဖြစ်သည်။ စွမ်းနိုင်လျှင် ထိုဥဂ္ဂဟနိမိတ်ကို “ဥဒ္ဓုမာတကံ” ဟုဆက်ရှုပါ။ အသုဘနိမိတ်သည် အင်္ဂါကြီးငယ် ဆူဖြိုးနေသော ပုဂ္ဂိုလ် တစ်ယောက်အိပ်နေသည်နှင့်တူလာလျှင် ပဋိဘာဂ နိမိတ်သို့ ရောက်လေပြီ။ ထိုနိမိတ်၌ ဆက်လက်၍ ရှုပွားသော် ပထမဈာန်သို့ ရောက်နိုင်၏။

ဥဂ္ဂဟနိမိတ်ပေါ်ပြီးနောက် အကယ်၍ ဆက်မရှုနိုင်လျှင် ဥဂ္ဂဟနိမိတ်ကို မပျောက်အောင် ထိန်းသိမ်းလျက် အမှတ်သတိနှင့် မိမိနေထိုင်ရာသို့ပြန်ပြီး ဆက်ရှုပါ။ ပဋိဘာဂနိမိတ်ထင်လာပြီးနောက် ပထမဈာန်သို့ရောက်၏။

## အသက်ရှင်ဆဲခန္ဓာကိုယ်၌ အသုဘရှုပွားပုံ

အသက်ရှင်နေဆဲ ဖောရောင်နေသူ၊ အနာမှ ပြည်တစိုစို ယိုထွက်နေသူ၊ နီထွေးထွေး သွေးများယိုထွက်နေသူ၊ ဖြူဖွေးသောသွားများ ပေါ်ထွက်နေသူ အစရှိသူတို့၌လည်း အသုဘကမ္မဋ္ဌာန်းစီးဖြန်းနိုင်သည်။ စီးဖြန်းပုံမှာ –

"သူသေကောင်သည် မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်သကဲ့သို့ အသက်ရှင်ဆဲခန္ဓာကိုယ်သည်လည်း မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။ ဤခန္ဓာကိုယ်သည် စိုစွတ်သောအရေထူ အရေပါးတို့ဖြင့် ဖုံးလွှမ်းထားသော အသားစိုင် အကြောစု၊ အရိုးစုတို့သာဖြစ်ချေ၏။ ပိုးအမျိုးမျိုးတို့၏ကိန်းအောင်းရာ၊ ရောဂါအမျိုးမျိုးတို့၏တည်ရာ၊ ဆင်းရဲဒုက္ခအမျိုးမျိုးတို့၏မှီတွယ်ရာဖြစ်၏။ ဒွါရကိုးပေါက်နှင့် မွေးညင်းပေါက်များစွာတို့မှ ယိုစီးထွက်ကျသော ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး အစရှိသည်တို့သည် စက်ဆုပ်ရွံရှာဖွယ်များဖြစ်ကြ၏။ ခန္ဓာကိုယ်တွင်းရှိ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊

ပြည်၊ သွေး၊ ချွေးစသည်တို့လည်း စက်ဆုပ်ရွံရှာဖွယ်များသာ ဖြစ်ချေ၏။ ဤခန္ဓာကိုယ်ကြီးကို သုတ်သင် ပြုပြင် ဆင်ယင်ခြယ်သခြင်း မရှိပါက မင်းစိုးရာဇာ၊ သူတောင်းစား သူဌေး၊ ဆင်းရဲသား၊ မည်သူမဆို အားလုံး စက်ဆုပ်ရွံရှာဖွယ် ချည်းပါတကား”။

ဤသို့ အသုဘကမ္မဋ္ဌာန်းကို စနစ်တကျစီးဖြန်းခြင်း သည် –

၁။ လောကီပထမဈာန် သမာပတ်ကိုရရှိခြင်း၊

၂။ မဂ်ဖိုလ်တရားထူးကို ရရှိခြင်း–ဟူသောအကျိုး အာနိသင်များကို ဖြစ်ထွန်းစေ၏။

## အရိုးစုကမ္မဋ္ဌာန်းရှုနည်း

အရိုးစုကမ္မဋ္ဌာန်းသည် သုံးဆယ့်နှစ်ကောဋ္ဌာသတွင် ပါဝင်သော အရိုးစုကို စက်ဆုပ်ဖွယ်ထင်မြင်လာအောင် နှလုံးသွင်း စီးဖြန်းရသော ကမ္မဋ္ဌာန်းဖြစ်၏။ လူသေ အလောင်းကောင်၏ အရိုးစုကို ရှုမှတ်သော အဋ္ဌိက ကမ္မဋ္ဌာန်း နှင့် ဆင်တူ၏။

အရိုးစုကမ္မဋ္ဌာန်းကို စီးဖြန်းမည့်သူသည် –

(ပထမ) အရိုးစုများကို ကျေညက်စွာ နှလုံးသွင်း ဆင်ခြင်ခြင်း၊

(ဒုတိယ) အဆင်း၊ ပုံသဏ္ဌာန်စသည်ဖြင့် မှတ်သား၍ နှလုံးသွင်းဆင်ခြင်ခြင်း၊

(တတိယ) အဆင်း၊ အနံ့စသည်ကို စက်ဆုပ်ဖွယ်ထင်မြင်လာအောင် နှလုံးသွင်းဆင်ခြင်ခြင်း၊ —

ဟူသောအစီအစဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အားထုတ်သင့်သည်။

**အကျဉ်းစီးဖြန်းပုံမှာ** — "ငါ၏ခန္ဓာကိုယ်၌ နှစ်သက်မြတ်နိုး ဖွယ်အရာဝတ္ထုဟူ၍ စိုးစဉ်းမျှမရှိ၊ စက်ဆုပ်ဖွယ်အရိုးစုတို့သာ ရှိချေ၏"

**အကျဉ်းစီးဖြန်းပုံမှာ** — "ငါတို့၏ ခန္ဓာကိုယ်တွင် နှစ်သက် မြတ်နိုးတန်ဖိုးထားရေးဟူ၍ စိုးစဉ်းမျှမရှိ၊ အမှန်စင်စစ် ခြေဖမိုး၏အတွင်းဘက်၌တည်ရှိသော ခြေမရိုး၊ ခြေညှိုးရိုး၊ ခြေလယ်ရိုး၊ ခြေသူကြွယ်ရိုး၊ ခြေသန်းရိုးအားဖြင့် လက်ဝဲခြေရိုး၊ လက်ယာခြေရိုး၊ ဤအတူ ဝဲယာလက်ရိုး၊ ဝဲယာနံရိုး၊ ကျောက်ဆစ်ရိုး၊ ဝဲယာရင်ရိုး၊ ဦးခေါင်းခွံရိုး၊ လည်ပင်းရိုး၊ ဝဲယာညှပ်ရိုး၊ ဝဲယာမောင်းဖျားရိုး၊ ဝဲယာပုဆစ်ရိုး၊ ဝဲယာပေါင်ရင်းရိုး၊ ဝဲယာဒူးခေါင်းရိုး၊ ဝဲယာဖမျက်ရိုး စသော အရိုးစုတို့သာရှိကြကုန်၏"ဟု အဖန်ဖန်စီးဖြန်းရ၏။

အရိုးစု၏အဆင်း၊ ပုံသဏ္ဌာန်၊ ဖြစ်ရာအရပ်၊ တည်ရှိရာဌာန ခွဲခြားမှတ်သားချက်တို့သည် မျက်စိဖြင့် မြင်ရသကဲ့သို့

သဘာဝအရှိအတိုင်း စိတ်တွင်ထင်မြင်လာလျှင် **ဥဂ္ဂဟနိမိတ်** ထင်ပြီဖြစ်သည်။

အရိုးစု၏အဆင်း၊အနံ့၊ ပုံသဏ္ဌာန်၊ တည်နေရာဖြစ်ကြောင်းသဘောအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ကို အထပ်ထပ်ဆင်ခြင်နှလုံးသွင်းသဖြင့် မိမိခန္ဓာကိုယ်ရှိ အရိုးစုနှင့်သူသေကောင်၏အရိုးစုတို့ကို ထပ်တူရွံရှာ စက်ဆုပ်ဖွယ်အဖြစ်ထင်မြင်လာလျှင် **ပဋိဘာဂနိမိတ်** ထင်လာပြီဖြစ်သည်။

ထို့အပြင် စီးဖြန်းသူ၏စိတ်၌ လူသေ၏အရိုးများကို မိမိခန္ဓာတွင်း၌ သွတ်သွင်းထားသကဲ့သို့ ထင်မြင်လာပြီး အခြားပုဂ္ဂိုလ်များကိုကြည့်ရှု၍ ဦးခေါင်းရိုးမှ ခြေရိုး၊ ခြေရိုးမှ ဦးခေါင်းရိုးတိုင်အောင် ဆင်ခြင်လျှင်လည်း "အရိုးစု" အဖြစ်သာ ထင်မြင်လာလေလျှင် ပဋိဘာဂနိမိတ်သည် ပိုမိုထင်ရှားလာပြီဖြစ်သည်။

ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ "အရိုးစု–ရွံစရာ"ဟု အဖန်ဖန် နှလုံးသွင်းဆင်ခြင်သွားလျှင် ပထမဈာန် အစရှိသော တရားထူးများကို ရရှိလိမ့်မည်။

**မရဏာဿတိ ဆင်ခြင်နည်း**

အသက် (ဇီဝိတိန္ဒြေ) ပြတ်စဲခြင်းဟူသော သေခြင်းသဘောကို အဖန်ဖန် နှလုံးသွင်းဆင်ခြင်ခြင်းကို မရဏာဿတိဟု ခေါ်၏။

ဤကမ္မဋ္ဌာန်း စီးဖြန်းသူသည် တောအရပ်သုသာန်၌ အလောင်းကောင်ကိုကြည့်ရှု၍ဖြစ်စေ၊ မိမိမြင်တွေ့ခဲ့ဖူးသော သေဆုံးသူတို့ကို ဆင်ခြင်နှလုံးသွင်း၍ဖြစ်စေ၊ သတိသံဝေဂ ဉာဏ်သက်ဝင်လျက် "ငါလည်းဤသို့သေရဦးမည်၊ ငါလည်း ဤသို့သေရဦးမည်"ဟူ၍လည်းကောင်း၊ "အသက်ရှင်ခြင်း သည် မမြဲ၊ သေခြင်းသည် မြဲ၏"ဟူ၍လည်းကောင်း နှလုံးသွင်း ရမည်။

ထို့နောက် အောက်ပါမရဏာဿတိဆင်ခြင်နည်း (၈)မျိုးဖြင့် ဆက်လက်ဆင်ခြင်ပါ -

၁။ သေခြင်းသဘောကိုသူသတ်သမားသဖွယ် ထင်မြင်အောင် ဆင်ခြင်ပါ။ သူသတ်သမားသည် လက်နက်စွဲကိုင်၍ "သင့်ကိုသတ်ရမည်"ဟု ပြောဆိုကာ အနီးသို့ ချဉ်းကပ်လာနေသည်ဟု ဆင်ခြင်ပါ။

၂။ ဖြစ်လျှင် ပျက်မြဲ ဓမ္မတာကို ထင်မြင်အောင် ဆင်ခြင်ပါ။ "ဤလောက၌ ပြည့်စုံခြင်းမည်သည် ပျက်စီးခြင်းတရားက မလွှမ်းမိုးမီကာလအတွင်းသာ ကောင်းမြတ်တင့်တယ်၏။ အမှန်စင်စစ် မပျက်စီး နိုင်သော ပြည့်စုံခြင်းမည်သည် မရှိချေ။

နပျိုရုပ်ဆင်း၊ ကျန်းမာခြင်းကား, အိုခြင်း, နာခြင်း, နောက်ဆုံးရှိ ချေ၏။

ဝိဉာဏ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံးရှိချေ၏”ဟု ဆင်ခြင်ပါ။

၃။ သူတစ်ပါးသေခြင်းကိုရှု၍ မိမိသေရမည်ကို ဆင်ခြင်ပါ။ ဘုန်းရှင်ကံရှင်များ၊ သူဌေးသူကြွယ် မင်းဧကရာဇ်များ၊ ပစ္စေကဗုဒ္ဓါများနှင့် မြတ်စွာဘုရားတို့သည် သေခြင်းကိုမလွန်ဆန်နိုင်ကြ။ ငါသည်လည်း သေခြင်းကို အဘယ်မှာ လွန်ဆန်နိုင်မည်နည်း၊ ဧကန်မုချ သေရမည်ဟု ဆင်ခြင်ပါ။

၄။ ကိုယ်ခန္ဓာ၏ဘေးအန္တရာယ်များပြားပုံကို ဆင်ခြင်ပါ။ ခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်၊ အနာရောဂါများ၊ မြွေကင်းစသည် ပြင်ပဘေးရန်များနှင့် ဆက်ဆံနေ၏။ အချိန်မရွေး သေဆုံးနိုင်၏ဟု ဆင်ခြင်ပါ။

၅။ အသက်၏မခိုင်မြဲသည်ကိုဆင်ခြင်ပါ။ ထွက်သက်ဝင်သက် ပြတ်လျှင်သော်လည်းကောင်း၊ ဣရိယာပုတ်မညီမျှလျှင်သော်လည်းကောင်း၊ အပူအအေးမမျှတလျှင်သော်လည်းကောင်း၊ ဓာတ်ကြီး လေးပါးမညီမျှလျှင်သော်လည်းကောင်း၊ အာဟာရပြတ်လျှင် သော်လည်းကောင်း သေနိုင်သည်ကို ဆင်ခြင်ပါ။

၆။ မည်သည့်အချိန် မည်သည့်ရောဂါဖြင့် သေရမည်ကို မသိနိုင်ကြောင်းဆင်ခြင်ပါ။

၇။ သက်တမ်းတိုတောင်းပုံကို သတိပြု၍ သေခြင်းကို ထင်မြင်အောင်ဆင်ခြင်ပါ။

၈။ အသက်ရှင်ဆဲခဏ၏ တိုတောင်းပုံကို ပရမတ္ထ သဘောဖြင့်ဆင်ခြင်ပါ။

ဤသို့သေခြင်းသဘောကို အဖန်ဖန်ဆင်ခြင်လျှင် ဘာဝနာစိတ် အထုံရ၍ နိဝရဏတရားများကို ခွာချနိုင်ပြီး ဥပစာရစျာန်ကို ရရှိမည်ဖြစ်သည်။

**မရဏသတိကမ္မဋ္ဌာန်း စီးဖြန်းခြင်း၏ အကျိုးများ**

၁။ အမြဲသတိကောင်း၍ မမေ့မလျော့သည့် အပ္ပမာဒ တရားရှိခြင်း၊

၂။ ဂတိအားလုံး၌ ငြီးငွေ့သည့် အမှတ်သညာကို ရရှိခြင်း၊

၃။ အသက်၌နှစ်သက်ခြင်းကို စွန့်လွှတ်နိုင်ခြင်း၊

၄။ မကောင်းမှုကို စက်ဆုပ်ခြင်း၊

၅။ ပစ္စည်းဥစ္စာကို မတပ်မက်ခြင်း၊ နှမြောဝန်တိုမှု မရှိခြင်း၊

၆။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို ဆင်ခြင်နိုင်ခြင်း၊

၇။ သေခါနီးတွင် ကြောက်လန့်မှုကင်း၍ မတွေမဝေ သေရခြင်း၊

၈။ လက်ရှိဘဝ၌ မဂ် ဖိုလ် မရသေးလျှင် သေပြီးနောက် သုဂတိဘဝကို ရခြင်း။

# အခန်း (၈)

## အဘိဓမ္မာတရားတော်

### ပရမတ္ထတရား (၄)ပါး

သဘောတရားကိုယ်စီရှိပြီး ထို ပင်ကိုသဘောမှ မဖောက်ပြန် မပြောင်းလဲဘဲ ထင်ရှားရှိသော သဘာဝတရား များကို ပရမတ္ထ(ဝါ) ပရမတ်ဟု ခေါ်၏။

ထိုပရမတ်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟု လေးပါးရှိ၏။

၁။ **စိတ်** – အာရုံကိုသိတတ်သော သဘော တရားကို စိတ်ဟုခေါ်၏။

၂။ **စေတသိက်** – စိတ်၌မှီတွယ် စိတ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်ပြီး စိတ်ကို ခြယ်လှယ်တတ်သော သဘော တရားကို စေတသိက်ဟုခေါ်၏။

အနီ, အပြာ, အဝါ အရောင်အမျိုးမျိုးရှိသော ဆေးမှုန့်တို့သည် ရေ၏အရောင်ကို အမျိုးမျိုး ပြောင်းလဲစေသကဲ့သို့ စေတသိက် ၅၂-ပါးတို့သည် စိတ်ကို အမျိုးမျိုး ခြယ်လှယ်ကြသဖြင့် စိတ်အမျိုးပေါင်း အကျဉ်းရေတွက်လျှင် ၈၉-ပါး၊ အကျယ် ရေတွက်လျှင် ၁၂၁-ပါး အထိ ကွဲပြားသွား၏။

စိတ်နှင့် စေတသိက်တို့သည် အာရုံကို ယူတတ်ပြီး အာရုံကိုယူရန် အာရုံဆီသို့ ကိုင်းညွတ်နေတတ်သဖြင့် ၎င်းတို့ကို **"နာမ်"** ဟုခေါ်၏။

၃။ **ရုပ်** – အပူ, အအေးစသော ဆန့်ကျင်ဘက် အကြောင်း တို့ကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သော သဘောတရားကို ရုပ်ဟုခေါ်၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူ၍ ထင်ရှားသော ဘူတရုပ် ၄-ပါး ရှိ၏၊ ဘူဟာရုပ်တို့ကို မှီ၍ ပသာဒရုပ် ၅-ပါး၊ ဝဏ္ဏ, သဒ္ဒ, ဂန္ဓ, ရသ ဟူသော အာရုံရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထု၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိကာရရုပ် ၅-ပါး၊ လက္ခဏာရုပ် ၄-ပါး ဟူ၍ **ဥပါဒါရုပ်** ၂၄-ပါး ဖြစ်ပေါ်ကြ၏။

၄။ **နိဗ္ဗာန်** – ဆင်းရဲကြောင်းဖြစ်သော ကိလေသာတရားများနှင့် ဆင်းရဲခြင်း ဒုက္ခတရား

တို့ ချုပ်ငြိမ်းခြင်းကြောင့် ထာဝရ
အေးချမ်းခြင်း (သီတိ)၊ ထာဝရ
ငြိမ်းချမ်းခြင်း (သန္တိ) သဘောသည်
နိဗ္ဗာန်မည်၏။

**တစ်နည်း** – လိုချင်မှုတဏှာမှ လွတ်မြောက်သည့် သဘောတရား (ဝါ) ရာဂစသော မီး ၁၁–ပါးတို့မှ ငြိမ်းအေးမှု သဘောတရားကို နိဗ္ဗာန်ဟုခေါ်၏။

ရဟန္တာတို့၏ စိတ်သန္တာန်တွင် ကိလေသာများ ကင်းငြိမ်းနေခြင်းကြောင့် ခန္ဓာငါးပါး ကြွင်းကျန်လျက်နှင့် မျက်မှောက်ပြုနေရသော နိဗ္ဗာန်ကို **သဉပါဒိသေသနိဗ္ဗာန်** ဟု ခေါ်၏။

ပရိနိဗ္ဗာန်စံပြီးနောက် ခန္ဓာငါးပါး မကြွင်းကျန်ဘဲ ရောက်ရှိသည့် နိဗ္ဗာန်ကို **အနုပါဒိသေသနိဗ္ဗာန်** ဟုခေါ်၏။

နိဗ္ဗာန်၏ ဂုဏ်မှဒ်ကိုလိုက်၍ အောက်ပါအတိုင်းလည်း နိဗ္ဗာန်ကို ၃–မျိုး ခွဲခြား၏။

(၁) သုညတနိဗ္ဗာန် – ကိလေသာနှင့် ရုပ်နာမ် ကင်းဆိတ်သည့် နိဗ္ဗာန်၊

(၂) အနိမိတ္တနိဗ္ဗာန် – ပုံသဏ္ဌာန်နိမိတ်မရှိသော (ဝါ) အကြောင်းတရား မရှိသော နိဗ္ဗာန်၊

(၃) အပ္ပဏိဟိတနိဗ္ဗာန်– လိုချင်တောင့်တမှု (ရာဂ) မရှိသည့် နိဗ္ဗာန်၊

## မရှိပညတ် ရှိပရမတ်

လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန်, အိမ်, ကျောင်း, ဇရပ် စသည့် သက်ရှိသက်မဲ့အားလုံးသည် ပညတ်တရားများဖြစ်၍ ရှိသည်ဟု ထင်ရသော်လည်း အမှန်မရှိကြ။ ၎င်းတို့ ဖြစ်ပေါ်အောင် ဖွဲ့စည်းပေးထားသော ရုပ် နာမ် ပရမတ် တရားတို့သာ အမှန်ရှိကြ၏။

အဘိဓမှာမဟာရဋ္ဌဂုရု ခွန္တီးဆရာတော်ဘုရားက –

"ပညတ်မြင် ပညတ်သိ၊ မိစ္ဆာဒိဋ္ဌိ အမှားသိ၊
ပရမတ်မြင် ပရမတ်သိ၊ သမ္မာဒိဋ္ဌိ အမှန်သိ၊
ပညတ်မှာ အဟုတ်မရှိတာ၊ ပရမတ်မှ အဟုတ်ရှိတာ၊
ပြောတော့ပညတ်ဖြင့် ပြောပါ၊ သိတော့ ပရမတ်ထိအောင်
သိပါ"

ဟု ညွှန်ကြားတော်မူ၏။

## ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ

ပညတ်, ပရမတ်တရား အလုံးစုံ၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ စသည်ဖြင့် အမှတ်သညာ

ကင်းပျောက်၍ အမှန်သဘောကို ထိုးထွင်း၍ မြင်သိအောင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

**၁။ ခန္ဓာငါးပါး**

အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသည်ဖြင့် ကွဲပြားသော ရုပ် နာမ် တရားများကို လောကီ, လောကုတ္တရာ မခွဲခြားဘဲ ငါးပုံပုံ၍ ခန္ဓာငါးပါးဟု မြတ်စွာဘုရား ဟောကြားတော်မူ သည်။

(၁) ရူပက္ခန္ဓာ = ရုပ် ၂၈–ပါးတို့၏ အပေါင်းအစု၊

(၂) ဝေဒနာက္ခန္ဓာ = ခံစားမှု – ဝေဒနာတို့၏ အပေါင်းအစု၊

(၃) သညာက္ခန္ဓာ = မှတ်သားမှု – သညာတို့၏ အပေါင်းအစု၊

(၄) သင်္ခါရက္ခန္ဓာ = ပြုပြင်စီရင်မှု – စေတနာ ဦးဆောင်သည့် စေတသိက် ၅၀–တို့၏ အပေါင်းအစု၊

(၅) ဝိညာဏက္ခန္ဓာ = သိမှု–စိတ် ၈၉ ပါးတို့၏ အပေါင်းအစု၊

ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးပျက်သွားကြသဖြင့် အနှစ်သာရ မရှိကြ။ သို့အတွက် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏၊ ဝေဒနက္ခန္ဓာသည် ရေပွက်နှင့်တူ၏၊ သညာက္ခန္ဓာသည် တံလျှပ်နှင့်တူ၏၊ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏၊ ဝိညာဏက္ခန္ဓာသည် မျက်လှည့်ဆရာနှင့်တူ၏ဟု ဟောတော်မူ၏။

နိဗ္ဗာန်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသည် ကွဲပြားမှုမရှိသောကြောင့် ခန္ဓာအမည်မရပါ။

## ဥပါဒါနက္ခန္ဓာငါးပါး

ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်သော လောကီရုပ်နာမ်တရားတို့ကို ဝိပဿနာရှုရန် အကျိုးငှါ ခန္ဓာငါးပါးဖွဲ့၍ ဒုတိယခန္ဓဒေသနာကို ဘုရားရှင်ဟောကြားတော်မူသည်။

ဝိပဿနာစီးဖြန်းရာတွင် လောကုတ္တရာစိတ်စေတသိက်များကို မစီးဖြန်းရ၊ ဝဋ်ဒုက္ခတရားများ ဖြစ်ကြသော ရုပ်များနှင့် လောကီစိတ် စေတသိက်များကိုသာ အနိစ္စ, ဒုက္ခ, အနတ္တတင်၍ ရှုရသည်။

## ၂။ အာယတန(၁၂)ပါး

စိတ် စေတသိက်တို့ ဖြစ်ပေါ်ရာဌာနနှင့် ဖြစ်ပေါ်ကြောင်းတရားတို့ကို အာယတနဟု ခေါ်၏။ အာယတနတို့ကား ဒွါရ ၆-ပုံနှင့် အာရုံ ၆-တန်တို့ ဖြစ်ကြ၏။

## (က) အဇ္ဈတ္တိက(အတွင်း)အာယတန ၆-ပါး(ဒွါရ ၆-ပါး)

၁။ စက္ခာယတန = စက္ခုပသာဒ - မျက်စိအကြည်ရုပ်
၂။ သောတာယတန = သောတပသာဒ- နားအကြည်ရုပ်
၃။ ဃာနာယတန= ဃာနပသာဒ= နှာအကြည်ရုပ်
၄။ ဇိဝှါယတန= ဇိဝှါပသာဒ= လျှာအကြည်ရုပ်
၅။ ကာယာယတန= ကာယပသာဒ= ကိုယ်အကြည်ရုပ်
၆။ မနာယတန= စိတ် ၈၉-ပါး = မနောအကြည်
ရုပ်(မနောဒွါရ)

## (ခ) ဗာဟိရ(အပြင်)အာယတန ၆-ပါး(အာရုံ ၆-ပါး)

၇။ ရူပါယတန= ရူပါရုံ= အဆင်း (ဝဏ္ဏ)
၈။ သဒ္ဒါယတန= သဒ္ဒါရုံ= အသံ (သဒ္ဒ)
၉။ ဂန္ဓာယတန= ဂန္ဓာရုံ= အနံ့ (ဂန္ဓ)
၁၀။ ရသာယတန= ရသာရုံ= အရသာ (ရသ)
၁၁။ ဖောဋ္ဌဗ္ဗာယတန= ဖေါဋ္ဌဗ္ဗာရုံ= အထိအတွေ့
(ပထဝီ၊ တေဇော၊ ဝါယော)
၁၂။ ဓမ္မာယတန= ဓမ္မာရုံ= (စေတသိက် ၅၂၊ သုခုမရုပ်
၁၆၊ နိဗ္ဗာန်)

အာယတန ၁၂-ပါးတွင် စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်တို့ အကုန်ပါဝင်သည်။ ဒွါရနှင့် အာရုံတို့

ထိတိုက်၍ စိတ်စေတသိက်တို့ ဖြစ်ပေါ်နေခြင်းသာရှိသည် အမြင်ရှင်းသွားလျှင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ–ဟူသော အစွဲ ပျောက်၍ သက္ကာယဒိဋ္ဌိကို ပယ်ဖျောက်နိုင်သည်။

## ၃။ ဓာတ်(၁၈)ပါး

သတ္တဝါတို့၏ အလိုသို့မလိုက်မပါမူ၍ မိမိသဘော ကိုသာ တည့်တည့်မတ်မတ် ဆောင်ရွက်တတ်သောတရားကို ဓာတ်ဟုခေါ်၏။ အခံဓာတ်, အတိုက်ဓာတ်, အပွင့်ဓာတ်တို့ အဖြစ် ဒွါရ ၆–ပုံ၊ အာရုံ ၆–တန်၊ ဝိညာဏ် ၆–သွယ်တို့ကို ဟောကြားတော်မူသည်။

### ဇယား (၁) ကြည့်

စက္ခုဓာတ်နှင့် ရူပဓာတ်တို့ ထိတိုက်သည့်အခါ စက္ခုဝိညာဏဓာတ်(မြင်သိစိတ်)နှင့် ယှဉ်ဖက်စေတသိက်များ ဖြစ်ပေါ်ကြ၏။ သောတဓာတ်နှင့် သဒ္ဒဓာတ်တို့ ထိတိုက်သည့် အခါ သောတဝိညာဏဓာတ် (ကြားသိစိတ်)နှင့် ယှဉ်ဖက် စေတသိက်များ ဖြစ်ပေါ်ကြ၏ စသည်ဖြင့်သိပါ။ လောက တွင် အခံဓာတ်နှင့် အတိုက်ဓာတ်တို့ ထိတိုက်၍ အပွင့်ဓာတ် များ ဖြစ်ပေါ်နေခြင်းသာရှိ၏၊ ပုဂ္ဂိုလ်–သတ္တဝါ–ငါ မရှိဟု အမြင်ရှင်းသွားလျှင် သက္ကာယဒိဋ္ဌိ ကွာသွားနိုင်၏။

ဇယား (၁)

| ဒွါရ-၆-ပုံ (အခံဓာတ်) | အာရုံ-၆-တန် (အတိုက်ဓာတ်) | ဝိညာဏ် ၆-သွယ် (အပွင့်ဓာတ်) |
| --- | --- | --- |
| ၁။ စက္ခုဓာတ်=စက္ခုပသာဒ | ၇။ ရူပဓာတ်=ရူပါရုံ | ၁၃။ စက္ခုဝိညာဏဓာတ် |
| ၂။ သောတဓာတ်=သောတပသာဒ | ၈။ သဒ္ဒဓာတ်=သဒ္ဒါရုံ | ၁၄။ သောတဝိညာဏဓာတ် |
| ၃။ ဃာနဓာတ်=ဃာနပသာဒ | ၉။ ဂန္ဓဓာတ်=ဂန္ဓာရုံ | ၁၅။ ဃာနဝိညာဏဓာတ် |
| ၄။ ဇိဝှါဓာတ်=ဇိဝှါပသာဒ | ၁၀။ ရသဓာတ်=ရသာရုံ | ၁၆။ ဇိဝှါဝိညာဏဓာတ် |
| ၅။ ကာယဓာတ်=ကာယပသာဒ | ၁၁။ ဖောဋ္ဌဗ္ဗဓာတ်=ဖောဋ္ဌဗ္ဗာရုံ | ၁၇။ ကာယဝိညာဏဓာတ် |
| ၆။ မနောဓာတ်=ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းစိတ် ၂ | ၁၂။ ဓမ္မဓာတ်= ဓမ္မာရုံ (စေတသိက် ၅၂၊ သုခုမရုပ်-၁၆၊ နိဗ္ဗာန်) | ၁၈။ မနောဝိညာဏဓာတ် (ကျန်သောစိတ် ၇၆-ပါး) |

ဇယား (၂)

| သဂြိုဟ်ပါဠိအခေါ် | ခေါ်ဝေါ်ရိုး | တရားကိုယ် |
|---|---|---|
| ၁။ ဒုက္ခအရိယသစ္စာ | ဒုက္ခသစ္စာ | လောကီစိတ် ၈၁၊ လောဘကြဉ် လောကီစေတသိက် ၅၁၊ ရုပ် ၂၈။ |
| ၂။ ဒုက္ခသမုဒယအရိယသစ္စာ | သမုဒယသစ္စာ | လောဘ |
| ၃။ ဒုက္ခနိရောဓအရိယသစ္စာ | နိရောဓသစ္စာ | နိဗ္ဗာန် |
| ၄။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ | မဂ္ဂသစ္စာ | မဂ်စိတ် ၄–ခု၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈–ပါး။ |

## ၄။ သစ္စာ(၄)ပါး

အရိယာတို့ ထိုးထွင်း၍သိအပ်သည့် အမှန်သဘောတို့ကို သစ္စာဟုခေါ်၏။

လောဘကြဉ်သော လောကီနာမ်ရုပ်တရားတို့သည် (၁)ဒုက္ခ ဒုက္ခ၊ (၂) သင်္ခါရဒုက္ခ (၃) ဝိပရိဏာမဒုက္ခတို့နှင့် ယှဉ်စပ်နေသည့်အတွက် ဒုက္ခသစ္စာမည်၏။

လောဘသည် လောကီကုသိုလ်, အကုသိုလ်ကံတို့၏ အကြောင်းရင်း ဖြစ်ပြီး ထိုကံတို့ကြောင့် ဆင်းရဲအမျိုးမျိုး ဖြစ်လာရသည်။ ထိုသို့ ဆင်းရဲအမျိုးမျိုး၏ ပဓာနအကြောင်းတရားဖြစ်၍ လောဘတဏှာကို သမုဒယသစ္စာဟု ဆိုသည်။

နိဗ္ဗာန်သည် ဆင်းရဲမှုချုပ်ငြိမ်းရာ အမှန်ဖြစ်သောကြောင့် နိရောဓသစ္စာမည်၏။

မဂ်စိတ် ၄-ခု၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈-ပါးသည် ဒုက္ခချုပ်ငြိမ်းရာသို့ ကေန်အမှန် ပို့ဆောင်တတ်သောကြောင့် မဂ္ဂသစ္စာဟု အမည်ရ၏။

ဇယား (၂)ကြည့်ပါ

### မဂ္ဂင်(၈)ပါး (မဂ္ဂသစ္စာ)

၁။ သမ္မာဒိဋ္ဌိ = အမှန်တရားကိုသိမြင်မှု (ပညာ)
၂။ သမ္မာသင်္ကပ္ပ =အမှန်တရားကို ကြံစည်မှု (ဝိတက်)

၃။ သမ္မာဝါစာ = ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်မှု (သမ္မာဝါစာ)

၄။ သမ္မာကမ္မန္တ =ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်မှု(သမ္မာကမ္မန္တ)

၅။ သမ္မာအာဇီဝ = ကာယ– ဝစီ ဒုစရိုက်တို့မှ ရှောင်ကြဉ်၍ အသက်မွေးမှု (သမ္မာအာဇီဝ)

၆။ သမ္မာဝါယာမ = အမှန်တရားကို အားထုတ်မှု (ဝီရိယ)

၇။ သမ္မာသတိ = အမှန်တရားကို စွဲမြဲစွာ ရှုမှတ်မှု (သတိ)

၈။ သမ္မာသမာဓိ =အမှန်တရားတို့၌ စိတ်တည်ကြည်မှု (ဧကဂ္ဂတာ)

မဂ္ဂင် ၈–ပါးကို သီလသိက္ခာ (သီလမဂ္ဂင် ၃–ပါး)၊ သမာဓိသိက္ခာ(သမာဓိမဂ္ဂင် ၃–ပါး)၊ ပညာသိက္ခာ (ပညာမဂ္ဂင် ၂–ပါး) ဟူ၍ သိက္ခာအကျင့် သုံးပါး ခွဲခြားနိုင်သည်။

**မှတ်ချက်** ။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားတို့ကို မသိသော ပုထုဇဉ်ကို အန္ဓပုထုဇဉ်ဟု ခေါ်၍ ထိုတရားတို့ကို သိသည့် ပုထုဇဉ်ကို ကလျာဏ ပုထုဇဉ်ဟု ခေါ်သည်။

# အာသဝ–စသည်အမည်ရသော အကုသိုလ်စေတသိက်များ

**အာသဝ (၄)ပါး**

၁။ ကာမာသဝ = ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်သော တဏှာလောဘ၊

၂။ ဘဝါသဝ = ရူပရာဂ၊ အရူပရာဂနှင့် ဖြပ္မာဘဝတို့ကို တပ်မက်သော တဏှာလောဘ၊

၃။ ဒိဋ္ဌာသဝ = မှားယွင်းစွာ ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိ၊

၄။ အဝိဇ္ဇာသဝ = သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ မောဟ။

**ဩဃ (၄)ပါး**

ဝဲဩဃကြီးများကဲ့သို့ သတ္တဝါများကို အပါယ်အထိ လွှမ်းမိုး နှစ်မြှုပ်သတ်ဖြတ်၍ ကူးမြောက်ရန် ခဲယဉ်းသော တရား ၄–ပါး ရှိသည်။

၁။ ကာမောဃ = ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်သော တဏှာလောဘ၊

၂။ ဘဝေါဃ = ရူပဈာန်၊ အရူပဈာန်နှင့် ဗြဟ္မာဘဝတို့ကို တပ်မက်သော တဏှာလောဘ၊

၃။ ဒိဋ္ဌောဃ = မှားယွင်းစွာ ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိ၊

၄။ အဝိဇ္ဇောဃ = သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာမောဟ။

ယောဂ (၄)ပါး

သတ္တဝါတို့ကို ဝဋ်ဒုက္ခဘဝစက်ယန္တရားကြီး၌ တပ်၍၊ ကဲ၍ မောင်းတတ်သော ထမ်းပိုးနှင့်တူသည့် တရား ၄-ပါး ရှိသည်။

၁။ ကာမယောဂ = ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်သော တဏှာလောဘ၊

၂။ ဘဝယောဂ = ရူပဈာန်၊ အရူပဈာန်နှင့် ဗြဟ္မာဘဝတို့ကို တပ်မက်သော တဏှာလောဘ၊

၃။ ဒိဋ္ဌိယောဂ = မှားယွင်းစွာ ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိ၊

၄။ အဝိဇ္ဇာယောဂ= သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာမောဟ။

**မှတ်ချက်။** အာသဝ၊ ဩဃနှင့် ယောဂတို့သည် တရားကိုယ် အရကောက်အားဖြင့် တူညီကြ၏၊ ဝေနေယျသတ္တဝါတို့၏အလို အဇ္ဈာသယ အားလျော်စွာ နည်း ၃-မျိုးဖြင့် ဟောထားသည်။

**ဂန္ထ (၄)ပါး**

သတ္တဝါတို့ကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင်ထိပ်တုံးကဲ့သို့ ချုပ်နှောင်ထားတတ်သောတရား ၄-ပါး ရှိသည်။

၁။ အဘိဇ္ဈာကာယဂန္ထ = သူတပါး စည်းစိမ်ကို မတရား လိုချင်မှု- လောဘ၊

၂။ ဗျာပါဒကာယဂန္ထ = သူတစ်ပါးကို ပျက်စီးစေလိုမှု- ဒေါသ၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ - မှားယွင်းသောအကျင့် တို့ကို စွဲယူမှု- ဒိဋ္ဌိ၊

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ = အယူမှားကို စွဲယူလျက် ဤအယူသာမှန်၏ဟု စွဲမြဲစွာ ယူသော-ဒိဋ္ဌိ။

**ဥပါဒါန်(၄)ပါး**

မိမိဆိုင်ရာအာရုံကို မလွတ်တမ်းစွဲမြဲစွာ ယူတတ်သောတရား ၄-ပါး ရှိသည်။

၁။ ကာမုပါဒါန် = ကာမဂုဏ်တို့၌ လွန်ကဲစွာစွဲလမ်းမှု လောဘ
၂။ ဒိဋ္ဌုပါဒါန် = မှားသောအယူဝါဒတို့၌ စွဲလမ်းမှု ဒိဋ္ဌိ၊
၃။ သီလဗ္ဗတုပါဒါန် = အကျင့်မှားတို့၌ လွန်ကဲစွာ စွဲလမ်းမှု ဒိဋ္ဌိ၊
၄။ အတ္တဝါဒုပါဒါန် = ခန္ဓာငါးပါးကို ငါဟုစွဲယူသော အတ္တဝါဒ၌ စွဲလမ်းမှု ဒိဋ္ဌိ။

ဥပါဒါန်တရားကိုယ်သည် အကျဉ်းအားဖြင့် လောဘ, ဒိဋ္ဌိနှစ်ပါးသာဖြစ်သော်လည်း ဒိဋ္ဌိစေတသိက်၏ မှားယွင်းစွာ ယူရာ၌ စွဲလမ်းပုံ သုံးမျိုးကွဲပြားသောကြောင့် ဥပါဒါန်လေးပါး ဖြစ်လာသည်။

## နီဝရဏ (၆)ပါး

ကုသိုလ်တရားနှင့် ဈာန်, မဂ်, ဖိုလ်တရားတို့ကို ဖြစ်ခွင့်, တိုးပွားခွင့် မပေးဘဲ တားမြစ်ပိတ်ပင်တတ် သောတရား ၆–ပါး ရှိသည်။

၁။ ကာမစ္ဆန္ဒ နီဝရဏ = ကာမဂုဏ်တို့ကို တပ်မက်သော လောဘ၊
၂။ ဗျာပါဒ နီဝရဏ = သူတပါးစည်းစိမ်ကို ပျက်စီး စေလိုသော ဒေါသ၊

၃။ထိနမိဒ္ဓ နီဝရဏ = ကုသိုလ်အလုပ်၌ ပျင်းရိ ထိုင်းမှိုင်း စေတတ်သော ထိနမိဒ္ဓ၊

၄။ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ- စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စနှင့် နောင်တ တစ်ဖန် ပူပန်မှု ကုက္ကုစ္စ၊

၅။ဝိစိကိစ္ဆာ နီဝရဏ = ယုံမှားသံသယဖြစ်သော ဝိစိကိစ္ဆာ၊

၆။အဝိဇ္ဇာ နီဝရဏ = အမှန်တရားကို မသိအောင် ဖုံးလွှမ်းတတ်သော မောဟ။

**အနုသယ (၇)ပါး**

သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ဘဝအဆက်ဆက် အမြဲမပြတ် ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာမျိုး ခတ် ၇-ပါးရှိသည်။ အကြောင်းအာရုံ တိုက်ဆိုင် လာလျှင် နိုးကြားဖြစ်ပေါ်လာ၏

၁။ ကာမရာဂအနုသယ= ကာမဂုဏ်ကို တပ်မက်သော လောဘ၊

၂။ ဘဝရာဂ အနုသယ= ရူပဈာန်, အရူပဈာန်, ဗြဟ္မာ ဘဝတို့ကို တပ်မက်သော လောဘ၊

၃။ ပဋိဃ အနုသယ = ပြစ်မှားတတ်သော ဒေါသ၊

၄။ မာန အနုသယ = ထောင်လွှားမှု မာန်မာန၊

၅။ ဒိဋ္ဌိ အနုသယ = အယူမှားမှု ဒိဋ္ဌိ၊
၆။ ဝိစိကိစ္ဆာ အနုသယ= ယုံမှားမှု ဝိစိကိစ္ဆာ၊
၇။ အဝိဇ္ဇာ အနုသယ = အမှန်တရားကို မသိမှု မောဟ။

**သံယောဇဉ် (၁၀)ပါး**

သတ္တဝါတို့ကို သံသရာမှ မလွတ်ရအောင် ချည်နှောင်တတ်သော တရား ၁၀-ပါး ရှိသည်။

**(က) သုတ္တန်ပါဠိတော်လာ သံယောဇဉ် ၁၀-ပါးမှာ –**

၁။ ကာမရာဂ သံယောဇဉ်=ကာမဂုဏ်၌ တပ်မက်မှု လောဘ၊

၂။ ရူပရာဂသံယောဇဉ် = ရူပဈာန်နှင့် ရူပဖြဟ္မာဘဝကို တပ်မက်မှု လောဘ၊

၃။ အရူပရာဂ သံယောဇဉ်အရူပဈာန်နှင့် အရူပဗြဟ္မာဘဝကိုတပ်မက်မှု လောဘ

၄။ ပဋိဃ သံယောဇဉ် = ပြစ်မှားတတ်သော ဒေါသ၊

၅။ မာန သံယောဇဉ် = ထောင်လွှားမှု မာန်မာန၊

၆။ ဒိဋ္ဌိ သံယောဇဉ် = အယူမှားမှု မိစ္ဆာဒိဋ္ဌိ၊

၇။ သီလဗ္ဗတပရာမာသသံယောဇဉ်= မှားသော အကျင့်ဖြင့် သံသရာမှ လွတ်မြောက် နိုင်၏ ဟု စွဲယူမှု ဒိဋ္ဌိ။

၈။ ဝိစိကိစ္ဆာ သံယောဇဉ် = ယုံမှားမှု ဝိစိကိစ္ဆာ၊

၉။ ဥဒ္ဓစ္စ သံယောဇဉ် = ပျံ့လွင့်မှု ဥဒ္ဓစ္စ၊

၁၀။အဝိဇ္ဇာ သံယောဇဉ် = အမှန်တရားကို မသိမှု မောဟ။

**(ခ) အဘိဓမ္မာပါဠိတော်လာ သံယောဇဉ် ၁၀-ပါးမှာ -**

၁။ ကာမရာဂ သံယောဇဉ်= ကာမဂုဏ်၌ တပ်မက်မှု လောဘ၊

၂။ ဘဝရာဂ သံယောဇဉ် =ရူပဈာန်၊ အရူပဈာန် နှင့် ဖြဟ္မာဘဝတို့ကို တပ်မက်မှု လောဘ၊

၃။ ပဋိဃ သံယောဇဉ် = ပြစ်မှားတတ်သော ဒေါသ၊

၄။ မာန သံယောဇဉ် = ထောင်လွှားမှု မာန်မာန၊

၅။ ဒိဋ္ဌိ သံယောဇဉ် = အယူမှားမှု မိစ္ဆာဒိဋ္ဌိ၊

၆။သီလဗ္ဗတပရာမာသသံယောဇဉ် = မှားသော အကျင့်ဖြင့် သံသရာမှ လွတ်မြောက်နိုင်၏ ဟု စွဲယူမှု ဒိဋ္ဌိ၊

၇။ ဝိစိကိစ္ဆာ သံယောဇဉ် = ယုံမှားမှု ဝိစိကိစ္ဆာ၊

၈။ ဣဿာ သံယောဇဉ် = မနာလိုဖြူစူမှု ဣဿာ၊

၉။ မစ္ဆရိယသံယောဇဉ် = ဝန်တိုမှု မစ္ဆရိယ၊
၁၀။အဝိဇ္ဇာ သံယောဇဉ်= အမှန်တရားကို မသိမှု မောဟ။

## ကိလေသာ (၁၀)ပါး

သတ္တဝါတို့၏ စိတ်အစဉ်ကို လောင်ကျွမ်းစေတတ်, ညစ်နွမ်းစေတတ်သော တရား ၁၀–ပါး တို့သည်။

၁။ လောဘ = လိုချင်တပ်မက်မှု လောဘ၊
၂။ ဒေါသ = အမျက်ထွက်မှု, စိတ်ပျက်မှု ဒေါသ၊
၃။ မောဟ = အမှန်တရားကို မသိမှု မောဟ၊
၄။ မာန = ထောင်လွှားမှု မာန၊
၅။ ဒိဋ္ဌိ = အယူမှားမှု ဒိဋ္ဌိ၊
၆။ ဝိစိကိစ္ဆာ = ယုံမှားမှု ဝိစိကိစ္ဆာ၊
၇။ ထိန = စိတ်ကိုလေးလံ ထိုင်းမှိုင်းစေမှု ထိန၊
၈။ ဥဒ္ဓစ္စ = စိတ်ကိုပျံ့လွင့်စေမှု ဥဒ္ဓစ္စ၊
၉။ အဟိရိက = မကောင်းမှုပြုရန် မရှက်မှု အဟိရိက၊
၁၀။ အနောတ္တပ္ပ = မကောင်းမှုပြုရန် မကြောက်မှု အနောတ္တပ္ပ၊

## တစ်ထောင့်ငါးရာ ကိလေသာ

စိတ်(၁)+စေတသိက် (၅၂)ဟူသော နာမ်တရား (၅၃)ပါး၊ ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်သော နိပ္ဖန္နရုပ်(၁၈)ပါး၊ ရုပ်အစစ်တို့၏ ဥပါဒ်, ဌီ, ဘင်အခိုက်ကို ပြသော လက္ခဏာရုပ် (၄)ပါး၊

စုစုပေါင်း–တရား (၇၅)ပါးကို လောဘစသော ကိလေသာ ၁၀–ပါးတို့အာရုံပြုကြ၏။ ထို(၇၅)ပါးသောအာရုံသည် မိမိအဇ္ဈတ္တသန္တာန်၌လည်းရှိ၏၊ ဗဟိဒ္ဓသန္တာန်၌ လည်းရှိ၏။ ထို့ကြောင့်ကိလေသာပေါင်း = ၇၅ x ၂ x ၁၀=၁၅၀၀။

"ခုနှစ်ဆယ့်ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ထွေ၊
မြှောက်ပွားရေသော်၊ ကိလေသာစက်၊ သုံးထောင်ဝက်"

## ဟိတ် (၆)ပါး

သစ်ပင်ကို ထောက်ပံ့ခိုင်ခံ့စေသော ရေသောက်မြစ်ကဲ့သို့ ယှဉ်ဖက်နာမ်၊ ရုပ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေတတ်သော မူလအကြောင်းတရားများ ၆–ပါးရှိသည်။

၁။ လောဘဟိတ် = လိုချင်တပ်မက်မှု လောဘ၊
၂။ ဒေါသဟိတ် = အမျက်ထွက်မှု, စိတ်ပျက်မှု ဒေါသ၊
၃။ မောဟ ဟိတ်= အမှန်တရားကိုမသိမှု မောဟ၊

၄။ အလောဘဟိတ်= မလိုချင်မတပ်မက်မှု အလောဘ၊
၅။ အဒေါသဟိတ်= အမျက်မထွက်မှု အဒေါသ၊
၆။ အမောဟဟိတ်= အမှန်တရားကို ထိုးထွင်းသိမှု ပညာ။

လောဘ, ဒေါသ, မောဟတို့ကို အကုသလမူလ= အကုသိုလ်၏အရင်းအမြစ် များဟုခေါ်၏။ အလောဘ, အဒေါသ, အမောဟတို့ကို ကုသလမူလ= ကုသိုလ်၏ အရင်းအမြစ်များဟုခေါ်၏။

ဈာနင် (၇)ပါး

အာရုံတို့ကို စူးစူးစိုက်စိုက် ရှုတတ်သောစျန်၏ အစိတ်အပိုင်း အင်္ဂါကို ဈာနင်္ဂ = ဈာနင်ဟု ခေါ်၏။ ဈာနင် ၇-ပါး ရှိသည်။

၁။ ဝိတက်ဈာနင် = ကြံစည်မှု ဝိတက်၊
၂။ ဝိစာရဈာနင် = အာရုံကို သုံးသပ်မှု ဝိစာရ၊
၃။ ပီတိဈာနင် = အာရုံကို နှစ်သက်မှု ပီတိ၊
၄။ ဧကဂ္ဂတာဈာနင်=တစ်ခုတည်းသော အာရုံ၌ တည်ကြည်မှု ဧကဂ္ဂတာ၊
၅။ သောမနဿဈာနင်=ချမ်းသာသော ခံစားမှု၊ သောမနဿ ဝေဒနာ၊
၆။ ဒေါမနဿဈာနင် =ဆင်းရဲသော ခံစားမှု ဒေါမနဿ ဝေဒနာ၊

၇။ ဥပေက္ခာဗျာနင် =အလယ်အလတ် ရိုးရိုးခံစားမှု ဥပေက္ခာဝေဒနာ။

ဗျာနင်တရားတို့သည် စိတ်စေတသိက်တို့ကို အာရုံတစ်ခုတည်း၌ စူးစူးစိုက်စိုက် တည်နေနိုင်ရန် အကျိုးပြုကြ၏။

## မဂ္ဂင် (၁၂)ပါး

လမ်းမည်သော တရားအပေါင်း၏ အစိတ်အင်္ဂါ တစ်ပါးပါးကို မဂ္ဂင်=မဂ္ဂင်ဟုခေါ်၏။ မဂ္ဂင် ၁၂–ပါး ရှိသည်။

၁။သမ္မာဒိဋ္ဌိမဂ္ဂင် = မှန်ကန်စွာ သိမြင်မှု (ပညာ)
၂။သမ္မာသင်္ကပ္ပမဂ္ဂင် = မှန်ကန်စွာ ကြံစည်မှု (ဝိတက်)
၃။သမ္မာဝါစာမဂ္ဂင် = မှန်ကန်စွာပြောဆိုမှု (သမ္မာဝါစာ)
၄။သမ္မာကမ္မန္တမဂ္ဂင် = မှန်ကန်စွာပြုလုပ်မှု (သမ္မာကမ္မန္တ)
၅။သမ္မာအာဇီဝမဂ္ဂင် = မှန်ကန်စွာ အသက်မွေးမှု (သမ္မာအာဇီဝ)
၆။သမ္မာဝါယမမဂ္ဂင် = မှန်ကန်စွာ အားထုတ်မှု (ဝီရိယ)
၇။သမ္မာသတိမဂ္ဂင် = မှန်ကန်စွာအောင့်မေ့မှု (သတိ)
၈။သမ္မာသမာဓိမဂ္ဂင် = မှန်ကန်စွာ စူးစိုက် တည်ကြည်မှု (ဧကဂ္ဂတာ)

၉။မိစ္ဆာဒိဋ္ဌိမဂ္ဂင် = မှားယွင်းစွာသိမြင်မှု (ဒိဋ္ဌိ)
၁၀။မိစ္ဆာသင်္ကပ္ပမဂ္ဂင် = မှားယွင်းစွာ ကြံစည်မှု (အကုသိုလ် စိတ်တို့၌ ယှဉ်သော ဝိတက်)
၁၁။မိစ္ဆာဝါယာမမဂ္ဂင် = မှားယွင်းစွာအားထုတ်မှု (အကုသိုလ် စိတ်တို့၌ ယှဉ်သော ဝီရိယ)
၁၂။မိစ္ဆာသမာဓိမဂ္ဂင် = မှားယွင်းစွာ စူးစိုက်တည်ကြည်မှု (အကုသိုလ် စိတ်တို့၌ ယှဉ်သော ဧကဂ္ဂတာ)

အထက်မဂ္ဂင် (၈)ပါးကို ပေါင်းစုလျှင် သုဂတိဘုံဘဝနှင့် နိဗ္ဗာန်သို့ တက်ရောက်ရန် အကျင့်လမ်းမှန်ဖြစ်သွား၏။ အောက်မဂ္ဂင်(၄)ပါးကိုပေါင်းစုလျှင် ဒုဂ္ဂတိဘုံဘဝသို့ သွားရောက်ရန် အကျင့်လမ်းမှား ဖြစ်သွား၏။

## ဣန္ဒြေ (၂၂)ပါး

မိမိဆိုင်ရာ ကိစ္စဋ္ဌာနတို့၌ အစိုးရကုန်သော တရားတို့ကို ဣန္ဒြိယ = ဣန္ဒြေ ဟုခေါ်၏။ ဣန္ဒြေ ၂၂-ပါး ရှိသည်။

၁။ စက္ခုန္ဒြေ = မြင်မှုကိုအစိုးရသော စက္ခုပသာဒ၊
၂။ သောတိန္ဒြေ = ကြားမှုကို အစိုးရသော သောတပသာဒ၊

၃။ ဃာနိန္ဒြေ = နံ့မှုကို အစိုးရသော ဃာနပသာဒ၊

၄။ ဇိဝှိန္ဒြေ = အရသာသိမှုကို အစိုးရသော ဇိဝှါ ပသာဒ၊

၅။ ကာယိန္ဒြေ = အတွေ့သိမှုကို အစိုးရသော ကာယ ပသာဒ၊

၆။ ဣတ္ထိန္ဒြေ = အမသတ္တဝါဖြစ်မှုကို အစိုးရသော ဣတ္ထိဘာဝရုပ်၊

၇။ ပုရိသိန္ဒြေ = အထီးသတ္တဝါဖြစ်မှုကို အစိုးရသော ပုရိသဘာဝရုပ်၊

၈။ ဇီဝိတိန္ဒြေ = အသက်ရှင်မှုကို အစိုးရသော ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ၊

၉။ မနိန္ဒြေ = အာရုံသိမှုကို အစိုးရသော စိတ် ၈၉-ပါး၊

၁၀။ သုခိန္ဒြေ = ကိုယ်ချမ်းသာမှုကို အစိုးရသော သုခဝေဒနာ၊

၁၁။ ဒုက္ခိန္ဒြေ = ကိုယ်ဆင်းရဲမှုကိုအစိုးရသော ဒုက္ခဝေဒနာ၊

၁၂။ သောမနဿိန္ဒြေ = စိတ်ချမ်းသာမှုကို အစိုးရသော သောမနဿဝေဒနာ၊

၁၃။ ဒေါမနဿိန္ဒြေ = စိတ်ဆင်းရဲမှုကို အစိုးရသော ဒေါမနဿဝေဒနာ၊

၁၄။ ဥပေက္ခိန္ဒြေ = မဆင်းရဲ မချမ်းသာမှုကို အစိုးရသော ဥပေက္ခာဝေဒနာ၊

၁၅။ သဒ္ဓိန္ဒြေ = စိတ်စေတသိက်တို့ကို ကြည်လင် စေမှု၌ အစိုးရသော သဒ္ဓါ၊

၁၆။ ဝီရိယိန္ဒြေ = ကြိုးစားအားထုတ်မှု၌ အစိုးရသော ဝီရိယ၊

၁၇။ သတိန္ဒြေ = ကုသိုလ်ရေးကိုအမှတ်ရစေမှု၌ အစိုးရသော သတိ၊

၁၈။ သမာဓိန္ဒြေ = တည်ကြည်မှု၌ အစိုးရသော ဧကဂ္ဂတာ၊

၁၉။ ပညိန္ဒြေ = အမှန်တရားကို ထိုးထွင်းသိမှု၌ အစိုးရသော ပညာ၊

၂၀။ အနညာတညဿာမီတိန္ဒြေ = မသိဖူးသေးသော သစ္စာလေးပါးကို သိမှု၌ အစိုးရသော ပညာ (သောတာပတ္တိမဂ်ဉာဏ်)

၂၁။ အညိန္ဒြေ = သိပြီးသော သစ္စာလေးပါးကို ထပ်၍ သိမှု၌အစိုးရသော ပညာ (အထက်မဂ်ဉာဏ် ၃–ပါး၊ အောက်ဖိုလ်ဉာဏ် ၃–ပါး)

၂၂။အညတာဝိနြေ = သိပြီးသော သစ္စာလေးပါးကို အပြီးသတ်သိမှု၌ အစိုးရသော ပညာ (အရဟတ္တဖိုလ်ဉာဏ်)

## ဗိုလ် (၉)ပါး

ဆန့်ကျင်ဘက်တရားကို တိုက်ဖျက်၍ ဆန့်ကျင်ဘက်တရားကြောင့် တုန်လှုပ်မှုမရှိဘဲ မြဲမြဲခိုင်ခံ့စွာ တည်နေနိုင်သောတရားကို ဗိုလ်ဟုခေါ်၏။ ဗိုလ် ၉-ပါးရှိသည်။

၁။ သဒ္ဓါဗိုလ် = ရတနာသုံးပါး, ကံ-ကံ၏ အကျိုးတို့ကို မယုံကြည်စေသော အကုသိုလ်တရားတို့ကို တိုက်ဖျက်သည့် ဗိုလ် (သဒ္ဓါ)

၂။ ဝီရိယဗိုလ် = ပျင်းရိငိုက်မည်းမှု ထိနမိဒ္ဓတို့ကို တိုက်ဖျက်သည့်ဗိုလ် (ဝီရိယ)

၃။ သတိဗိုလ် = ကုသိုလ်ရေး၌ မေ့လျော့မှု ပမာဒကိုတိုက်ဖျက်သည့်ဗိုလ် (သတိ)

၄။ သမာဓိဗိုလ် = စိတ်မတည်ကြည်စေသော တရားတို့ကို တိုက်ဖျက်သည့် ဗိုလ် (ဧကဂ္ဂတာ)

၅။ ပညာဗိုလ် = အမှန်တရားကို မသိအောင် ဖုံးလွှမ်းသည့် မောဟကို တိုက်ဖျက်သည့်ဗိုလ် (ပညာ)

၆။ ဟိရိဗိုလ် = မကောင်းမှု ပြုရန် မရှက်စေသော အဟိရိကကို တိုက်ဖျက်သည့်ဗိုလ် (ဟိရိ)

၇။ ဩတ္တပ္ပဗိုလ် = မကောင်းမှုပြုရန် မကြောက်ရွံ့စေသော အနောတ္တပ္ပကို တိုက်ဖျက်သည့်ဗိုလ် (ဩတ္တပ္ပ)

၈။ အဟိရိကဗိုလ် = ဟိရိကိုဆန့်ကျင်သည့် အကုသိုလ် ဗိုလ် (အဟိရိက)

၉။ အနောတ္တပ္ပဗိုလ် = ဩတ္တပ္ပကို ဆန့်ကျင်သည့် အကုသိုလ်ဗိုလ် (အနောတ္တပ္ပ)

စိတ်ဟူသော စစ်မြေပြင်၌ ကုသိုလ်တရားများနှင့် အကုသိုလ်တရားများ စစ်အင်အားပြိုင်လျက်ရှိကြရာ သဒ္ဓါ၊ သတိ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ တို့သည် ကုသိုလ်တရားဘက်၌ ဗိုလ်များဖြစ်ကြ၏၊ အဟိရိကနှင့် အနောတ္တပ္ပတို့မှာ လူမိုက်အားပေး အကုသိုလ်ဗိုလ်များဖြစ်ကြ၏။ ဝီရိယနှင့် ဧကဂ္ဂတာတို့မှာ အညသမာန်းစေတသိက်များ ဖြစ်ကြသဖြင့် ကုသိုလ်ဘက်ရော အကုသိုလ်ဘက်ရော ပါဝင်တိုက်ခိုက်နိုင်သည့် ဗိုလ်များဖြစ်ကြ၏။

## အဓိပတိ (၄)ပါး

ယှဉ်ဖက်တရားတို့ကို ပြိုင်ဖက်မရှိ လွှမ်းမိုးအုပ်ချုပ်နိုင်သော အကြီးအကဲတရား ၄–ပါး ရှိသည်။

၁။ ဆန္ဒာဓိပတိ = အားကြီးသော လိုလား တောင့်တမှု (ဆန္ဒ)၊

၂။ ဝီရိယာဓိပတိ = အားကြီးသော အားထုတ်မှု (ဝီရိယ)၊

၃။ စိတ္တာဓိပတိ = အားကြီးသောစိတ် (ဒွိဟိတ်၊ တိဟိတ်ဇော ၅၂–ပါး)၊

၄။ ဝီမံသာဓိပတိ = အားကြီးသော စူးစမ်းဆင်ခြင်မှု (ပညာ)၊

အဓိပတိတစ်ပါးက ဦးဆောင်လျှင် ၎င်း၏နောက်သို့ ကျန်စိတ်၊ စေတသိက်အားလုံး လိုက်ပါကြရသဖြင့် အဓိပတိအုပ်စိုးမှုသည် ကေရာဇ်ဘုရင်၏ အုပ်စိုးမှုနှင့် တူ၏။ ဣန္ဒြေတရားတို့၏ အုပ်စိုးမှုသည် မိမိတို့၏ ဆိုင်ရာဌာနများကို စီမံကွပ်ကဲရသော ဝန်ကြီးများ၏ အစိုးရပုံနှင့် တူ၏။

## အာဟာရ (၄)ပါး

ဆိုင်ရာ အကျိုးတရားတို့ကို ဖြစ်ပေါ်စေပြီး တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ထမ်းဆောင် ထားသော တရားကို အာဟာရဟု ခေါ်၏။ အဟာရ ၄–ပါးရှိသည်။

၁။ ကဗဠီကာရ အာဟာရ = အာဟာရဇ ရုပ်ကလာပ်များကို ဖြစ်ပေါ်စေပြီး တည်တံ့ ခိုင်မြဲအောင် ထောက်ပံ့ ထမ်းဆောင်ပေးသော ဩဇာရုပ်၊

၂။ ဖဿ အာဟာရ = ဝေဒနာကို ဖြစ်ပေါ်စေပြီး တည်တံ့ ခိုင်မြဲအောင် ထောက်ပံ့ ထမ်းဆောင်ပေးသော ဖဿ၊

၃။ မနောသဉ္စေတနာ အာဟာရ= ဝိပါက် နာမ်ခန္ဓာများနှင့် ကဋတ္တာရုပ်အစဉ်ကိုမပြတ် ဖြစ်ပေါ်စေပြီး တည်တံ့ ခိုင်မြဲ အောင် ထောက်ပံ့ ထမ်းဆောင် ပေးသော စေတနာကံ၊

၄။ ဝိညာဏ အာဟာရ = ယှဉ်ဖက်စေတသိက်များနှင့် စိတ္တဇရုပ်များကို ဖြစ်ပေါ်စေပြီး တည်တံ့ ခိုင်မြဲအောင် ထောက်ပံ့ ထမ်းဆောင်ထားသည့်စိတ်အားလုံး။

## ရုပ်အမျိုးအစားများ

### ဩဠာရိကရုပ်၊ သုခုမရုပ်

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယအားဖြင့် ပသာဒရုပ် ၅–ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ပထဝီ, တေဇော, ဝါယောဟူသော ဝိသယရုပ် ၇–ပါး၊ ပေါင်း ၁၂–ပါးသည် ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သောအခါ ပေါ်လွင်ထင်ရှားသောကြောင့် ဩဠာရိကရုပ်(ရုပ်ကြမ်း)ဟု ခေါ်၏၊ ဉာဏ်ဖြင့် ရှုသိရန် လွယ်ကူသောကြောင့် သန္တိကေရုပ်(နီးသောရုပ်) ဟုလည်းခေါ်၏၊ အာရုံဝတ္ထုအားဖြင့် အချင်းချင်း ထိတိုက်နိုင်ခြင်းကြောင့် သပ္ပဋိဃရုပ် (ထိတိုက်နိုင်သောရုပ်) ဟုလည်း ခေါ်၏။

အာပေါ၊ ဘာဝရုပ် ၂–ပါး၊ ဟဒယဝတ္ထု၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂–ပါး၊ လဟုတာ–မုဒုတာ–ကမ္မညတာရုပ် ၃–ပါး၊ လက္ခဏာရုပ် ၄–ပါး၊ ပေါင်း ၁၆–ပါးတို့သည် ဝိပဿနာဉာဏ်ဖြင့် ရှုသိရန် ခဲယဉ်းသောကြောင့် သုခုမရုပ် (ရုပ်နု)ဟု လည်းကောင်း၊ ဒူရေရုပ်(ဝေးသောရုပ်)ဟုလည်းကောင်း ခေါ်၏။ အချင်းချင်း မထိတိုက်နိုင်ခြင်းကြောင့် အပ္ပဋိဃရုပ်ဟုလည်း ခေါ်၏။

## ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်

ကံကြောင့်ဖြစ်သောရုပ်ကို ဥပါဒိန္နရုပ်ဟု ခေါ်၏၊ ဣန္ဒြိယရုပ် ၈–ပါး၊ ဟဒယဝတ္ထု၊ အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ အာကာသဓာတ်၊ ပေါင်း ၁၈–ပါးသည် ကံကြောင့်ဖြစ်သဖြင့် ကမ္မဇရုပ် မည်၏။

ကံကြောင့် မဖြစ်ဘဲ စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်သောရုပ်များကို အနုပါဒိန္နရုပ်ဟု ခေါ်၏။ စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ၁၅–ပါး၊ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် ၁၃–ပါးနှင့် အာဟာရကြောင့်ဖြစ်သော အာဟာရဇ ရုပ် ၁၂–ပါးတို့ ရှိကြသည်။

## အဝိနိဗ္ဘောဂရုပ်၊ ဝိနိဗ္ဘောဂရုပ်

တစ်ခုစီ ခွဲ၍ မရကောင်း တစ်ပေါင်းတည်း ဖြစ်သောရုပ်ကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ် ၈–ပါးသည် အမြဲတစ်ပေါင်းတည်း ဖြစ်ပျက်ကြသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏။

ခွဲခြား၍ ရကောင်းသော ရုပ်တို့ကို ဝိနိဗ္ဘောဂရုပ်ဟု ခေါ်၏။ အဝိနိဗ္ဘောဂရုပ် ၈–ပါးမှ ကြွင်းသော ရုပ် ၂၀ သည် ဝိနိဗ္ဘောဂရုပ်မည်၏။

## ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား ၄-ပါး

ကံ, စိတ်, ဥတု, အာဟာရဟူ၍ ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးရှိ၏။

(က)ကံအရ-အကုသိုလ်ကံ ၁၂-ပါး၊
မဟာကုသိုလ်ကံ ၈-ပါး၊
ရူပါဝစရကုသိုလ်ကံ ၅-ပါး
ပေါင်း ကံ ၂၅-ပါးတို့သည်
ရုပ်ကို ဖြစ်စေနိုင်ကြ၏၊

(ခ) စိတ်အရ-အရူပဝိပါက် ၄-ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀၊ အားလုံးသော ပဋိသန္ဓေစိတ်နှင့် ရဟန္တာတို့၏ စုတိစိတ်တို့မှ တစ်ပါး ကျန်စိတ် ၇၅-ပါးသည် ရုပ်ကို ဖြစ်စေနိုင်ကြ၏။

(ဂ) ဥတုအရ-ရုပ်ကလာပ်တို့၌ ပါဝင်သောတေဇော ဓါတ်သည် သီတဥတု ဥဏှဥတုဟုအမည်ရပြီး ရုပ်ကိုဖြစ်စေနိုင်၏။

(ဃ)အာဟာရအရ-စားမျိုအပ်သော အစားအစာ၌ ပါသည့် ဗဟိဒ္ဓဩဇာနှင့် ခန္ဓာကိုယ်၏ ရုပ်ကလာပ်များ၌ ပါရှိသော အဇ္ဈတ္တဩဇာတို့သည် အချင်းချင်း ပေါင်းဆုံမိပြီးသည့်နောက် ရုပ်ကိုဖြစ်စေကြ၏။

**ဗောဓိပက္ခိယ၌ ပါရှိသော ကုသိုလ်စေတသိက်များ**

ဗောဓိပက္ခိယ= မဂ်ဉာဏ်အသင်းအဖွဲ့ဖြစ်သောတရား ၃၇–ပါးရှိသည်။

သတိပဋ္ဌာန် ၄–ပါး၊
သမ္မပ္ပဓာန် ၄–ပါး၊
ဣဒ္ဓိပါဒ် ၄–ပါး၊
ဣန္ဒြေ ၅–ပါး၊
ဗိုလ် ၅–ပါး၊
ဗောဇ္ဈင် ၇–ပါးနှင့်
မဂ္ဂင် ၈–ပါး တို့ဖြစ်ကြ၏။

**သတိပဋ္ဌာန် (၄)ပါး**

မိမိဆိုင်ရာအာရုံ၌ စွဲမြဲစွာ တည်နေသော အမှတ်ရမှု သတိစေတသိက်ကို သတိပဋ္ဌာန်ဟုခေါ်၏။ သတိပဋ္ဌာန်း ၄–ပါး ရှိသည်။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်= ရူပက္ခန္ဓာ၌ ရုပ်အပေါင်းကို အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် = ဝေဒနာက္ခန္ဓာ၌ ဝေဒနာအပေါင်းကို အဖန် ဖန် စွဲမြဲစွာ အမှတ်ရ နေမှု၊

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် = ဝိညာဏ က္ခန္ဓာ၌စိတ် အပေါင်းကို အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် = သညာက္ခန္ဓာ နှင့် သင်္ခါရက္ခန္ဓာ တို့၌ တရားဓမ္မ တို့ကို အဖန်ဖန် စွဲမြဲစွာ အမှတ်ရနေမှု၊

သတိပဋ္ဌာန်လေးပါး၏ တရားကိုယ်သည် သတိ တစ်ပါးသာဖြစ်၏။ ခန္ဓာငါးပါး၌ တစ်လှည့်စီ သတိကပ်၍ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘအခြင်းအရာဖြင့် ဝိပဿနာတင်ရှုရမည်။

## သမ္မပ္ပဓာန် (၄)ပါး

"ငါ၏ကိုယ်၌ အရိုးအရေအကြောတို့သာ ကြွင်းလေစေကုန်၊ အသား အသွေးတို့ ခြောက်ခန်းသော်လည်း ခြောက်ခန်းလေစေကုန်၊" သူတော်ကောင်းတို့၏ အကျင့်လမ်းစဉ်အတိုင်း ကောင်းစွာအားထုတ်မှု ဝီရိယကို သမ္မပ္ပဓာန် ဟုခေါ်၏။ သမ္မပ္ပဓာန် ၄–ပါး ရှိသည်။

၁။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် အားထုတ်မှု၊

၂။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေအောင် အားထုတ်မှု၊

၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာအောင် အားထုတ်မှု၊

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပိုးပွားခိုင်ခံ့အောင် အားထုတ်မှု။

ဖြစ်ပြီးသော အကုသိုလ်တရား တို့ကို အကျိုးမပေးနိုင်အောင် ပယ်မြစ်ရန်နှင့် သံသရာ၌ တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးသေးသော လောကုတ္တရာကုသိုလ် (ဝါ) မဂ်တရားဖြစ်ပေါ်စေရန် အတွက် ကောင်းစွာ အားထုတ်ရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

သမ္မပ္ပဓာန် ၄-ပါးစလုံး၏ ကရားကိုယ်သည် ကုသိုလ်စိတ် ၂၁-ပါး၌ ယှဉ်သော ဝီရိယဖြစ်၏။

## ဣဒ္ဓိပါဒ် (၄)ပါး

ဈာန်မဂ်ဖိုလ် ဟူသော အကျိုးတရားတို့ ပြီးပြည့်စုံ၍ ထမြောက်အောင်မြင်ရေးအတွက် အခြေခံအကြောင်းတရား ၄-ပါးကို ဣဒ္ဓိပါဒ် ၄-ပါးဟုခေါ်၏။

၁။ ဆန္ဒဣဒ္ဓိပါဒ် = အောင်မြင်မှု၏ အခြေခံ ဆန္ဒ၊

၂။ ဝီရိယဣဒ္ဓိပါဒ် = အောင်မြင်မှု၏အခြေခံ ဝီရိယ၊

၃။ စိတ္တဣဒ္ဓိပါဒ် = အောင်မြင်မှု၏ အခြေခံ စိတ်၊

၄။ ဝီမံသဣဒ္ဓိပါဒ် = အောင်မြင်မှု၏ အခြေခံ ပညာ။

**ဣန္ဒြေ(၅)ပါး**

အထက်တွင် ဖော်ပြခဲ့သော ဣန္ဒြေ (၂၂)ပါး၌ ပါဝင်ကြသည့် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ တို့ဖြစ်ကြသည်။

**ဗိုလ်(၅)ပါး**

အထက်တွင် ဖော်ပြခဲ့သော ဗိုလ်(၉)ပါး၌ ပါဝင်ကြသည့် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ဖြစ်ကြသည်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့သည် မိမိတို့၏ ဌာနအသီးသီး၌ အစိုးရနိုင်ကြသည့်အပြင် ဆိုင်ရာ ရန်သူများကို တိုက်ခိုက်နိုင်ကြသည့် ခေါင်းဆောင် ဗိုလ်များလည်း ဖြစ်ကြ၏။ သမထ–ဝိပဿနာရှုမှတ်ရာ၌ ၎င်းတို့ကို ရှေ့တန်းတင်၍ ဆန့်ကျင်ဘက် နီဝရဏများနှင့် အကုသိုလ်တရားများကို တိုက်ဖျက်ရမည်ဖြစ်သည်။

**ဗောဇ္ဈင် (၇)ပါး**

ဗောဓိဟူသော မဂ်ဉာဏ်၏ အစိတ်အင်္ဂါကို ဗောဓိအင်္ဂ = ဗောဇ္ဈင်္ဂ = ဗောဇ္ဈင်ဟုခေါ်၏။ ဗောဇ္ဈင်တရားများကြီးထွားအားပြည့်လာလျှင် မဂ်ဉာဏ်ရမည်ဖြစ်၏။ ဗောဇ္ဈင် ၇–ပါး ရှိသည်။

၁။ သတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာအမှတ်ရမှု (သတိ)

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်= သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ စိစစ်သိမှု (ပညာ)

၃။ ဝီရိယသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ အားထုတ်မှု (ဝီရိယ)

၄။ ပီတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် အာရုံကိုနှစ်သက်မှု (ပီတိ)

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် ကိုယ်စိတ်ငြိမ်းအေးမှု (ကာယပဿဒ္ဓိနှင့်စိတ္တပဿဒ္ဓိ)

၆။ သမာဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် ကောင်းစွာ တည်ကြည်မှု (ဧကဂ္ဂတာ)

၇။ ဥပေက္ခာသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိမြင်ရန် ချစ်မုန်းမပြု တည့်မတ်စွာ ရှုမြင်မှု (တတြမဇ္ဈတ္တတာ)

**မဂ္ဂင်(၈)ပါး**

အထက်၌ မဂ္ဂသစ္စာအဖြစ်ဖော်ပြခဲ့သည် မဂ္ဂင်(၈)ပါးပင်ဖြစ်သည်။

ဤမဂ္ဂင် (၈)ပါးကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူ၍ အကျဉ့်သုံးပါးအဖြစ်ပိုင်းခြားနိုင်သည်။ သီလကို လုံခြုံစွာ စောင့်ထိန်း၍ သမထ ဘာဝနာ ရှုပွားခြင်းဖြင့် သမ္မာသမာဓိအမည်ရသော် ရူပါဝစရဈာန် ၄-ပါးကို ဖြစ်ပေါ်စေနိုင်လျှင် သီလသိက္ခာ၊သမာဓိသိက္ခာတို့ ပြည့်စုံလာပြီ ဖြစ်သည်။

ထိုသမ္မာသမာဓိဟူသော သမာဓိမျက်မှန်ဖြင့် ခန္ဓာကိုယ်တွင်းသို့ စိုက်ရှုသော် ပရမတ်ရုပ်တရား- နာမ်တရားများ တဖွားဖွားဖြစ်ပျက်နေကြသည်ကို မြင်တွေ့လာလိမ့်မည်။ ရုပ်နာမ်တစ်လုံးစီကို ပိုင်းပိုင်းခြားခြား သိမြင်လာလျှင် နာမရူပပရိစ္ဆေဒဉာဏ် (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ပေါ်မည်။ ထို့နောက် ထိုရုပ်နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အတိုင်း အကြောင်းအကျိုး ဆက်စပ်မှုများကို ရှုသိလာလျှင် ပစ္စယပရိဂ္ဂဟဉာဏ် (ကင်္ခါဝိတရဏာဝိသုဒ္ဓိ) ဖြစ်ပေါ်မည်။

ထို့နောက် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)တန်နှင့် ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ တစ်လှည့်စီ ဝိပဿနာ တင်ရှုလျှင် သမ္မသနဉာဏ်မှ အနုလောမဉာဏ် အထိ ဝိပဿနာဉာဏ် ၁၀-ပါးတို့ အဆင့်ဆင့်ဖြစ်ပေါ်လာမည်။ ထိုအခါ ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန်ကို လှမ်းမြင်၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ အစဉ်အတိုင်း ဆက်လက် ဖြစ်ပွားလေတော့သည်။

သို့အတွက် ပိဋကသုံးပုံကို အနှစ်ထုတ်လျှင် ဗောဓိပက္ခိယ (၃၇)ပါးကိုရပြီး၊ ဗောဓိပက္ခိယ (၃၇)ပါးကို တစ်ဖန်အနှစ်ထုတ်လျှင် မဂ္ဂင် (၈)ပါး (ဝါ) သိက္ခာသုံးပါးကို ရ၏ဟု ပညာရှိတို့ ဆိုစမှတ်ပြုကြသည်။

# အခန်း (၉)

## တန်ခိုးထက်မြက်သည့် နှုတ်ငုံဆောင် ဂါထာတော်များ

### ဂါထာနှင့် မန္တန်

ဘုရားဟော ပိဋကတ်တော်များ၌ စုဏ္ဏိယခေါ် ပါဠိစကားပြေနှင့် ဂါထာခေါ် ဆန်းဂိုဏ်းနှင့် အညီ ဖွဲ့ထားသော ပါဠိကဗျာဟူ၍ ပါဠိနှစ်မျိုးပါရှိ၏၊ ဤအခန်း၌ လည်း ဘေးအန္တရာယ်ကင်းရေးအတွက် အထူးရွတ်ဆိုသင့် သော အဆိုပါ ပါဠိနှစ်မျိုးလုံးပင် ပိဋကတ်တော်မှ ရွေးချယ် ကောက်နုတ်၍ ဖော်ပြထားပါသည်။ သို့သော်လည်း "ဂါထာတော်များ" ဟူ၍သာ ခေါင်းစဉ်း တပ်ထားခြင်းမှာမူ လူသိများ၍ ထင်ရှားရာကိုလိုက်၍ တပ်ထားခြင်းဖြစ်ပါသည်။

အများအားဖြင့် ဂါထာနှင့်မန္တန်သည် အတူတူပင်ဖြစ် ၏ဟု ထင်တတ်ကြ၏၊ အမှန်အားဖြင့် မတူချေ။ ဂါထာမှာ ထေရဝါဒပိဋကတ်သုံးဖြစ်ပြီး ဘုရားဂုဏ်တော်များနှင့် သစ္စာ

မေတ္တာတို့ကို အခြေခံ၏။ မန္တန်မှာမူ ဗြာဟ္မဏဝါဒ မန္တရဂိုဏ်းသားတို့ အသုံးအနှုန်းဖြစ်ပြီး စုန်းနတ်ကဝေစသည်တို့၏ တန်ခိုးအာဏာကို အခြေခံ၏။

## ရွတ်ဆိုပုံနှင့် အကျိုးအာနိသင်

ဘေးအန္တရာယ်ကင်းရှင်းရေး၊ လိုရာကိစ္စပြီးမြောက်အောင်မြင်ရေးအတွက် ဘုရားဟောပါဠိများကို ရွတ်ဆိုရာတွင် သီလနှင့် သမာဓိသည် အရေးကြီး၏။ ရွတ်ဆိုသူသည် သီလစောင့်ထိန်းပြီး သမာဓိပြည့်ဝစွာ စိတ်တည်ငြိမ်စွာထား၍ ရွတ်ဆိုမှသာ တန်ခိုးထက်မြက်မည် ဖြစ်၏၊ ဘုရားဂုဏ်တော်များကို ပွားများဆင်ခြင်ပြီး သတ္တဝါတို့အပေါ်၌ မေတ္တာစိတ်ထားလျက် ပုဒ်,ပါဠ် အက္ခရာ မှန်ကန်ပီသစွာ ရွတ်ဆိုလျှင် လိုအပ်သော အကျိုးကို ပြီးမြောက်စေနိုင်ပေလိမ့်မည်။

မိမိယုံကြည်နှစ်သက်ရာ ဘုရားဟောပါဠိတော်များကို ရွတ်ဆို၍ အဆုံး၌ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေဟောတု (သူတစ်ပါးအတွက်ဖြစ်လျှင် သောတ္ထိ တေဟောတု) ဟူသော သစ္စာပြုစာပိုဒ်ကို သုံးကြိမ်ရွတ်ဆိုလျှင် သစ္စာပါရမီသဘောလည်း ပါဝင်သွားသဖြင့် ပိုမို၍ အကျိုးရှိနိုင်ပါသည်။

## ဓမ္မစက်နှင့် အာဏာစက်

ဘုရားဟော ပိဋကတ်တော်များ၌ ဓမ္မစက်၊ အာဏာစက် နှစ်မျိုးလုံးနှင့် သက်ဆိုင်သော ဟောကြားချက်များ ပါရှိ၏၊ အထူးအားဖြင့် ကမ္မဝါစာနှင့် ပရိတ်တော်များသည် အာဏာစက်နှင့်လည်း သက်ဆိုင်သော ဟောကြားချက်များ ဖြစ်၏။ ယင်းတို့မှတပါး အာဏာစက်အဖြစ်ဖြင့် ရွတ်ဆိုနိုင်သည့် အခြားပါဠိတော်များလည်း ရှိသေး၏၊ ဤအခန်း၌ ယင်းတို့အနက်မှ အချို့ကိုသာ ရွေးချယ်ဖော်ပြထားခြင်း ဖြစ်၏။ ထိုကဲ့သို့သော ပါဠိဂါထာတော်များကို ရွတ်ဆိုခြင်းဖြင့် ဖြစ်ပေါ်နေဆဲ ဘေးအန္တရာယ်နှင့် ရောဂါဘယများ ကင်းပျောက်သွားပြီး မဖြစ်သေးသော ဘေးအန္တရာယ်နှင့် ရောဂါဘယများကိုလည်း ကာကွယ်တားဆီး နိုင်မည် ဖြစ်ပေသည်။

### အနေကဇာတိ သံသာရံ ဂါထာ

ဤဂါထာမှာ ဘုရားရှင်သည် မာရ်ငါးပါးကို အောင်မြင်၍ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ရှေးဦးစွာ စိတ်တော်ဖြင့် ဆင်ခြင်ကျူးရင့်အပ်သော ဂါထာဖြစ်၏၊ ဤဂါထာတော်ကို "ဧတေန သစ္စဝဇ္ဇေန" စသော သစ္စာပြု စာပိုဒ်နှင့် တကွ ရွတ်ဆိုလျှင် ဘေးရန်အန္တရာယ်တို့မှ လွတ်မြောက်စေနိုင်ပါသည်။

ပါဠိ

၁။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ,မဇ္ဈဂါ။

**အထူးမှတ်ချက်** ။ အန္တရာယ်ကင်း ပါဠိနှင့် ဂါထာများကို ရွတ်ဆိုရာ၌ ပုဒ်ပါဠိ အက္ခရာ မှန်ကန်ပီသအောင် ရွတ်ဆိုတတ်ဖို့ အရေးကြီး၏၊ အနက်အဓိပ္ပာယ်များကို အရကျက်၍ မရွတ်ဆိုနိုင်စေကာမူ အသင့်အတင့် နားလည်ထားသင့်၏၊ သင်တန်းထဲ၌ ဆရာပြောပြသည်ကို မှတ်သားခြင်းဖြင့် လည်းကောင်း မိမိဖာသာလေ့လာ ဖတ်ရှုခြင်းဖြင့် လည်းကောင်း အနက် အဓိပ္ပာယ်များကို အသင့်အတင့် နားလည်အောင် အားထုတ်ကြပါလေ။

## ပဋိစ္စသမုပ္ပါဒ် ပါဠိ

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရရှိပြီးနောက် ဗောဓိပင်ရင်း၌ ထိုင်နေတော်မူလျက် ပဋိစ္စသမုပ္ပါဒ်ကို

ခုနစ်ရက်ပတ်လုံး ဆင်ခြင်နှလုံးသွင်း နေတော်မူခဲ့၏။ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဝိဇ္ဇာစသော အကြောင်းတရားများကို စွဲ၍ သင်္ခါရစသော အကျိုးတရားများ ဖြစ်ပေါ်နေပုံဖြစ်၏။ ၎င်းသည် အနုလုံနည်းနှင့် ပဋိလုံနည်းဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင် အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားများ ရပုံကို ပြသောနည်းသည် အနုလုံမည်၏၊ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရားများချုပ်ပုံကို ပြသောနည်းသည် ပဋိလုံမည်၏။

ဘုရားရှင်သည် ဗောဓိပင်ရင်း၌ အနုလုံအားဖြင့်လည်းကောင်း၊ ပဋိလုံအားဖြင်လည်းကောင်း၊ အနုလုံ ပဋိလုံ အစုန်အဆန်အားဖြင့်လည်းကောင်း၊ ဆင်ခြင်တော်မူခဲ့၏။ တစ်မျိုး စီကို ဆင်ခြင်အပြီးတွင် ဥဒါန်းဂါထာတစ်ပုဒ်စီကို လည်း ကျူးရင့်တော်မူခဲ့၏။ ဤသို့ ဘုရားဖြစ်စတွင် ဘုရားရှင် ဆင်ခြင်ကျူးရင့်အပ်သော ပါဠိများကို သစ္စာပြုစာပိုဒ်နှင့်တကွ ရွတ်ဆိုခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းခြင်း စသောအကျိုး ကျေးဇူးများ မလွဲကေန် ရရှိနိုင်မည်ဟု ယုံကြည် အပ်ပေသည်။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊

ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊

ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ဥဒါန်းဂါထာ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံ

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊

သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဥဒါန်းဂါထာ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊

ဝိညာဏပစ္စယာ နာမရူပံ၊

နာမရူပပစ္စယာ သဠာယတနံ၊

သဠာယတနပစ္စယာ ဖဿော၊

ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာပစ္စယာ တဏှာ၊

တဏှာပစ္စယာ ဥပါဒါနံ

ဥပါဒါနပစ္စယာ ဘဝေါ၊

ဘဝပစ္စယာ ဇာတိ၊

ဇာတိပစ္စယာ ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊

သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊

ဝိညာဏနိရောဓာ နာမရူပနိရောဓော၊

နာမရူပနိရောဓာ သဠာယတနနိရောဓော၊

သဠာယတနနိရောဓာ ဖဿနိရောဓော၊

ဖဿနိရောဓာ ဝေဒနာနိရောဓော၊

ဝေဒနာနိရောဓာ တဏှာနိရောဓော၊

တဏှာနိရောဓာ ဥပါဒါနနိရောဓော၊

ဥပါဒါနနိရောဓာ ဘဝနိရောဓော၊

ဘဝနိရောဓာ ဇာတိနိရောဓော၊

ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဥဒါန်းဂါထာ

ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ, မန္တလိက္ခံ။

## ပဌာန်းပစ္စယုဒ္ဒေသ ပါဠိ

ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် စတုတ္ထမြောက် သတ္တာဟတွင် ဗောဓိပင်အနီး ရတနာဃရစံအိမ်၌ နေတော်မူလျက် အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူခဲ့၏။ အဘိဓမ္မာခုနစ်ကျမ်းတွင် ရှေ့ခြောက်ကျမ်းကို ဆင်ခြင်ရာ၌ ထူးခြားခြင်းမရှိခဲ့ဘဲ နောက်ဆုံးဖြစ်သော ပဌာန်းကျမ်းကြီးကို ဆင်ခြင်သောအခါတွင်မူ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ထွက်ပေါ်ကွန့်မြူးခဲ့သည်၊ ပဌာန်းကျမ်းကြီးကား လွန်စွာ နက်နဲကျယ်ဝန်း၏၊ ထိုနက်နဲကျယ်ဝန်းလှသော ပဌာန်းကျမ်းကြီး၏ မာတိကာဖြစ်သည့် ပစ္စယုဒ္ဒေသခေါ် ပဌာန်း(၂၄)ပစ္စည်းပါဠိကိုလည်း ဗုဒ္ဓဘာသာဝင်တို့ ကြည်ညိုစွာ ရွတ်ဆိုနိုင်ကြစေရန် အောက်တွင် ဖော်ပြလိုက်ပါသည်။

## ပဋ္ဌာန ပစ္စယုဒ္ဒေသ ပါဠိ

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိပစ္စယော
အနန္တရပစ္စယော
သမနန္တရပစ္စယော
သဟဇာတပစ္စယော
အညမညပစ္စယော
နိဿယပစ္စယော
ဥပနိဿယပစ္စယော
ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော
အာသေဝနပစ္စယော
ကမ္မပစ္စယော
ဝိပါကပစ္စယော
အာဟာရပစ္စယော
ဣန္ဒြိယပစ္စယော
ဈာနပစ္စယော
မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယော တိ။

## နာဠာဂိရိဂါထာ

တာဝတိံသာနတ်ပြည်မှ သုဗြဟ္မမည်သော နတ်သားသည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီးတစ်ထောင်နှင့်အတူ ပျော်ပါးနေစဉ် နတ်သမီးငါးရာ ရုတ်တရက် စုတေ၍ ငရဲသို့ကျသွားသည်ကို မြင်ရသည်၊ သူကိုယ်တိုင်လည်း နောင်ခုနစ်ရက်ကြာလျှင် ထိုနတ်သမီးများနည်းတူ ဖြစ်မည်ကို မြင်၍ ထိတ်လန့်ပြီး ဘုရားရှင်ထံသွားသည် ဘုရားရှင်ဟောကြားသော နာဠာဂိရိဂါထာကို ကြားနာရ၍ သောတာပန် ဖြစ်သွားပြီး သေဘေးမှ လွတ်မြောက်ခဲ့လေသည်။ ဤဂါထာကို သစ္စာပြုပုံနှင့်တကွ ရွတ်ဆိုလျှင် ဥပစ္ဆေဒကကံဖြင့် သေခြင်း၊ ဘေးဒုက္ခကျရောက်ခြင်းတို့မှ လွတ်မြောက်နိုင်ပါသည်။

### ဂါထာ

နာဠာဂိရိ ဇောဇ္ဈာတပသာ၊ နာဠာဂိရိန္ဒြိယသံဝရာ။
နာဠာဂိရိသဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

## ဘဝေ ဝါဟံ ဘယံ ဒိသွာ ဂါထာ

အခါတပါး၌ ဘုရားရှင်သည် ဗြဟ္မာ့ပြည်သို့ ကြွရောက်၍ အယူမှားနေသော ဗကဗြဟ္မာကြီးကိုဆုံးမသည်။ ဗကဗြဟ္မာကြီးက မိမိတန်ခိုးကြီးကြောင်း ပြသလိုသဖြင့်

မိမိကိုယ်ကို ကွယ်ဖျောက်ထားရန် အားထုတ်သည်။ သို့သော် ဘုရားရှင်၏ တန်ခိုးကြောင့် ကွယ်ဖျောက်ရန် မစွမ်းနိုင်ချေ၊ ဘုရားရှင်ကမူ မိမိကိုယ်တော်ကို ဗကဗြဟ္မာကြီးနှင့်တကွ အခြား ဗြဟ္မာပရိသတ်များ မမြင်နိုင်အောင် တန်ခိုးဖြင့် ကွယ်ဖျောက်ထားပြီး " ဘဝေ ဝါဟံ" ဂါထာကိုရွတ်ဆိုသည်၊ ဗြဟ္မာတို့သည် ဘုရားရှင်၏ ကိုယ်တော်ကို မမြင်ကြရဘဲ အသံတော်ကိုသာ ကြားကြရလေသည်။

ဤဂါထာကိုမိမိအား ရန်သူများ မတွေ့မြင်နိုင်စေရန် အကာအကွယ်အဖြစ်ဖြင့် ရွတ်ဆိုလေ့ရှိကြ၏။

**ဂါထာ**

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

## အဋ္ဌာနမေတံ ပါဠိ

အဋ္ဌာန မေတံ-စသော ပါဠိသည် ဒေဝဒတ်က ဘုရားရှင်အား သတ်ဖြတ်ရန် အားထုတ်ရာ၌ မိမိအသက်ကို သူတစ်ပါးတို့က လုပ်ကြံသတ်ဖြတ်ခြင်း မပြုနိုင်ကြောင်း မိန့်ကြားသော ပါဠိဖြစ်၏။ မိမိတို့၏ အသက်အန္တရာယ်ကို ကာကွယ်ရန် ဤပါဠိကို ရွတ်ဆိုလေ့ရှိကြ၏။

ပါဠိ

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူ-ပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

## ဒိဝါ တပတိ ဂါထာ

ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေစဉ် တစ်ညနေ၌ ပရိသတ်တို့အား တရားဟော နေတော်မူ၏။ တရားနာ ပရိသတ်ထဲ၌ ပသေနဒီကောသလ မင်းကြီးသည်လည်း မင်းဝတ်တန်းဆာများ ဝတ်ဆင်လျက် တရားနာနေ၏၊ ကာဠုဒါယီမထေရ်က ဘုရားရှင်အနီး၌ ဈာန်ဝင်စားနေ၏၊ ထိုအချိန်တွင် အနောက်ဘက်၌ နေလုံးကြီးက ဝင်စပြုနေပြီး အရှေ့ဘက်၌လည်း လဝန်းကြီး ထွက်စပြုနေသည်၊ ထိုပတ်ဝန်းကျင်ကို ကြည့်ရှု၍ ရှင် အာနန္ဒာက ဘုရားရှင်၏ တင့်တယ်တော်မူပုံကို ချီးကျူး လျှောက်ထားရာ ဘုရားရှင်က ဤဂါထာကို မြွက်ကြားတော် မူလေသည်။ ဤဂါထာကို ကျက်သရေမင်္ဂလာ တိုးတက် စေနိုင်သည့် သဗ္ဗမင်္ဂလာ ဂါထာဟု ခေါ်ဆိုကြပါသည်။

ဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ။

သန္တုဒ္ဒေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

## ဇယန္တော ဗောဓိယာ မူလေ ဂါထာ

ဂေါတမ မြတ်စွာဘုရားသည် ခပ်သိမ်းသော ဘုရားရှင်တို့ ဘုရားအဖြစ်သို့ရောက်ရာ မြတ်သောမြေပေါ်၌ တည်ရှိသည့် ဗောဓိပင်ရင်း၌ မာရ်ငါးပါးကို အောင်မြင်၍ ဘုရားဖြစ်တော်မူခဲ့ကြောင်း ဖွဲ့ဆိုထားသော ဂါထာဖြစ်၏၊ ပရိတ်ကြီး ပုဗ္ဗဏှသုတ်၌လည်း ဤဂါထာပါရှိ၏၊ အရာရာ၌ အောင်မြင်မှုရရှိရန် ဤဂါထာကို ရွတ်ဆိုလေ့ရှိကြ၏။

**ဂါထာများ**

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

အပရာဇိတပလ္လင်္ကေ၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။

## နမော တေ ဂါထာ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် တစ်ညတွင် 'လ'ကို ရာဟုခေါ် အသူရိန် နတ်ကြီးက ဖမ်းထားသည်၊ လနတ်သားက "နမော တေ" ဂါထာဖြင့် ဘုရားရှင်အား ရှိခိုးသည်၊ ဘုရားရှင်က "တထာဂတံ" ဂါထာဖြင့် အသူရိန်နတ်ကြီးအား 'လ'ကို လွှတ်ရန် မိန့်ကြားသည်။ ချက်ချင်းပင် 'လ'သည် အသူရိန်နတ်ကြီး၏ ခံတွင်းမှ လွတ်သွားလေသည်။ မိမိတို့ တွေ့ကြုံနေရသည့် အခက်အခဲ အကြပ်အတည်းများမှ လွတ်မြောက်နိုင်ရန် မျှော်လင့်တောင့်တလျက် ဤဂါထာ ၂-ပုဒ်ကို ရွတ်ဆိုလေ့ရှိကြ၏။

### ဂါထာ

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။

၂။ တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။

# အနန္တရာယိက လေးပါး ပါဠိ

ဘုရားရှင်အား လူနှင့်တကွ တန်ခိုးကြီးသော နတ်ဖြဟ္မာ စသည်တို့တွင် မည်သူကမျှ ဘေးအန္တရာယ်မပြုနိုင်သော အရာလေးပါးရှိကြောင်း ဖော်ပြသော ပါဠိကို "အနန္တရာယိကလေးပါး ပါဠိ"ဟု ခေါ်သည်၊ ဤပါဠိကိုလည်း ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရွတ်ဆိုလေ့ရှိကြပါသည်။

ပါဠိ

(၁) ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၂) ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န် သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၃) ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(၄) ဗုဒ္ဓါနံ ဒွတ္တိံသမဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

## အာဝေဏိက ဂုဏ်တော် ၁၈-ပါး

ပစ္စေကဗုဒ္ဓါ ရဟန္တာ စသော အခြားပုဂ္ဂိုလ်များမှာ မရှိနိုင်၊ မြတ်စွာဘုရားတို့မှာသာ ရှိနိုင်သော ဂုဏ်တော်များကို "အာဝေဏိက ဂုဏ်တော်များ"ဟု ခေါ်သည်၊ ဤဂုဏ်တော်များ၌ ဘုရားရှင်၏ သီလ, သမာဓိ, ပညာကြီးမြတ်ပုံ၊ တည်ငြိမ်သော ဣန္ဒြေနှင့် ပြည့်စုံတော်မူပုံများကို ကြည်ညိုဖွယ်ရာ တွေ့ရှိနိုင်ပါသည်။ ဤဂုဏ်တော်များကို ရွတ်ဆိုခြင်းသည်လည်း ကြီးမားသော အကျိုးကို ဖြစ်စေနိုင်ပါသည်။

ပါဠိ

(၁) အတီတံ သေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

(၂) အနာဂတံ သေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

(၃) ပစ္စုပ္ပန္နံ သေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော -

(၄) သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၅) သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

(၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော –
(၇) နတ္ထိ ဆန္ဒဿ ဟာနိ၊
(၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
(၉) နတ္ထိ ဝီရိယဿ ဟာနိ၊
(၁၀) နတ္ထိ သမာဓိဿ ဟာနိ၊
(၁၁) နတ္ထိ ပညာယ ဟာနိ၊
(၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ၊
ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော –
(၁၃) နတ္ထိ ဒဝါ၊
(၁၃) နတ္ထိ ရဝါ၊
(၁၃) နတ္ထိ အဖုဋ္ဋံ၊
(၁၃) နတ္ထိ ဝေဂါယိတတ္တံ၊
(၁၃) နတ္ထိ အဗျာဝဋမနော၊
(၁၃) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊
ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာ -
သမ္ဗုဒ္ဓါနံ။

# အခန်း (၁၀)

## မြတ်ဗုဒ္ဓသာသနာတော် ပြန့်ပွားဆင်းသက်လာပုံ သမိုင်း

### ပိဋကတ်နိကာယ် သိမှတ်ဖွယ်

မြတ်စွာဘုရား၏ အဆုံးအမ တရားတော်များသည်

၁။ ပရိယတ္တိသာသနာ

၂။ ပဋိပတ္တိသာသနာ

၃။ ပဋိဝေဓသာသနာဟူ၍ သုံးပါးရှိ၏။

### ပရိယတ္တိသာသနာ

**ပိဋကသုံးပုံ** – ဝိနယ၊ သုတ္တန္တ၊ အဘိဓမ္မ–ဟူ၍ သုံးပုံရှိ၏။

**နိကာယငါးမျိုး** – ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒက–ဟူ၍ ငါးမျိုးရှိ၏။

(နိကာယ်ငါးရပ်၊ ပိဋကသုံးဖြာ၊ သာသနာ)

## မြန်မာနိုင်ငံသို့ ထေရဝါဒဗုဒ္ဓသာသနာတော် ရောက်ရှိ ထွန်းကား ပြန့်ပွားလာပုံ

ခရစ်မပေါ်မီ ခြောက်ရာစုနှစ်လောက်တွင် အိန္ဒိယ နိုင်ငံတွင် ပဉ္စာလမင်းနှင့် သာကီဝင်မင်းတို့ စစ်တိုက် ကြသည်၊ စစ်ရှုံးသော အဘိရာဇာ သာကီဝင်မင်းသည် ကပိလဝတ်ပြည်မှ မြန်မာနိုင်ငံ တကောင်းပြည်သို့ ထွက်ခွာ လာသည်၊ ရှေးဦးတိဗက်မြန်မာလူမျိုးများနှင့် ပေါင်းစု နေထိုင်ခဲ့ကြသည်၊ သင်္ကဿနဂရဟု တကောင်းပြည်ကို သမုတ်တည်ထောင်ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀–ကျော်က မဇ္ဈိမ ဒေသတွင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခဲ့သည်၊ ၄၅– နှစ်ပတ်လုံး ဓမ္မတရားတော်များကို ဟောကြားခဲ့သည်၊ တပည့်သာဝက ရဟန္တာများ အဆက်ဆက် သာသနာ ပြုခဲ့ကြသဖြင့် မြတ်ဗုဒ္ဓသာသနာတော်သည် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့ကာ မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာခဲ့သည်။

ပုဂံခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်၊ မြန်မာ့ အမျိုးသားယဉ်ကျေးမှုကြီးဖြစ်လာကာ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံးတို့ကို စည်းလုံးညီညွတ်စေခဲ့သည်၊ အမျိုးဘာသာသာသနာ စိတ်ဓာတ်အားမာန်ကို ပြုစုပျိုးထောင် ပေးခဲ့သည်။ မြန်မာတိုင်းရင်းသားတို့၏ အကျိုးစီးပွားကို အမြဲဆောင်ရွက်ပေးခဲ့သည်။

## ဘုရားမပွင့်မီကာလ မြန်မာပြည်အခြေအနေ

တကောင်းခေတ်တွင် မြန်မာနိုင်ငံ၌ ပျူလူမျိုး၊ ကမ်းယံလူမျိုး၊ သက်လူမျိုး၊ မွန်လူမျိုးများ နေထိုင်လျက်ရှိကြသည်။

အထက်ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တကောင်းပြည် ရှိသည်၊ အနောက်ပိုင်း ရခိုင်ပြည် မြောက်ဘက်ဒေသတွင် ဝေသာလီပြည်ရှိသည်။

တောင်ဘက်ပင်လယ်ကမ်းခြေ ဒေသတွင် သုဝဏ္ဏဘူမိနှင့် သုဓမ္မပူရခေါ် သထုံပြည်တည်ရှိသည်။

ပြည်မြို့အရှေ့ဘက် မော်ဇာရွာအရပ်၌ သရေခေတ္တရာပြည်၊ အလယ်ပိုင်းတွင် ဗိဿနိုး၊ ပြည်၊ ဟန်လင်း၊ ပျူနိုင်ငံများ ရှိသည်။

အိန္ဒိယပြည်နှင့် ပတ်ကွိုင်တောင်ကြားလမ်း၊ ဟူးကောင်း တောင်ကြားလမ်းတို့ဖြင့် ဆက်သွယ်သွားလာကြသည်။

တရုတ်ပိုးချည်လမ်းမကြီးဖြင့်လည်း အိန္ဒိယပြည်၊ တရုတ်ပြည်တို့နှင့် ဆက်သွယ်ခဲ့သည်။

မြို့၊ မြစ်၊ တောင် စသည်တို့၏ အမည်များကို ပါဠိဘာသာ သက္ကတဘာသာများဖြင့် မှည့်ခေါ်ခဲ့ကြသည်။ သရေခေတ္တရာမြို့၊ ဧရာဝတီမြစ်၊ ကေလာသတောင် စသည်ဖြင့် ခေါ်ကြသည်။

## သုဝဏ္ဏဘူမိနိုင်ငံ

ခရစ်မပေါ်မီ ၁၇–ရာစုနှစ်များတွင် မွန်ခမာနွယ် လူမျိုးတို့သည် သုဝဏ္ဏဘူမိနိုင်ငံကို တည်ထောင် နေထိုင်ခဲ့ကြသည်။ ရာမညတိုင်းကြီးအဖြစ် ပုသိမ်၊ ဒလ၊ မုတ္တမဟူ၍ သုံးပိုင်းခွဲကာ အုပ်ချုပ်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် ကုန်သွယ်ရေးဖြင့် ကြွယ်ဝချမ်းသာသော ရွှေနိုင်ငံကြီး ဖြစ်လာသည်။ တောင်ပိုင်းအိန္ဒိယမှ တိလင်္ဂဏာ လူမျိုးတို့ ရောက်လာကြကာ ဒဂုံ=ဥက္ကလာဒေသကို ထူထောင် နေထိုင်ကြသည်။ အိန္ဒိယနိုင်ငံနှင့် ရေလမ်း ကုန်းလမ်း ဆက်သွယ်၍ ကုန်ကူးသန်းရောင်းဝယ်မှု ပြုကြသည်။

## ဝေသာလီနိုင်ငံ

ရခိုင်ပြည်မြောက်ပိုင်းတွင် ခရစ်မပေါ်မီ (၂၆၆၆)နှစ်လောက်က မာရယုမင်းသည် ဓညဝတီနိုင်ငံ၊ ဝေသာလီ မြို့ပြနိုင်ငံကို တည်တောင်ခဲ့ကြသည်။

မြတ်စွာဘုရား ပွင့်တော်မမူမီ မြန်မာနိုင်ငံတွင် တကောင်းပြည်၊ သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ၊ ဝေသာလီပြည် စသော မြို့ပြနိုင်ငံများ စည်ကားပေါ်ထွန်းနေကြပြီ ဖြစ်သည်။

## ဘုရားပွင့်တော်မူခါစအချိန် ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ ရောက်လာပုံ

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၉–ရက်ကြာသောအခါ လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်

မှုသည်။ ထိုအခါ ဥက္ကလာတိုင်းမှ တပုဿနှင့်ဘလ္လိက ကုန်သည်တို့သည် မဇ္ဈိမဒေသသို့ လှည်းများဖြင့် ရောက်လာကြသည်။

**ဦးငါးဦး**

(၁) မြတ်စွာဘုရားအား ပထမဆုံးဖူးတွေ့ကြရသည်။
(၂) ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်ဆွမ်းဦးကို လှူကြသည်။
(၃) ဘုရားထံမှာ ဒွေဝါစိကသရဏဂုံ ဦးစွာ ဆောက်တည်ခဲ့ကြသည်။
(၄) ဘုရားက ဆံတော်ရှင်ဓာတ်တော်များကို ပထမဆုံး ချီးမြှင့်တော်မူသည်။
(၅) ဒဂုံမြို့ သိင်္ဂုတ္တရကုန်းတော်ထက်တွင် ရွှေတိဂုံစေတီ အဖြစ် ဌာပနာသွင်းကာ တည်ထားကိုးကွယ်ခဲ့ကြသည်။

ထို့နောက် အရှင်ပုဏ္ဏ၊ အရှင်ဂဝမ္ပတိတို့က ပင့်သဖြင့် မြတ်စွာဘုရားသည် မြန်မာနိုင်ငံသို့ ဒေသစာရီကြွခဲ့ဖူးသည်။

ထို့ပြင် ဝိဋ္ဋူဘမင်းသား စစ်တိုက်သောကြောင့် ကပိလဝတ်ပြည်မှ ဓဇရာဇာသာကီဝင်မင်းသည် တကောင်းပြည်သို့ တိမ်းရှောင်လာသည်။ နာဂဆိန်မိဖုရားကြီးနှင့် စုံဖက်ကာ တကောင်းပြည်၌ သာသနာပြုမင်းအဖြစ် စိုးစံခဲ့သည်။

## ပထမသင်္ဂါယနာတင်ခေတ်

မြတ်စွာဘုရား ကာသိတိုင်း ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံတော်မူသော မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅–ရက်မှစ၍ ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသင်္ဂါယနာတင်သည်။ အဇာတသတ်မင်းက ထောက်ပံ့လှူဒါန်း၍ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာ ငါးရာ သင်္ဂါယနာတင်ကြသည်။ မြတ်ဗုဒ္ဓသာသနာတော် (၁)နှစ်ဟု စတင်ရေတွက်သည်။ မြန်မာနိုင်ငံ တကောင်းပြည်တွင် ဓမ္မဒီပဓဇမင်း အုပ်စိုးလျက်သာသနာပြုနေစဉ် ဖြစ်သည်။

## ဒုတိယသင်္ဂါယနာခေတ်

ဗုဒ္ဓသာသနာတော်နှစ် (၁၀၀)တွင်၊ မဇ္ဈိမဒေသ၌ ကာလာသောကမင်းက ထောက်ပံ့သဖြင့် အရှင်ယသ၊ အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတနှင့် ရဟန္တာခုနစ်ရာကြီးမှူး၍ ဒုတိယသင်္ဂါယနာတင်ကြသည်။ ဝေသာလီပြည်–ဝါလိကာရုံကျောင်းတော်၌ကျင်းပသည်။ ဝိနည်းသိက္ခာပုဒ် ဆယ်မျိုးကိုလွန်ကျူးလျက် ရွှေငွေအလှူခံသော ဝဇ္ဇီတိုင်းသားရဟန်းဆိုးများအား အဓမ္မဝါဒီအဖြစ် ဆုံးဖြတ်ကြသည်။ ထိုအခါက မြန်မာနိုင်ငံ သရေခေတ္တရာပြည်တွင် ဒွတ္တပေါင်မင်း အုပ်စိုးသာသနာပြုနေစဉ်ဖြစ်သည်။

ထို့နောက် တရားရှုံးသော အစမ္ပဝါဒီများသည် ကောသမ္ဗီအရပ်တွင် စင်ပြိုင် မဟာသံဃိက သင်္ဂါယနာ တင်ကြသည်။ ဂိုဏ်းများ (၁၈)ဂိုဏ်း ကွဲပြားကာ မဟာယာန ဂိုဏ်းများဖြစ်ပေါ်လာသည်။

## ဗိဿနိုးမြို့နှင့် ဗုဒ္ဓသာသနာတော်

ပျူလူမျိုးတို့သည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ တို့တွင် မြို့ပြတည်ထောင်ကာ ပျူမင်း (၁၃၉၃)ပါး ဆက်လက်စိုးစံခဲ့သည်။ ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည်။ အိန္ဒိယတောင်ပိုင်းနှင့် ဆက်ဆံမှုရှိခဲ့သည်။ ပျူစာ အက္ခရာများ ရေးသားထားခဲ့ကြသည်။

## သရေခေတ္တရာပြည်နှင့် ဗုဒ္ဓသာသနာတော်

သရေခေတ္တရာပြည်ကို သာသနာတော် ၁၀၁-ခုနှစ် တွင် တည်ခဲ့သည်။ ဒွတ္တပေါင်မင်းလက်ထက် ရဟန္တာ သုံးထောင်ခန့် သာသနာပြုနေကြသည်။ ပေါပေါ၊ ညည်း ညည်း၊ စည်းစည်း၊ လျှောလျှော၊ သောကြမ္မာ၊ မြင်းကဗာ၊ မြသီတင်၊ ဘုရားတောင်၊ ဆုတောင်းပြည့်၊ ပုထိုးကြီးစသော စေတီ ၁၁-ဆူ တည်ထားကိုးကွယ်ခဲ့ကြသည်။

သုဝဏ္ဏမာလာမင်းသမီးသည် သုမေ္မာထေရီဘွဲ့ဖြင့် ဘိက္ခုနီမဝတ်သည်။ ရဟန်းမိန်းမ တစ်ထောင်ကျော်ရှိခဲ့သည်။

## ဟန်လင်းပြည်နှင့် ဗုဒ္ဓသာသနာတော်

ပျူလူမျိုးတို့သည် ဟန်လင်းပြည်ကိုလည်း တည်ထောင်ခဲ့ကြသည်။ သာသနာတော်ထွန်းကား၍ ယောကျာ်းရော မိန်းမပါ ရဟန်းဝတ်ကြသဖြင့် ဘိက္ခုနှင့် ဘိက္ခုနီများရှိခဲ့ကြသည်။

## တတိယသင်္ဂါယနာခေတ်

မြတ်ဗုဒ္ဓသာသနာတော် ၂၃၅–ခုနှစ်တွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းစိုးစံသည်၊ အယူဝါဒများသောတိတ္ထိရဟန်းတု ရဟန်းယောင်များကြောင့် ဘုရင်မင်းမြတ်အမိန့်ဖြင့် သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်သည်၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ကထာဝတ္ထုအဘိဓမ္မာကျမ်းကို ပြုစု၍ ရဟန္တာ ၁ထောင်တို့က ပါဋလိပုတ်ပြည်အသောကာရုံကျောင်းတော်၌ တတိယသင်္ဂါယနာ တင်ကြသည်။

မြန်မာနိုင်ငံ သရေခေတ္တရာပြည်၌ ရန်ပေါင်မင်းအုပ်စိုးနေစဉ်ကာလဖြစ်သည်။

တတိယသင်္ဂါယနာပွဲပြီးသောအခါ ကိုးတိုင်းကိုးဌာနသို့ ဗုဒ္ဓသာသနာပြုစေလွှတ်ခဲ့ကြသည်။ ကမ္ဘာအရပ်ရပ်သို့လည်း မြတ်ဗုဒ္ဓသာသနာတော် ပြန့်ပွားလာခဲ့သည်။

## ကမ္ဘာအရပ်ရပ်သို့ သာသနာတော်ပြန့်ပွားခြင်း

(၁) မဇ္ဈန္တိကမထေရ်အမှူးရှိသော သာသနာပြုများသည် ကသ္မီရဂန္ဓာရ အရပ်သို့ ရောက်ခဲ့ကြသည်။

(၂) မဟာရေဝတအမှူးရှိသော သာသနာပြုများသည် မဟိံသကမဏ္ဍလ အရပ်သို့ ရောက်ခဲ့ကြသည်။

(၃) ရက္ခိတမထေရ်အမှူးရှိသော သာသနာပြုများသည် ဒက္ခိဏာပထ–ဝနဝါသီ အရပ်သို့ ရောက်ခဲ့ကြသည်။

(၄) အရှင်ယောနက ဓမ္မရက္ခိတအမှူးရှိသော သာသနာပြုများသည် အပရန္တ တိုင်းသို့ ရောက်ခဲ့ကြသည်။

(၅) အရှင်မဟာဓမ္မရက္ခိတအမှူးရှိသော သာသနာပြုများသည် မဟာရဋ္ဌတိုင်းသို့ ရောက်ခဲ့ကြသည်။

(၆) အရှင်မဟာရက္ခိတအမှူးရှိသော သာသနာပြုများသည် ယောနကတိုင်း ခေါ်မတိုင်းသို့ ရောက်ခဲ့ကြသည်။

(၇) အရှင်မဇ္ဈိမအမှူးရှိသော သာသနာပြုများသည် ဟိမဝန္တာအရပ်သို့ ရောက်ခဲ့ကြသည်။

(၈) အရှင်မဟိန္ဒမထေရ်အမှူးရှိသော သာသနာပြုများသည် တမ္ဗပဏ္ဏိ–သီဟိုဠ်ကျွန်းသို့ ရောက်ခဲ့ကြသည်။

(၉) အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်များ အမှူးရှိသော သာသနာ ပြုများသည် သုဝဏ္ဏဘူမိ–ရာမညတိုင်းသို့ ရောက်ခဲ့ကြသည်။ သာသနာတော် (၂၃၅) ခုနှစ်တွင် ရဟန္တာ သံဃာငါးပါးစီဖွဲ့ထားသော သာသနာပြုအဖွဲ့ အသီးသီးသည်၊ ကိုးတိုင်းကိုးဌာနသို့ ပြန့်နှံ့ရောက်ရှိခဲ့ကြသည်။

## မြန်မာနိုင်ငံသုဝဏ္ဏဘူမိသို့ သာသနာတော်ရောက်ခြင်း

မြန်မာနိုင်ငံသို့ ထေရဝါဒဗုဒ္ဓသာသနာတော်သည် သာသနာတော် (၂၃၅)ခုနှစ်တွင် ရောက်ရှိလာသည်။ သာသနာပြု ရဟန္တာပုဂ္ဂိုလ်များမှာ အရှင်သောဏ၊ အရှင်ဥတ္တရ၊ အရှင်အနုရုဒ္ဓ၊ အရှင်တိဿဂုတ္တနှင့် အရှင်သောဏေယျတို့ဖြစ်ကြသည်။ သုဓမ္မပုရအမည်ရှိသော သထုံပြည်တွင် သီရိဓမ္မာသောကမင်းအုပ်စိုးသောအခါဖြစ်သည်။

## စတုတ္ထသင်္ဂါယနာ

ဗုဒ္ဓသာသနာတော် (၄၅၀) ခုနှစ်တွင် လင်္ကာဒီပ–သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်းလက်ထက် အရှင်ရက္ခိတမထေရ်အမှူးရှိသော သံဃာတော်များသည် ပိဋကတ်တော်များကို ပေရွက်ပေါ်၌ရေးကာ ပေထက်အက္ခရာတင်ကြ၍ စတုတ္ထသင်္ဂါယနာကို အာလောကလိုဏ်ဂူ၌ တင်တော်မူကြသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်သည် သီဟိုဠ်မှ မြန်မာနိုင်ငံ ရာမညတိုင်းသို့ ပြန့်နှံ့ရောက်ရှိကာ ထွန်းကားခဲ့သည်။ ပေစာ ပိဋကတ်တော်များ မြန်မာနိုင်ငံသို့ ရောက်ရှိပြန့်ပွားလာခဲ့သည်။

## ပုဂံခေတ်သာသနာ

အရိမဒ္ဒနပူရခေါ် ပေါက္ကာရာမ အမည်ရသော ပုဂံမြို့တော်ကို တည်ထောင်ကာ မြန်မာမင်းများအုပ်စိုးခဲ့ကြသည်။ သာသနာတော်(၁၅၆၀)ခုနှစ် နန်းတက်သော အနော်ရထာမင်းကြီးလက်ထက်တိုင် မဟာယာနဗုဒ္ဓသာသနာသည် ထိုအရပ်ဒေသများတွင် အခြေစိုက် အမြစ်တွယ်ကာ ကြီးပွားထွန်းကားခဲ့သည်။

သာသနာတော် (၁၆၀၁)ခုနှစ်တွင် သထုံပြည်မှ အရှင်ဓမ္မဒဿီဘွဲ့ရသော ရှင်အရဟံ၏အကူအညီဖြင့် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်စာပေ အစုံသုံးဆယ်နှင့်တကွ သံဃာတော်များကို ပုဂံပြည်သို့ပင့်ဆောင် ကိုးကွယ်ခဲ့ရာမှ မြန်မာနိုင်ငံတော်တရပ်လုံး ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ခဲ့သည်။

ပုဂံမြို့တွင် ပိဋကတ်တိုက်ကြီးကို တည်ဆောက်ကာ သီဟိုဠ်မှပေစာ ပိဋကတ်များနှင့် သထုံပေစာ ပိဋကတ်များကို ညှိနှိုင်းကာ ပရိယတ္တိသာသနာကို ချီးမြှောက်ခဲ့လေသည်။ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ မင်းဆက်များနှင့်

တကွ ကုန်းဘောင်မင်းဆက်တိုင်အောင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကို ပြည်သူပြည်သား ရှင်လူရဟန်းများနှင့် တကွ ဘုရင်မင်းများ ကိုယ်တိုင် ချီးမြှောက်ထောက်ပံ့ကာ သာသနာပြုခဲ့ကြလေသည်။

(လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်း) (ဝါဝါဝင်းဝင်း ရေချိုးဆင်း)။

## ပဉ္စမသင်္ဂါယနာ

မြန်မာနိုင်ငံတွင် ကုန်းဘောင်မင်းဆက် စိုးစံနေသော အခါ မင်းတုန်းမင်းကြီးသည် သာသနာတော် ၂၃၉၆– ခုနှစ်တွင် ပဉ္စမသင်္ဂါယနာတင်ပွဲကို ထောက်ပံ့ဆောင်ရွက်ခဲ့ သည်။ သာသနာတော် ၂၄၀၄–ခုနှစ်တွင် ကျောက်ဖြူပြားများ ပေါ်၌ ပိဋကသုံးပုံ ပါဠိတော်အစုံအလင်ကို (၇၂၉) ချပ်ဖြင့် ထွင်းကာ ကျောက်ထက်အက္ခရာ တင်လေသည်။

အရှင်ဇာဂရာဘိဝံသအမှူးပြုသော သံဃာတော်(၂၄၀၀) တို့သည် အညီအညွတ် မန္တလေးခေါ် ရတနာ ပုဏ္ဏမြို့တော် တွင် ပဉ္စမသံဂါယနာ တင်တော်မူကြသည်။ မြန်မာနိုင်ငံတော် တွင် ထေရဝါဒဗုဒ္ဓသာသနာတော် အလွန်ထွန်းကား စည်ပင်သော အခါသမယဖြစ်ခဲ့သည်။ (အုပ်ကျစ်ကျော်အေး မန္တလေးတည်း)။

## ဆဋ္ဌသင်္ဂါယနာ

သာသနာတော် ၂၄၃၀–ခုနှစ် မြန်မာသက္ကရာဇ် ၁၂၄၇–ခုနှစ်၊ ခရစ် ၁၈၈၅–ခုနှစ်တွင် သီပေါမင်းပါတော်မူပြီး နောက် ကုန်းဘောင်မင်းဆက် ပျက်သုဉ်းခဲ့ရသည်။ နယ်ချဲ့ ဗြိတိသျှ ကိုလိုနီခေတ်တွင် ဗုဒ္ဓသာသနာတော် မှေးမှိန်ခဲ့ရ သည်။

သို့နှင့် သာသနာတော်၂၄၉၈–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၆–ခု၊ ခရစ် ၁၉၅၄–ခုနှစ်တွင် လွတ်လပ်ရေးရပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ထေရဝါဒဗုဒ္ဓသာသနာဝင် ငါးနိုင်ငံမှ သံဃာတော် ၂၅၀၀ တို့သည် အညီအညွတ် စုဝေးရောက်လာကြကာ ဆဋ္ဌသင်္ဂါယနာတင်ကြသည်၊ ဆဋ္ဌမူပိဋကတ်တော်များကို လည်း စက်တင်ပုံနှိပ်ခဲ့သည်။ ကမ္ဘာအရပ်ရပ်သို့လည်း ထေရဝါဒ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များကို စေလွှတ်၍ သာသနာပြုခဲ့ကြလေသည်။

ထိုစဉ်က ဗုဒ္ဓသာသနာတော်နှစ် ၂၅၀၀–ပြည့် ဗုဒ္ဓဇယန္တီပွဲတော်ကိုလည်း ဆင်နွှဲခဲ့ကြသည်။

## မျက်မှောက်ခေတ် ဗုဒ္ဓသာသနာတော်

လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒ

ဗုဒ္ဓသာသနာတော် အထွန်းကားဆုံး အသန့်ရှင်းဆုံး အခိုင်ခန့်ဆုံး နိုင်ငံတော်အဖြစ် တည်ရှိနေပေသည်။

ခရစ် ၁၉၈၀–ပြည့်နှစ် မေလတွင် ဂိုဏ်းပေါင်းစုံ သံဃာတော်များသည် တညီတညွတ်တည်း စည်းလုံးပေါင်းရုံးကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကြသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သံဃာတော်များ၊ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်သံဃာတော်များ၊ ခရိုင်မြို့နယ် ကျေးရွာ ရပ်ကွက်ဝန်ဆောင်သံဃာတော်များ ဟူ၍ အဆင့်ဆင့် စနစ်တကျ သံဃာတော်အဖွဲ့များကိုဖွဲ့စည်းကာ ပရိယတ္တိ သာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာတော် သုံးရပ် ကို သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူလျက်ရှိပါသည်။ တိုင်းသားပြည်သူ ရှင်လူရဟန်းအပေါင်းကလည်း ဝမ်းပန်းတသာ ကြည်နူးရွှင်ပျစွာ အားတက်သရော သာသနာပြုလုပ်ငန်းများတွင် ပါဝင်ပံ့ပိုး ထောက်ပံ့ကူညီလျက် ရှိကြပါသည်။

ပြည်တွင်းပြည်ပ နှစ်ဌာနတွင် မြတ်ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရကလည်း အထူးအရေးထား ဆောင်ရွက်လျက်ရှိပေသည်။ စေတီ ဘုရား၊ လမ်း တံတားနှင့်၊ ကန္နား၊ ဂူကျောင်း၊ တန်ဆောင်း ပြာသာဒ်၊ ဇရပ်၊ သိမ်၊ ကန်၊ အာရာမ်တံတိုင်း၊ ပန်းဆိုင်း တံခွန်တိုင် စသော သာသနိက အဆောက်အအုံ ဟောင်းနွမ်း

ပျက်စီးနေသည်များကို ပြန်လည် ပြုပြင်မွမ်းမံခြင်း၊ အသစ်တဖန် ဆောက်လုပ်လှူဒါန်းကြခြင်းကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် သာယာဝပြော စည်ပင်ထွန်းကား လျက်ပင် ရှိပါသည်။

# အခန်း (၁၁)

## ဗုဒ္ဓယဉ်ကျေးမှုများ

### အနန္တငါးပါးကျေးဇူး

ဘုရား, တရား, သံဃာ, မိဘနှင့် ဆရာသမားများကို ပေးဆပ်၍ မကုန်အောင် ကျေးဇူးကြီးမားများလှသောကြောင့် အနန္တငါးပါး ဟုခေါ်သည်။

### ရတနာသုံးပါး

ဘုရား တရား သံဃာ ရတနာသုံးပါး၏ ကျေးဇူးကား အကြီးမားဆုံးဖြစ်၏၊ သံသရာတလျှောက်လုံး ဘေးရန်ကင်းကွာ၍ ကြီးပွားချမ်းသာစေနိုင်၏။ သို့ဖြစ်၍ ရတနာမြတ်သုံးပါးတို့၏ အနန္တကျေးဇူးဂုဏ်ကို အာရုံပြုလျက် ရှိခိုးကန်တော့ရသည်၊ ဆင်ခြင်အောက်မေ့ကာ ပွားများရသည်၊ မည်သည့်အခါမျှ ကာယကံ, ဝစီကံ, မနောကံ အားဖြင့် မပြစ်မှားရပါ။

## ကျေးဇူးကြီးလှ မိနှင့်ဖ

- မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။
- လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ။
- ဗြဟ္မာနှင့်တူသော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်း ဟူသော ဗြဟ္မဝိဟာရ တရားလေးပါးနှင့် အမြဲနေထိုင်တတ်ကြသော မိဘများအား ရိုသေကိုင်းရှိုင်းရသည်။
- ခပ်သိမ်းသော သတ္တဝါတို့အပေါ် မေတ္တာထားရန် ဟောကြားသော တရားတော်တွင် မိမိ၏ရင်၌ဖြစ်သော တစ်ဦးတည်းသော သားအပေါ်၌ အစဉ်တစိုက် စောင့်ရှောက်ထားရှိအပ်သော မိခင်၏ မေတ္တာကဲ့သို့ ထားရှိရန် ဥပမာပေးတော်မူခဲ့သည်။
- မိဘအား ပြုစုလုပ်ကျွေးလျှင် အမြတ်ဆုံး မင်္ဂလာတစ်ပါးဖြစ်သည်။
- သားသမီးတို့သည် ကျေးဇူးရှင် မိဘနှစ်ပါးအား အနှစ်တစ်ရာတိုင်တိုင် ပခုံးထမ်း၍ မငြီးမငြူ ပြုစုလုပ်ကျွေးသော်လည်း ကျေးဇူးဆပ်၍ မကုန်နိုင် မကျေနိုင်ချေသော ဟု ဟောတော်မူသည်။

- ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားသမီးတို့တာ။
- သားသမီးများကိုယ်တိုင်က သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် သီလရှင်အဖြစ် တရားအားထုတ်ကာ မိဘများအပေါ် မေတ္တာပွားများခြင်းသည် တရားသဖြင့် အကောင်းဆုံး ကျေးဇူးဆပ်ခြင်းဖြစ်သည်။
- အနန္တကျေးဇူးရှင် မိဘများအား ကိုယ်,နှုတ်, နှလုံးအားဖြင့် မပြစ်မှားခြင်းသည် ဗုဒ္ဓယဉ်ကျေးမှုပင် ဖြစ်သည်။

## ဆရာသမားများ

- အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။
- ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်တွေးအံ့ရွှတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။
- ဆရာမပြ၊ နည်းမကျ၊ ဆရာလွဲက၊ ငရဲကျ၏။
- တပည့်၏အပြစ်များကို ထောက်ပြ ထုတ်ဖော် ပြောဆို၍ နှိပ်ချဆုံးမတတ်သော ဆရာကို ရွှေအိုးကြီး

တူးဖော် ပေးသူကဲ့သို့ ဆည်းကပ်ရမည်၊ ကျေးဇူးတင်
ဝမ်းမြောက်ရမည်ဟု ဟောကြားသည်။

- အတတ်ပညာ သင်ကြားပေးသော ဆရာများအား ကိုယ်, နှုတ်, နှလုံးအားဖြင့် မပြစ်မှားထိုက်ချေ၊ ဤကား ဗုဒ္ဓယဉ်ကျေးမှုပင် ဖြစ်သည်။

## ဆုံးမစာ ကောက်နှုတ်ချက်များ

### ရှင်မဟာရဋ္ဌသာရ ဆုံးမစာများ

၁။ အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကား နှုတ်သက်၊ ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီး အစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့ မှတ်ပါလေ။

၂။ သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍။ ရန်းကြလေ။

၃။ တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါး ရအောင်၊ သတိ ဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

၄။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

၅။ သေနင့်အရက်၊ စီးပွါးပျက်ကို၊ တစ်စက်ကယ်မှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟော သည့် အဆိပ်ရေ။

၆။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

၇။ နောင်သံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူဆိုက၊ မဆုတ်ကြနှင့်၊ ရဲလှပါစေ၊ တံစက် အောက်တွင်၊ ခံသောက်အိုးတန်၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ ထုံးဟောင်းစာကို ထောက် ပါလေ။

၈။ သူ၏စီးပွါး၊ ငါ့စီးပွါးကို၊ ထောက်ထားမိစေ၊ ကြီးလောဘကို မှျတစေ။

၉။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသော နှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။

၁၀။ မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍ မပြတ်၊ အိမ်တွင်ဖတ်။

၁၁။ ဖတ်ပြန်သော်ကား၊ ဖတ်ပြန်များက၊ သားမယားပင်၊ သိမြင် ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။

၁၂။ အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို၊ ပြန့်ပွား လေအောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ် ဝါးသို့၊ ယောကျ်ား ပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

## ရှင်မဟာသီလဝံသ ဆုံးမစာများ

၁။ ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်ထိုး၍ မသွားနှင့်။

၂။ မိဦးဖဦး၊ ဆရာဦးကို၊ ခူး၍ အလျင် မစားနှင့်။

၃။ မိဘဆရာ၊ ထားသည့် ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ။

၄။ အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖည်မသွေ၊ နှိမ့်ချလေ။

၅။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သင်သာခိုက်ကို၊ သင်လိုက်ကြ။

၆။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့် ဉာဏ်ပညာ။

၇။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့် များဂုဏ်အင်။

## ညောင်ပင်သာ ဦးပုည ဆုံးမစာများ

၁။ သူတပါးကို၊ ကဲ့ရဲ့လို၊ ကိုယ့်မှာရန်သူ ပေါတတ်သည်။

၂။ မော်မော်ကြွားကြွား၊ လူရမ်းကား၊ အများမချစ်မုန်းတတ်သည်။

၃။ တောင်းတတ်သောသူ၊ တောင်းမှုမပေး၊ သည်နှစ်ရေး၊ မပေးစိတ်က မုန်းတတ်သည်။

၄။ ဆိုခွင့်ပြုခွင့်၊ သင့်မသင့်၊ နှိုင်းချင့်အခါ လင့်ရမည်။

၅။ အကျယ်အကျယ်၊ မငြိမ်းဖွယ်၊ မာန်စွယ် ချိုး၍ ကျဉ်းတတ်စေ။

၆။ တံတားအို မှောင်ခိုမလျှောက်နှင့်၊
စကားဆို တောင်လိုမမောက်နှင့်
တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်။
စကားဆို တောင်လိုမောက်က ငြိုးတတ်သည်။

## ဖိုးသူတော် ဦးနုစကားပုံ ဆုံးမစာများ

၁။ သေရည်ကိုလည်း မသောက်နှင့်
ရေကြည်ကိုလည်း မနှောက်နှင့်၊
သေရည်ကို သောက်က အပါယ်ဘုံသို့ ကျတတ်သည်။
ရေကြည်ကို နှောက်က အနည်မှုန်တို့ ထတတ်သည်။

၂။ ထင်တိုင်းလည်း နှိပ်၍ မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်၊
ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွါးတတ်သည်။
ဝင်တိုင်းသိပ်၍ မျိုက အန္တရာယ်များတတ်သည်။

၃။ အဟုတ်အမှန်လည်းသိမှ၊ အလုပ်အကြံလည်းရှိမှ၊
အဟုတ်အမှန်သိမှ သံသရာဘေးပ၍ အနေကြွယ်ဝမည်။
အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

## မြန်မာ့ရှေးအစဉ်အလာ ဆုံးမစာ

၁။ ကိုယ့်ကာယကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊
၂။ ကိုယ့်ဝစီကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊
၃။ ကိုယ့်မနောကံ၊ ကိုယ့်ဆီပြန်၊ အမှန်ကြုံရမြဲ၊

## ဆားတုံဆရာတော်၏ ပုဗ္ဗောဝါဒ ဆုံးမစာ

မောင်ငယ်ရင်သွေး၊ နာဘိသေးလော့ –

"ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍ တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊

မိဘစုတေ့၊ ခန္ဓာရွှေ့သော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါပြား၊ သူဌေးသား သည်၊ သိုထားမတတ်၊ အရပ်ရပ်၌၊ နံ့အပ်ဥစ္စာ၊ ရှိသည့်ငွာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ ပြေးရှောင်း၊ အိမ်ကိုရောင်း၍၊ ထောင်းထောင်း ကြေလျက်၊ ခွက်လက်စွဲကာ၊ တောင်းစားပါလည်း၊ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေသည် ကောင်သေ လင်းတ ကျ၏တည်း။

## အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာ

- သူတည်း တစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာ တည်း။
- ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံ ရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။
- ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖေါက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

– ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ခန္ဓာတည်း။

**စာတော်ပြင်ဆရာကြီး ဦးပညာ၏ သားရွှေဥ ဆုံးမစာများ**

၁။ နှုတ်လျှင်ချိုပြား၊ သျှိုတစ်ပါး ဟု၊ စကားလူတွင်၊ ပြံ့ပြံ့ ထင်၏။

၂။ တင့်တယ်ဆင်းဝါ၊ လှတုံပါလည်း၊ ပညာမဲ့မူ၊ လောကီလူဝယ်၊ နည်းတူပုံဆောင်၊ ရန့်ရှောင်သား၊ အရောင်ရှိဆန်း၊ ပေါက်ပွင့်ပန်းနှင့်၊ သဖန်းသီးမှည့်၊ ဆိုနိုင်း ရှည့်လော့၊ ကိုယ်၏ရုပ်ဝါ၊ မလှပါလည်း၊ လိမ္မာသိကြား၊ ရှိတုံငြားက၊ ချယားပွင့်သေး၊ ကြိုင်ကြိုင်မွှေးနှင့်၊ နက်လေးရသာ၊ ဂုဏ်ဩဇာကြောင့်၊ စားဖွယ်မငြီး၊ ပိန္နဲသီးသို့၊ မြှောက်ချီးအားရ၊ နှစ်လို ကြ၏။

၃။ ဆွေမြတ်မျိုးကြီး၊ သမီးဖြစ်လျက်၊ ရောက်ယက်ယက်လျှင်၊ ကြောက်ရက်သရေ၊ မစောင့်ချေမူ၊ အလေအဖျင်း၊ ရိုင်းစုသွင်း၍၊ စာရင်းဦးချ၊ ကဲ့ရဲ့ကြလိမ့်။

၄။ ငါ့သားရွှေဥ၊ မျက်ရှုကြေးမုံ၊ သက်လုံးပုံကို၊ တူစုံမိဘ၊ ဝိသေသဖြင့်၊ ဆုံးမဆိုမည်၊ မောင်နားလည်လော့။

ချစ်ကြည်သောအား၊ ရင်ခွင်ထား၍၊ ကစားလိုရာ၊ ပျော်ပါးစွာလျှင်၊ အိမ်မှာသို့ပင်၊ နေစေချင်လည်း၊ မယ့်ရွှေရင်နှစ်၊ ယောကျ်ားဖြစ်လျက်၊ စင်စစ် စွဲမှတ်၊ အတတ်ပညာ၊ မရှိပါက၊ ရပ်မှာမတော်၊ ဂုဏ်ညှိုး လျော်သား၊ လေ့လော့ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်း ဆောင်ရွက်၊ အသက် မွေးတတ်၊ ရှိတို့ တတ်၏၊ စွဲမှတ်ပညာ၊ ဝိဇ္ဇာ သိပ္ပ၊ တတ်စွမ်းကမူ၊ ဓနဥစ္စာ၊ ရတနာကို၊ ရှာလည်း ရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ် လျောက်ပတ်၊ သက်မွေးမြတ်၏။ မှတ်လော့စေ့စေ့၊ သို့ဖြစ်၍လျှင်၊ လောက်လွေ့ ပညာ၊ တတ်လိမ္မာအောင်၊ ဆရာ ကောင်းထံ၊ နည်းနာခံ၍၊ သင်အံလေ့လာ၊ ကြိုးစား ရာသည်၊ ရတနာမျက်ရှု သားရွှေဥ။

## န်တော်မင်းကျောင်းဆရာတော် ဆုံးမစာများ

၁။ သူမကောင်းကိုခွါ၊ သူကောင်းကိုရှာ၊ သူတော် ဆုံးမနာ၊ သူ့နည်းမကျင့်ရာ၊ သူ့ထက်စောင့်စည်းပါ၊ သူကောင်းဖြစ်စိမ့်ငှါ၊ သူချစ်ရှစ်ချပ်ကြာ။

၂။ မပေးဘဲကို မလိုလင့်၊ မမေးဘဲကို မဆိုလင့်၊ မခေါ် ဘဲကို မသွားလင့်၊ မမြိန်ဘဲကို မစားလင့်၊ မမှည့်ဘဲကို မဆွတ်လင့်၊ တိတ်တိတ်နေသော်

ထောင်တန်၏၊ လူလိုက နတ်လိုကာ၊ လူကြိုက်က နတ်ကြိုက်ကာ၊ မပေါ့မလေး၊ မနှေးမလျင်၊ ရွှေချိန်ခွင်သို့၊ မတင်မလျော့၊ လေ့ဖေါင်ဖေါ့သို့၊ မလျော့ပညာ၊ တံငါလုလင်၊ မျှားကြိုးငင်သို့၊ ပညာရှိမှ ခွင့်သိသည်၊ လိမ္မာမှ စကားတတ်သည်၊ သူ့ကျေးဇူးကို သိမှ စည်းစိမ်တည်သည်၊ လာမည့်ဘေးကို အဝေးက မြင်မှ အသက်ရှည်ရာသည်။

၃။ ဥစ္စာကို လိုသော်၊ အမှီကောင်းကိုရှာ၊ ကိုယ်အနာလည်း ကင်းလှစေ၊ မပျင်းဝီရိယ၊ အားထုတ်ကြ၊ မာနဟူသည် မှန်ကင်း ထွတ်ကိုချ၊ ပုညရေးလည်း ကူမစေ၊ သုံးထွေစရိုက်မျှ၊ ယစ်သမျှ ဆင်ခြင်လေ၊ သဘင်ကြည့်ရှု နည်းလှစေ၊ လောင်းထွေကစားမှု ပျော်မှုဆင်ခြင်လေ။ ။

## မဟာစည်ဆရာတော် ဆုံးမစာ

မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာကြရမည်။

## တောင်ဖီလာဆရာတော်၏ ဆုံးမစာများ

၁။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါး ငဲ့ကွက်၊ လက်ဆောင် ဖျက်သည်။

၂။ သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိလည်း၊ ကြီးဘိအမျက်၊ ဒေါသ ဖျက်သည်။

၃။ မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။

၄။ သူကောင်းဖြစ်ငြား၊ မူထားကောင်းလျက်၊ အပေါင်းဖျက်သည်။

**မဃဒေဝလင်္ကာ ဆုံးမစာများ**

၁။ သူ့ကို ချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏။
သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။

၂။ ကာလ ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမရှိ၊ မသိတတ်သူ၊
လူမိုက်ဟူ၏၊ သိမှု ပဏ္ဍိ၊ ပညာရှိ။

၃။ ကံမွဲ ဉာဏ်နုံ့၊ မလုံ့မလ၊ နတ် မ, မဘူး။
အန္ဓဗာလ၊ လူထိုမျှတို့၊ ကံ ဝီရိယ၊ မယုံကြ။

၄။ ပယောဂစက်၊ ပျက်သည့်သူအား၊ လူကိုထား၍၊
ဘုရားသော်မှ၊ ကယ်မရ။

၅။ ပေးကမ်းလှူဟူ၊ မရှိသူတို့၊ နတ်, လူ, နိဗ္ဗာန်၊
ချမ်းသာမွန်ကို၊ ကေန်ဘယ်ခါ၊ မရရာ။

၆။ မပေးမလှူ၊ မုန်းဆေးဟူ၏။ ပေးလှူတတ်သော်၊
ချစ်ဆေးကျော်တည်း။

၇။ တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တစ်သောင်း၊
ချီးမွမ်းရှောင်းလည်း၊ သူကောင်း တစ်ယောက်၊
ပြစ်တင် ကြောက်လော့။

၈။ ဆရာမိဘ၊ ဆုံးမစကား၊ မလိုက်ငြားလည်း၊ ပျက်ပြားဆင်းရဲ၊ ဖြစ်မြဲကေန်။

၉။ လောကီ ဓမ္မတာ၊ လူတို့မှာကား၊ စဉ်လာတရား၊ ဖျက်မမှားလင့်။

၁၀။ လောဘအလို၊ လိုက်မပို့နှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး။

**ဒီဃာဝု ဆုံးမစာ**

- အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊
- ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းနိုင်ကုန်။
- ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏။

၁။ ရန်စကို မရှည်စေလင့်၊
၂။ မိတ်စကို မတိုစေလင့်၊
၃။ ရန်မလိုမှ ရန်ပြိုသည်။
၄။ ရန်လိုလျှင် ရန်ပိုတတ်သည်။

**ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆုံးမစာများ**

၁။ ရေကန်၌ မှော်ကို ဖယ်၍ သောက်ရေခတ်ရသည်။
၂။ မသူတော်၌ အပြစ်ဖယ်၍ ဂုဏ်ကောင်းရှာရသည်။

၃။ တုံးတံတားလျှောက်စဉ် အရပ်တပါး မကြည့်နှင့် ချောက်သို့ကျလိမ့်မည်။

၄။ သံသရာတံတားလျှောက်စဉ် သူတစ်ပါး အပြစ် မကြည့်နှင့် သံသရာချောက်သို့ ကျလိမ့်မည်။

၅။ ရိုသေစွာခစားလျှင် မင်းခစားပင် မင်းကို နိုင်သည်။

၆။ ကျင့်ဝတ်မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။

၇။ မြင်းနိုင်လိုဇက်ဆွဲ၊ လှေနိုင်လို တက်စွဲ၊ ဆရာနိုင်လို ကျင့်ဝတ် ရိုသေမြဲ၊

၈။ ပန်းပဲဆရာ အထုမခံရသောသံတုံး လက်နက် မဖြစ်။

၉။ ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး အရုပ်မဖြစ်။

၁၀။ ဆရာကောင်း အဆုံးအမ မခံရသော တပည့် သူကောင်း မဖြစ်။

၁၁။ သစ်ပင်ကြီးသည် ခုတ်လှဲသူကို မလဲမချင်း အရိပ်ဖြင့် အေးစေ၏။

၁၂။ နံ့သာတုံးသည် မီးရှို့သူကို မကျွမ်းမချင်း အနံ့ဖြင့် မွှေးစေ၏။

၁၃။ သူတော်ကောင်းသည် ညှဉ်းဆဲသူကိုသော်လည်း မသေမချင်း အကျိုးဆောင်၏။

၁၄။ တုတ် ဓားကိုင်လျှင် ခွေးဟောင်သည်၊ အစာကျွေးလျှင် အမြီးနှံ့သည်၊ ထို့ကြောင့် တုတ်ဓား အားမကိုးကြနှင့်။

၁၅။ တရားဟောတတ်လျက် အကျင့်တန်လျှင် မျောက်အုန်းသီး ရသည်နှင့် တူ၏။

၁၆။ ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမတည်သောကန်နှင့် တူ၏။

၁၇။ ပညာရှိလျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့်တူ၏။

၁၈။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့် တူ၏။

၁၉။ မသူတော်ကား လာဘ်ရဖို့ ကြံသည်။ သူတော်ကောင်းကား တရားရဖို့ကြံသည်။

၂၀။ ပညာမှီ၍ မာန်တက်လျှင် ထိုပညာသည် ရှုံ့ဖွယ်တည်း။

၂၁။ စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာငရဲ ရိက္ခာတည်း။

၂၂။ သရက်ပင်ငယ်၊ အသီးကြွယ်လျှင် ကျိုးပဲ့တတ်သည်၊ ကြိုးဆွဲ၍ ဝထောက်ရမည်။

၂၃။ ရဟန်းငယ်ငယ်၊ ဂုဏ်ထူးကြွယ်လျှင် ကျိုးပဲ့တတ်သည်၊ သီလကြိုးဆွဲ၍ သမာဓိဝ ထောက်ရမည်။

## လုံးတော်ဆရာတော်ကြီး၏ ဆုံးမစာများ

၁။ ကုသိုလ် ဥစ္စာ၊ ပညာသုံးခု၊ တစ်နေ့မှုမှာ၊ တစ်ခုခုကို ရအောင်ကြံ။

၂။ ကံကို ချည်းလည်း မယုံးနှင့်၊

၃။ ဉာဏ်ကို ချည်းလည်း မကိုးနှင့်။

၄။ လိမ္မာတုကို ခိုး၊ ကိုယ်ကျိုးကို ရှိအောင်ကြံ။

၅။ လောဘ ခက်ထန်လျှင် စားသုံးရ၏။

၆။ ဒေါသခက်ထန်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာရှုံး၍ စုံးစုံးနစ်တတ်၏။

၇။ အကြံပင်ကောင်းသော်လည်း နှောင်းလျှင် အကျိုးမရှိ။

၈။ များစွာသော ဆွေမျိုးတို့၏ အကျိုးကို မြော်ထောက်၍ တစ်ယောက်ကို စွန့်ရာသည်။

၉။ တစ်ရွာလုံး အကျိုးကြောင့်လည်း အမျိုးကို စွန့်ရာသည်။

၁၀။ ပြည်သူတို့အကျိုးငှာ ရွာကိုပင် စွန့်ရာသည်။

## ကျည်းကန်ရှင်ကြီး၏ ဆုံးမစာများ

၁။ ကံကြမ္မာ မြှောက်စားမှ စီးပွားဖြစ်သည်။

၂။ အတတ်မျိုးစုံမှ ကံပေးသည်။

၃။ ပညာရှာ မာန်သာနှိမ့်ချထား။

၄။ သီလရှာ ကိုယ်သာလွန်ကြိုးစား။

၅။ သုတရှာ ပမာ သူဖုန်းစား။

၆။ ဉာဏ်ရှိမှ ဟုတ်ရာ မြင်သည်။

၇။ ကံရှိမှ ဥစ္စာတင်သည်။

၈။ တရားကျမ်းလာ တတ်ပါသော်လည်း အသာအယာ ပြောဆိုတတ်မှ ပညာရှိလက္ခဏာ ရောက်မည်။

၉။ ပညာရှိသော်လည်း ဂတိလေးပါးသို့ မကပ်ဘဲ ဓမ္မသတ်နှင့် တည့်မတ်အောင် ဆုံးဖြတ်မှ လူနတ် သာဓုခေါ်မည်။

၁၀။ တည်ကြည်ဖြောင့်မတ်မှ မကောင်းမှုကင်းမည်။

## ပေါက္ကံ့မောင်ချိုစကားပုံ ဆုံးမစာများ

၁။ အသုံးကြီးသော် မပြီးစီး၊
စကားလုံးကြီးသော် အချည်းနှီး။

၂။ ငါးတစ်ကောင်ပုပ်သော် တစ်လှေလုံး ပုပ်သည်။

၃။ တစ်ယောက်မကောင်းသော် အားလုံးပျက်စီးသည်။

၄။ တစ်ယောက်ကောင်းသော် အပေါင်းချမ်းသာသည်။

၅။ တရားသိသော် အမှားကို မြင်နိုင်သည်။

၆။ ဥစ္စာရတနာ ကုံလုံကြွယ်ဝပြည့်စုံသည် မှန်စေ လှူဒါန်းပေးကမ်း စွန့်ကြဲခဲ့သည်။

၇။ ဒါန သီလ အကျိုးအပြစ်ကို အသိအမြင် အသင်အကြား ရှိသည်မှန်စေ ကျင့်ဆောင်နိုင်ခဲ့သည်။

၈။ ပညာကိုလိုသော် မပျင်းနှင့်။

၉။ ဥစ္စာကိုလိုသော် မငြင်းနှင့်။

၁၀။ အရပ်ကို ချစ်စေလိုသော် ပေးကမ်း။

-----

ကောက်နုတ်ချက်များကို
ကျက်မှတ်ကျင့်သုံး လိုက်နာကြခြင်းသည်
ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှုများပင်
ဖြစ်ကြသည်။

✳✳✳✳✳

ပ.မ.သ.စ - ၆၁/၂၁-၃.၆၇ - (၁၀၀၀၀) လစ်ဆို။